ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလ ရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွနေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၇၈ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် ကြာသပတေးနေ့။ Thursday, 16 March 2017 (၈၈၆၇)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်တို့ ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် စင်ကာပူဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကမ္ဘာလှည့်ခရီးသွားလာရေးလုပ်ငန်းမှတစ်ဆင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်ငန်းသုံး လျှပ်စစ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့၏ ပထမတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မြန်မာ့ပညာရေးအတွက် ဩစတြေးလျဒေါ်လာ ၇၁ သန်းကျော် ထောက်ပံ့ရန်ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ် Hon Concetta Fierravanti-Wells အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပိုမိုပူးပေါင်းဆောင်ရွက်ရေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှု နှင့် စီမံခန့်ခွဲရေးတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍအတွက် ဩစတြေးလျ ဒေါ်လာ ၇၁ ဒသမ ၅ သန်း ထောက်ပံ့ပေးမည့်ကိစ္စ၊ အာဆီယံ-ဩစတြေးလျ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ် Hon Concetta Fierravanti-Wells အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇာတ်

# မြေမှုံ

## သဘာဝဘေးကို ကြိုတင်ကာကွယ်

မြန်မာနိုင်ငံသည် သဘာဝဘေးဒဏ် မကြာခဏကြုံတွေ့ရသော နိုင်ငံများတွင် အပါအဝင်ဖြစ်သည်။ အများအားဖြင့် ရေဘေး၊ လေဘေး၊ မီးဘေးတို့ကို ကြုံတွေ့ရလေ့ရှိသော်လည်း ငလျင်ဘေးကိုမူ နှစ်ကာလများစွာကြာမြင့်ပြီးမှ တစ်ခါတစ်ရံ ကြုံတွေ့တတ်သည်။ ယခုနောက်ပိုင်းကာလများတွင် ကြုံတွေ့ရမှုများကို ကြည့်မည်ဆိုပါကလည်း အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် အပျက်အစီး၊ အသေအပျောက် ကြီးကြီးမားမားမရှိသေးဟု ဆိုရမည်ဖြစ်သည်။

မကြာသေးမီက ပုဂံငလျင်လှုပ်ခတ်ခဲ့ရာ ခိုင်ခံ့မှုအားနည်းသော စေတီပုထိုးများ ပျက်စီးမှုဖြစ်ပွားခဲ့သည်။ ယခုတစ်ဖန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့၏ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခု၊ မြို့၏အရှေ့တောင်ဘက် ခုနစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ မြေငလျင်တစ်ခုနှင့် နောက်ဆက်တွဲ ငလျင်ငယ်အချို့လှုပ်ရှားသွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှု၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုရှိခဲ့သဖြင့် ငလျင်အန္တရာယ်ကို အမှုမဲ့ အမှတ်မဲ့ရှိနေကြသော ပြည်သူများအား သတိပေးခေါင်းလောင်းထိုးလိုက်သကဲ့သို့ဖြစ်ခဲ့ရသည်။

ငလျင်ဆိုသည်မှာ မည်သည့်အချိန်၊ မည်သည့်ကာလတွင်လှုပ်မည်ကို မည်သူမျှ မသိရှိနိုင်ဘဲ လှုပ်ရှားမှသာ အန္တရာယ်ရှိမှုအတိမ်အနက်ကို သိရှိခံစားနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် ငလျင်လှုပ်မှုများ မကြာခဏမြင်တွေ့နေရသော်လည်း ယခုလှုပ်ခတ်သော တိုက်ကြီးငလျင်သည် ရန်ကုန်မြို့နှင့်အလွန်နီးကပ်သဖြင့် တိုက်တာအဆောက်အအုံများပေါများသော ပတ်ဝန်းကျင်တွင် နေထိုင်သူများအဖို့ ကြိုတင်သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

သတိဆိုသည်မှာ ပိုသည်မရှိဘဲ အန္တရာယ်ကျရောက်နိုင်မှု နည်းနိုင်သမျှ နည်းပါးစေရန်အတွက် သတိမူမိစေရန်ဖြစ်ပြီး အစိုးရိမ်လွန်ကာ ကြောက်ရွံ့ထိတ်လန့်မှုများ လိုသည်ထက်ပိုဖြစ်ရန်လိုမည်မဟုတ်ချေ။ မိမိနေထိုင်ရာနေရာ၏ လုံခြုံစိတ်ချမှုအဆင့်အတန်းကို မှန်မှန်ကန်ကန်သိရှိထားရန်လိုအပ်ပြီး ခိုင်ခံ့မှုမရှိသော အဆောက်အအုံဖြစ်မည်ဆိုပါက ကြံ့ခိုင်မှုရှိအောင် ပြန်လည်ပြုပြင်တည်ဆောက်ထားရန် လိုအပ်မည်ဖြစ်သည်။ ငလျင်လှုပ်သောကြောင့် သေဆုံးဒဏ်ရာရခြင်းဖြစ်သည်မဟုတ်ဘဲ အဆောက်အအုံ မခိုင်ခံ့သောကြောင့်သာ ထိခိုက်မှုဖြစ်သည်ကို သိရှိနားလည်ထားကြရမည်ဖြစ်သည်။

လူအများကပ်ဘေးဆိုက်နိုင်သည့် အနေအထားမဟုတ်သော်လည်း ငလျင်လှုပ်နိုင်ခြေရှိသည့် စစ်ကိုင်းပြတ်ရွေ့ကြောကြီးပေါ်တွင် ရောက်ရှိနေသော မြို့ရွာများအဖို့ မိမိတို့၏အဆောက်အအုံများ ကြံ့ခိုင်မှုရှိစေရေးကို သတိပြုဆောင်ရွက်ထားသင့်သည်။ ယခုငလျင်လှုပ်ခတ်မှုသည် စစ်ကိုင်းပြတ်ရွေ့ကြောမဟုတ်သော်လည်း ပြတ်ရွေ့ကြောနှင့်နီးကပ်သဖြင့် ၎င်းမြေထုချပ်၏ တွန်းကန်မှုကြောင့်လည်း ဖြစ်နိုင်ပေသည်။

မြန်မာနိုင်ငံရှိ စစ်ကိုင်းပြတ်ရွေ့ကြောပေါ်မှ မြို့ကြီးများမှာ မြစ်ကြီးနားမှအစပြု၍ ရန်ကုန်နှင့်သုံးခွတွင် အဆုံးသတ်သည်။ ပြတ်ရွေ့ကြောပေါ်ရှိ မြို့များတွင် ဝန်းသို၊ တကောင်း၊ စစ်ကိုင်း၊ စဉ့်ကူး၊ မန္တလေး၊ နေပြည်တော်၊ ဝမ်းတွင်း၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူးနှင့် ပဲခူးမြို့များ ပါဝင်သည်။ မြန်မာနိုင်ငံတွင် ၁၈၃၉ ခုနှစ်မှ ယနေ့အချိန်အထိ နှစ်အလိုက် ငလျင်ကြီး၊ ငယ်များ လှုပ်ရှားခဲ့သောမှတ်တမ်းရှိသည်။ လှုပ်ရှားမှုအချိန်ဝေးကွာပါက လှုပ်ရှားမှုအင်အားပြင်းထန်နိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ငလျင်လှုပ်ခြင်းကို ကြောက်ရွံ့စရာမလိုသော်လည်း အခြားသဘာဝဘေးများကဲ့သို့ မည်သည့်အချိန်တွင်ဖြစ်ပွားမည်ကို မသိရှိနိုင်သောကြောင့် ကြိုတင်ပြင်ဆင် သတိပြုထားရန်လိုအပ်မည်ဖြစ်သည်။ ငလျင်လမ်းကြောင်းပေါ်မှ မြို့၊ ရွာများအဖို့ မိမိတို့ဒေသတွင် ငလျင်လှုပ်ခဲ့မှုကြာမြင့်ချိန်ကို သိရှိထားရန်လိုအပ်သည်။ ငလျင်လှုပ်ရှားမှုအချိန်ကာလ ဝေးကွာလေ ပြင်းအား များလေကို သတိမူဖို့လိုမည်။ ဥပမာ နှစ်ပေါင်း ၈၀ နှင့်အထက် ငလျင်မလှုပ်ခဲ့သေးဟုဆိုပါက အထူးသတိပြုနေထိုင်ကြရန် လိုအပ်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကြိုတင်ပြင်ဆင်ထားခြင်းသည်သာ အကောင်းဆုံးဖြစ်၍ ငလျင်လှုပ်လျှင်သော်လည်းကောင်း၊ ငလျင်လှုပ်ပြီးလျှင်သော်လည်းကောင်း ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဘေးအန္တရာယ်များအား သတိပြုထားပြီး လူဦးရေထူထပ်သောဒေသများမှ အဆောက်အအုံများ ကြံ့ခိုင်ရေးကို အထူးဦးစားပေးပြင်ဆင်ထားရမည်ဖြစ်သည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာ ခံယူလုပ်ဆောင်ရေး။

☆ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## လူထုဗဟိုပြုစီမံကိန်း သတင်းပြန်ကြားဆက်သွယ်ရေး ပြခန်းကျင်းပ

**ဘီးလင်း မတ် ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ဆောင်ရွက်သော ဘီးလင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း သတင်းပြန်ကြားဆက်သွယ်ရေးပြခန်းအခမ်းအနားကို မတ် ၁၁ ရက်က ပအိုဝ်းအမျိုးသားပွဲတော်ကျင်းပရာ ညောင်ပလ္လင်ကျေးရွာဘောလုံးကွင်း၌ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်နည်းပညာအကြံပေးအဖွဲ့မှ သတင်းပြန်ကြားဆက်သွယ်ရေးတာဝန်ခံက ပြခန်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားကို မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုဂ္ဂလိကဆေးရုံများသာမက ပြည်သူ့ဆေးရုံများပါအကျိုးရှိစေမည့် ဆေးရုံစီမံခန့်ခွဲမှုသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် ပြုလုပ်သည့် ဆေးရုံစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ပြုလုပ်သည့် သင်တန်းသည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးပါသောသင်တန်းဖြစ်ပါကြောင်း၊ အစိုးရ-ပုဂ္ဂလိကကဏ္ဍများမှ သင်တန်းသားများ အတူတကွသင်ကြားခြင်းအားဖြင့် အတွေ့အကြုံ၊ အတွေးအမြင်များ ဖလှယ်နိုင်မည်ဖြစ်ပြီး ပုဂ္ဂလိကဆေးရုံများအတွက်သာမက ပြည်သူ့ဆေးရုံများအတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ဆေးရုံအုပ်ချုပ်မှုသင်တန်း(၁/၂၀၁၇)သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ခြောက်လတာစီမံချက်ထဲမှ အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်သည့်အတွက် သင်တန်းဆရာများအနေဖြင့် အလေးထားသင်ကြားပေးစေချင်သလို သင်တန်းသားများကလည်း တန်ဖိုးထားမှတ်သားသင်ယူစေချင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

မိမိတို့လုပ်ငန်းခွင်တွင် မလွဲမသွေရင်ဆိုင်ကြုံတွေ့ရမည့် လုပ်ငန်းများနှင့်ဆက်စပ်နေသော ဆေးရုံစီမံခန့်ခွဲမှုလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများ၊ မှုခင်းဆိုင်ရာကိစ္စများ၊ ကျန်းမာရေးဘောဂဗေဒပညာရပ်များစသည့်လုပ်ငန်းများအတွက် အပြန်အလှန်ဆွေးနွေးမှုပုံစံဖြင့် သင်ကြားရန်လိုကြောင်း။

လူတိုင်းကိုလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှု(Universal Health Coverage) ရရှိစေရေး၊ ပုဂ္ဂလိကစွမ်းအားအရင်းအမြစ်များကို ပြည်သူတို့၏ ကျန်းမာရေးမြင့်မားရေးအတွက် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ ပြည်သူတို့က စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရေး၊ ကောင်းမွန်သော ယှဉ်ပြိုင်ထိန်းညှိမှုဖြစ်လာစေရေးနှင့် တာဝန်ခံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ မြင့်မားလာစေရေးတို့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းဖြင့် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများတက်ရောက်ကြပြီး သင်တန်းကို မတ် ၁၄ ရက်မှ ၂၂ ရက်အထိ ကိုးရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၅**

ရန်ကုန်(ရွှေဈေး) ၈၈၂၀၀၀ - ၈၈၂၀၀၀ မန္တလေး(ရွှေဈေး) ၈၈၂၀၀၀ - ၈၈၂၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၇၇၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၁၀/၇၃၅ ကျပ်၊ | ၈၀၀/၈၁၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၂၀/၇၄၅ ကျပ်၊ | ၇၇၀/၇၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၄. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၉၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၅၈၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၂၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၇၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၆. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၉. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၂. ၁၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

မြေမှုံ နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

မြေမှုံ The Mirror Established in 1957 ၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

### ❐ နိုင်ငံတော်သမ္မတမှ

မီတာသုံးစွဲရာတွင် သုံးစွဲသည့် ပမာဏအလိုက် မှန်ကန်မှုရှိရန် လိုအပ်သည်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အရေးပါသည့် အခန်းကဏ္ဍ၊ အခွန်အခတိမ်းရှောင်မှုများ (tax evasion) သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည့် အလားအလာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာရောဘတ်ချွာလည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ ထပ်မံသက်တမ်းတိုးလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်နှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွာတို့က နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့ ရှေ့မှောက်၌ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

**(သတင်းစဉ်)**

### ❂ မြန်မာ့ပညာရေးမှ

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဩစတြေးလျအထက်လွှတ်တော်အမတ်က ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ဆက်လက်ထောက်ခံအားပေးရပ်တည်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မြန်မာနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီး မစ္စတာ ရှိဝမ်ရှော့ဖယ်(လ်) ဒိုဂျီ အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ၎င်း၏နေအိမ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့်၊ လေကြောင်းဆက်သွယ်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ လိပ်မူထားသည့် ဘူတန်ဝန်ကြီးချုပ် မစ္စတာရှာရင်းတော့ဂေး၏ စာလွှာကို ဘူတန်သံအမတ်ကြီးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဩစတြေးလျနိုင်ငံ ရွေးကောက်ပွဲကျွမ်းကျင်သူများနှင့်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး၊ အထက်လွှတ်တော်အမတ် Hon.Concetta Fierravanti-Wells နှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Mr. Nicholas Coppel ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။



တွေ့ဆုံစဉ် ကော်မရှင်ဥက္ကဋ္ဌက ဩစတြေးလျနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲများကို ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး နိုင်ငံတကာရွေးကောက်ပွဲများ သွားရောက်လေ့လာခဲ့မှု၊ မဲစာရင်းမှန်ကန်ရေးဆောင်ရွက်ခဲ့မှု၊ Voter Training ၊ Civic Education နှင့် Voter Education ဆောင်ရွက်ရာ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဩစတြေးလျဝန်ကြီးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် ကူညီဆောင်ရွက်မည့်အစီအစဉ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဩစတြေးလျနိုင်ငံမှ ရွေးကောက်ပွဲဆိုင်ရာကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်နှင့် ကော်မရှင်ရုံးဝန်ထမ်းများကို သင်ကြားလေ့ကျင့်ပေးမည့် အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့အပြင် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီးက ဩစတြေးလျနိုင်ငံအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံမှ ပထမဆုံးရောက်ရှိလာသည့် ရေယာဉ်ဖြင့် စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်ခရီးစဉ်နှင့် မာန်အောင်ခရီးစဉ်များ ပြေးဆွဲမည်

**ရခိုင် မတ် ၁၅**

ရခိုင်ပြည်နယ်၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးခရီးစဉ်များတွင် အသုံးပြုရန် ဂျပန်နိုင်ငံက ပေးပို့သည့် ရေယာဉ်သုံးစင်းအနက် ပထမဆုံးရောက်ရှိလာသည့် ကစ္ဆပနဒီ (၁)ရေယာဉ်ဖြင့် စစ်တွေ၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ ၊ တောင်ကုတ်ခရီးစဉ်နှင့် မာန်အောင်ခရီးစဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။

“၁၉ ရက်နေ့လောက်ရေယာဉ်ဖွင့်ပွဲလုပ်မယ်။ ပြေးဆွဲမယ့်ရေယာဉ်လိုင်းက စစ်တွေကနေ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်ခရီးစဉ်၊အဲဒီကပြီးရင် မာန်အောင်ကို နေ့ချင်းပြန် ဆွဲပေးမယ်။ မာန်အောင်ကိုနေ့ချင်းပြန်ဆွဲပြီး သွားရင် တောင်ကုတ်ကနေ ရမ်းဗြဲ၊ ကျောက်ဖြူ၊ မြေပုံ၊ စစ်တွေ ပြေးဆွဲပေးသွားမယ်”ဟု ၎င်းကပြောသည်။

“မိုးမကုန်ခင် နောက်ထပ် ရေယာဉ်တစ်စင်းထပ်ရောက်လာမယ်။ နောက်တစ်စင်းကျတော့လည်း ပြေးဆွဲဖို့ ခရီးစဉ် ထပ်ဆွဲရမှာပါ၊ လက်ရှိအနေအထားမှာလည်း ပုဂ္ဂလိကရေယာဉ်တွေကတော့ ပြေးဆွဲပေးနေပါတယ်။ ဒီရေယာဉ်တွေဝင်လာတော့ နေ့စဉ်ရက်ဆက်ဆိုသလို ခရီးစဉ်ပေါ်လာပြီး ကုန်စည်စီးဆင်းမှုတွေ မြန်လာမယ်”ဟု လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ပြောသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လက်ရှိတွင် ရေယာဉ်နှစ်စင်းဖြင့် ရသေ့တောင်၊ ဘူးသီးတောင်ခရီးစဉ်နှင့် မြောက်ဦးခရီးစဉ်များကို ပြေးဆွဲပေးနေကြောင်း လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သိရသည်။

ရခိုင်ပြည်နယ်အစိုးရက ရေလမ်းခရီးဖြင့်သွားလာနေသည့် ပြည်သူများ အန္တရာယ်ကင်းစင်စေရန်အတွက် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဖွဲ့စည်းထားပြီး ပုဂ္ဂလိကရေယာဉ်များနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှရေယာဉ်များ ပြေးဆွဲရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များလိုက်နာမှုရှိ/မရှိ၊ ခရီးသည်များ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ထားခြင်းရှိ/မရှိတို့ကို စစ်ဆေးရေးအဖွဲ့များဖြင့် နေ့စဉ်ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးထံမှ သိရသည်။

**မင်းသစ်(သတင်းစဉ်)**

# မန္တလေးမြို့တော် မဟာသင်္ကြန်အထိမ်းအမှတ် လိုဂိုပြိုင်ပွဲကျင်းပမည်

**မန္တလေး မတ် ၁၅**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ အနုပညာကြေးအဖြစ် ငွေကျပ် ၁၀ သိန်းချီးမြှင့်မည့် မန္တလေးမြို့တော် မဟာသင်္ကြန်အထိမ်းအမှတ် လိုဂိုပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ မတ် ၂၄ ရက် နောက်ဆုံးထား ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

အဆိုပါ အထိမ်းအမှတ် လိုဂိုတွင် မန္တလေး သင်္ကြန်နှင့် ပျော်ရွှင်မှုကို ကိုယ်စားပြုသည့် သင်္ကေတများ စုပေါင်းပါဝင်ရမည်ဖြစ်ပြီး ယှဉ်ပြိုင်သူတစ်ဦးသို့မဟုတ် အဖွဲ့အစည်းတစ်ခုလျှင် လိုဂိုသုံးခုအထိ ထည့်သွင်းယှဉ်ပြိုင်နိုင်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

“ဒီနှစ်မှာ ကျွန်တော်တို့ မန္တလေးသင်္ကြန်ကို နိုင်ငံတကာက စိတ်ဝင်တစားပါဝင်ဆင်နွှဲနိုင်အောင် လုပ်ဆောင်မယ်လို့ ရည်ရွယ်ထားပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ မန္တလေးမြို့တော်၊ သင်္ကြန်၊ ပျော်ရွှင်မှု သင်္ကေတတွေ စုပေါင်းပါဝင်တဲ့ အထိမ်းအမှတ် လိုဂိုတစ်ခု လိုအပ်တယ်လို့ယူဆပြီး အခုလိုလိုဂိုပြိုင်ပွဲကျင်းပတာဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် မူပိုင်ရေးဆွဲထားသော လိုဂိုဖြစ်ရန်လိုအပ်ပြီး မန္တလေးမြို့တော် မဟာသင်္ကြန်ကျင်းပသည့်အဖွဲ့မှ လိုအပ်သည့်အခါတိုင်း မူပိုင်အဖြစ် အသုံးပြုမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုဂိုများအနက်မှ ဆန်ခါတင် ငါးခုကို ပဏ္ဍာမရွေးချယ်ကာ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် အသင့်တော်ဆုံးလိုဂိုတစ်ခုတည်းကိုသာ မတ်လအတွင်း ရွေးချယ်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆော်ဒီ ဒုတိယအိမ်ရှေ့မင်းသားနှင့် ထရန့်တို့ တွေ့ဆုံဆွေးနွေး



**ဝါရှင်တန် မတ် ၁၅**
အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်နှင့် ဆော်ဒီအာရေဗျ ဒုတိယအိမ်ရှေ့မင်းသား မိုဟာမက် ဘင် ဆယ်လ်မန်တို့ မတ် ၁၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အိမ်ဖြူတော်တွင် ပြုလုပ်သည့် အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသည် နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရန် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဆော်ဒီဘုရင် ဆယ်လ်မန်ဘင် အဗ္ဗဒူလာအဇစ်၏ သားတော် မင်းသား မိုဟာမက်သည် ဆော်ဒီအာရေဗျနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဖြစ်သကဲ့သို့ သံတမန်ရေးနှင့် စီးပွားရေးမူဝါဒများကို စီမံကွပ်ကဲရသူဖြစ်သည်။

ထရန့်နှင့် မိုဟာမက်တို့သည် အစ္စလာမ္မစ်စစ်သွေးကြွများကို အရှိန်မြှင့်တိုက်ခိုက်ရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် အထူးသဖြင့် ရေနံတင်ပို့မှုလျော့နည်းလာမှုကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် ထရန့်၏ ထိပ်တန်းအကြံပေးနှင့် သမက်ဖြစ်သူ ဂျရတ်ကူရှက်နာတို့လည်း တက်ရောက်ခဲ့ကြသည့်အတွက် ထရန့်အစိုးရအနေဖြင့် ယင်းတွေ့ဆုံဆွေးနွေးပွဲကို မည်မျှအလေးထားကြောင်း ဖော်ပြနေသည်။

ယခင်သမ္မတ အိုဘားမားအစိုးရလက်ထက်တွင် အီရန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်ရရှိသွားပြီးနောက်ပိုင်း အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ မပြေမလည်ဖြစ်နေခဲ့သည်။ အီရန်နိုင်ငံမှာ ဆော်ဒီအာရေဗျနိုင်ငံ၏ ပြိုင်ဘက်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ **အင်န်အိတ်ချ်ကေ။**

## အဆင့်မြင့်နည်းပညာဆိုင်ရာ ပို့ကုန်ပစ္စည်းများအပေါ် ကန့်သတ်မှုဖြေလျှော့ပေးရန် တရုတ်က အီးယူကို တိုက်တွန်း

**ပေကျင်း မတ် ၁၅**
အဆင့်မြင့်နည်းပညာဆိုင်ရာ ပို့ကုန်ပစ္စည်းများအပေါ် ကန့်သတ်ချက်များပြုလုပ်ထားခြင်းနှင့် ပတ်သက်၍ ဖြေလျှော့ပေးရန် တရုတ်ဝန်ကြီးချုပ် လီခချန်းက ဥရောပသမဂ္ဂ(အီးယူ)အား မတ် ၁၅ ရက်တွင် တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက မတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး စီးပွားရေးအင်အားတည်ရာ တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရာတွင် အီးယူဘက်မှ ကုန်သွယ်ရေးလိုငွေပြနေမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေချိန်တွင် တရုတ်ဝန်ကြီးချုပ်က အထက်ပါအတိုင်း တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

အီးယူသည် တရုတ်နိုင်ငံ၏ အကြီးဆုံးသော ကုန်သွယ်ဖက်အုပ်စုဖြစ်ပြီး တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ပြီးလျှင် အီးယူ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာဆိုင်ရာ ပို့ကုန်ပစ္စည်းများအပေါ် ကန့်သတ်ချက်များ လျှော့ချပေးခြင်းဖြင့် ကုန်သွယ်ရေးချိန်ခွင်လျှာ မမျှမတဖြစ်နေမှုကို ထိန်းညှိနိုင်မည်ဟု မိမိယုံကြည်ကြောင်း ပေကျင်း၌ ကျင်းပသော နှစ်ပတ်လည် အမျိုးသားပြည်သူ့ကွန်ဂရက် အစည်းအဝေးအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်လီက ပြောကြားသည်။

တရုတ်နိုင်ငံသည် ကုန်သွယ်ရေးပိုငွေပြမှု ဆက်လက်ဖြစ်ပေါ်ခြင်းကို မလိုလားကြောင်း၊ နှစ်ဖက်ကုန်သွယ်ရေးအရ သာတူညီမျှဖြစ်မှုကိုသာ လိုလားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာတွင် အီးယူဘက်မှ အပြုသဘောတုံ့ပြန်လိမ့်မည်ဟု မိမိတို့မျှော်မှန်းကြောင်း၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ စာချုပ်ပေါ်ထွန်းလာခြင်း မရှိသည့်တိုင်အောင် တရုတ်နိုင်ငံအနေဖြင့် ဥရောပကုမ္ပဏီများအတွက် စျေးကွက်ကို ပိုမိုဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ။**

## တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ မေ ၉ ရက်တွင် ကျင်းပမည်

**ဆိုးလ် မတ် ၁၅**
နိုင်ငံရေးအရှုပ်တော်ပုံနှင့်ပတ်သက်ပြီး တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေးအား တာဝန်မှ ရပ်စဲခဲ့ပြီးနောက် သမ္မတရွေးကောက်ပွဲကို မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရအဖွဲ့က ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

မတ် ၁၀ ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက နိုင်ငံရေးအရှုပ်တော်ပုံ စွပ်စွဲချက်နှင့်ပတ်သက်ပြီး သမ္မတပတ်ဂွန်ဟေးအား အပြစ်ရှိကြောင်း အမိန့်ချမှတ်ပြီး သမ္မတရာထူးမှ ရပ်စဲခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဒီဇင်ဘာလတွင်သာ ပုံမှန်အားဖြင့် ကျင်းပလေ့ရှိသည်။ သို့သော် သမ္မတတစ်ဦး တာဝန်မှရပ်စဲခံရပြီးနောက် ရက်ပေါင်း ၆၀ အတွင်း သမ္မတရွေးကောက်ပွဲကျင်းပရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည်။

ဒီမိုကရက်တစ်ပါတီခေါင်းဆောင်ဟောင်း မွန်ဂျေးအင်သည် လာမည့် သမ္မတရွေးကောက်ပွဲအတွက် ဆန္ဒမဲ ၃၂ ရာခိုင်နှုန်းဖြင့် ထောက်ခံမဲအများဆုံးရရှိထားပြီး ချောင်ချွင်တောင်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး အန်ဟီးဂျန်သည် ဆန္ဒမဲ ၁၇ ရာခိုင်နှုန်းရရှိကာ ဒုတိယထောက်ခံမဲအများဆုံးရရှိထားသည်။ ယာယီသမ္မတ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ကြီးချုပ် ဟွမ်းကျိုအာန်သည် ဆန္ဒမဲ ကိုးရာခိုင်နှုန်းဖြင့် တတိယထောက်ခံမဲအများဆုံးရရှိထားကြောင်း သိရသည်။

သို့သော် ဝန်ကြီးချုပ် ဟွမ်းကျိုအာန်က ယနေ့ကျင်းပသော အစိုးရအဖွဲ့အထူးအစည်းအဝေးတွင် ၎င်းအနေဖြင့် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းမှုရရှိရန်နှင့် မျှတသော သမ္မတရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးကိုသာ ဦးတည်ထားကြောင်း ဝန်ကြီးချုပ် ဟွမ်းကျိုအာန်က ဆိုသည်။ **အင်န်အိတ်ချ်ကေ။**



## လူမှုကွန်ရက်မီဒီယာကို အသုံးပြု၍ အမုန်းစကားဖြန့်ချိမှု တားဆီးကာကွယ်နိုင်ရန် ဂျာမနီ၌ ဥပဒေသစ်ပြဋ္ဌာန်းမည်

**ဘာလင် မတ် ၁၅**
ဖေ့စ်ဘွတ်ကဲ့သို့ လူမှုကွန်ရက်မီဒီယာများသည် ပုဂ္ဂိုလ်ရေးအရ သိက္ခာကျအောင် မမှန်မကန်ဖော်ပြခြင်း၊ အသရေဖျက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အမုန်းတရားပွားအောင် လှုံ့ဆော်ခြင်းပြုရာရောက်သည့် စာသားများ၊ ဓာတ်ပုံများ၊ ရုပ်ပုံများနှင့် အသံများတင်ပါက ယင်းတို့ကို လူမှုကွန်ရက်မီဒီယာကုမ္ပဏီက ချက်ချင်းဖယ်ရှားပစ်ရန်၊ သို့တည်းမဟုတ် ကုမ္ပဏီများက ယူရို သန်း ၅၀ (အမေရိကန်ဒေါ်လာ ၅၃ သန်း)အထိ ဒဏ်ငွေပေးဆောင်စေရန် ဖော်ပြသည့် ဥပဒေသစ်တစ်ရပ်ကို ဂျာမနီနိုင်ငံက ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ရာဇဝတ်ပြစ်မှုထိုက်သော ရေးသားဖော်ပြချက်များကို လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ပျံ့နှံ့စေမှုကို တားဆီးနိုင်ရေးအတွက် ဥပဒေသစ်ကို ပြဋ္ဌာန်းမည်ဖြစ်ကြောင်း၊ အွန်လိုင်းကိုအသုံးပြု၍ အမုန်းစကားပွားစေခြင်း၊ အကြမ်းဖက်သမားများ၏ ဝါဒဖြန့်မှုသတင်းစကားများကို ပျံ့နှံ့စေခြင်း၊ သတင်းအတုအယောင်များထုတ်ပြန်ခြင်းစသည်တို့နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းရှိ နည်းပညာကုမ္ပဏီများသည် တာဝန်တစ်ရပ်အနေဖြင့် မည်ကဲ့သို့ လေ့လာစောင့်ကြည့်ကာ အရေးယူဆောင်ရွက်လျက်ရှိသည်ကို အစိုးရအဖွဲ့က သုံးသပ်လေ့လာနေချိန်တွင် အဆိုပါ ဥပဒေသစ်ကို ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဂျာမနီတရားရေးဝန်ကြီး ဟိုင်ကိုမားယက်စ်က ပြောကြားသည်။

ဆိုရှယ်မီဒီယာဝန်ဆောင်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများအနေဖြင့် ရာဇဝတ်ပြစ်မှုထိုက်သော လွှင့်တင်ချက်များဟုတ်၊ မဟုတ် အချိန်နှင့်တစ်ပြေးညီ စိစစ်ကာ ပြစ်မှုထိုက်သောလွှင့်တင်ချက်များကို ချက်ချင်းဖယ်ရှားပေးရန် စည်းမျဉ်းများ သတ်မှတ်ထားသည်ဆိုသည်။

ဥပဒေသစ်တွင် ဖော်ပြထားသည့်စံနှုန်းများအတိုင်း အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာလူမှုကွန်ရက်မီဒီယာဝန်ဆောင်မှုကုမ္ပဏီကို ယူရိုငွေသန်း ၅၀ အထိ ဒဏ်ငွေတပ်ရိုက်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံသည် ကမ္ဘာပေါ်တွင် အမုန်းစကားဖြန့်ချိမှု တိုက်ဖျက်ရေးဆိုင်ရာတင်းကျပ်သောဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့်နိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ပုဂ္ဂိုလ်ရေးအရ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ အသရေဖျက်ခြင်း၊ ရာဇဝတ်မှုကျူးလွန်အောင် အများပြည်သူကို သွေးထိုးလှုံ့ဆော်ခြင်း၊ အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း၊ လူမျိုးရေးအရ ပုတ်ခတ်ခြင်းစသည်တို့နှင့် ပတ်သက်၍ ထိရောက်စွာ အရေးယူရန် ဖော်ပြသည့် ဥပဒေများကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။

သတင်းအတုအယောင်များဖြန့်ချိခြင်း၊ လူမျိုးရေးအရ အမုန်းပွားအောင် လှုံ့ဆော်ခြင်းတို့ကို လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ပြုလုပ်နိုင်ခြင်းမရှိစေရန် ဥပဒေအရ အကာအကွယ်ပေးရန် လိုအပ်သည်။ ရွှေ့ပြောင်းဒုက္ခသည်ပြဿနာ ဖိစီးခံနေရသော ဂျာမနီနိုင်ငံတွင် ပြည်သူများအကြား အမုန်းတရားဖြန့်ချိမှု မရှိစေရန် အစိုးရအဖွဲ့က အလေးအနက် တားဆီးကာကွယ်လျက်ရှိသည်။ **ရိုက်တာ။**

## အော်လန်ဒိုမြို့ ညကပွဲရုံပစ်ခတ်တိုက်ခိုက်မှု၌ ဘေးဒုက္ခသင့်သူများအား ဒေါ်လာ ၈ ဒသမ ၅ သန်းနီးပါး ထောက်ပံ့မည်

**အော်လန်ဒို မတ် ၁၅**
၂၀၁၆ ခုနှစ် ဇွန်လအတွင်းက အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ ညကပွဲရုံတစ်ရုံတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဘေးဒုက္ခသင့်ခဲ့သူများ၏ မိသားစုများအား စိတ်ပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာထောက်ပံ့ပေးမှုအဖြစ် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းနီးပါးခန့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တိုက်ခိုက်ခံရမှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် တိုက်ခိုက်ခံရချိန်တွင် အရေးယူတုံ့ပြန်ဆောင်ရွက်သူများကို ငွေကြေးချီးမြှင့်ပေးမည်ဖြစ်ကြောင်း အမေရိကန်တရားရေးဝန်ကြီးဌာနက မတ် ၁၄ ရက်တွင် ပြောကြားသည်။

တရားရေးဝန်ကြီးဌာနအောက်ရှိ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဘေးဒုက္ခသင့်သူများရုံးက မတ် ၁၅ ရက်တွင် ဖလော်ရီဒါပြည်နယ်၌ အဆိုပါထောက်ပံ့ငွေများကို တရားဝင်ထုတ်ပေးမည်ဟု ပြောကြားသည်။ ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ရှိ မိန်းမလျာများဆုံစည်းရာ ညကပွဲရုံ ပစ်ခတ်တိုက်ခိုက်မှုတွင် လူပေါင်း ၄၉ ဦး သေဆုံးခဲ့ပြီး ခေတ်သစ်အမေရိကန်သမိုင်းတွင် လူအသေအပျောက်အများဆုံး အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

ပစ်ခတ်မှုကို ကျူးလွန်သူ အိုမာမက်တန်သည် အဆိုပါညကပွဲရုံကို သုံးနာရီကြာမျှ စီးနင်းထားပြီး ကပွဲရုံအတွင်းရှိ လူများကို ဓားစာခံအဖြစ်ဖမ်းဆီးကာ နောက်ဆုံးတွင် ရဲတပ်ဖွဲ့၏ပစ်ခတ်မှုဖြင့် သေဆုံးခဲ့သည်။ ၂၀၁၆ ခုနှစ် ဇွန်လ ၁၂ ရက်တွင် ဖြစ်ပွားခဲ့သော ယင်းတိုက်ခိုက်မှုကြောင့် လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရခဲ့သည်။

ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့ မိန်းမလျာများဆုံစည်းရာ ညကပွဲရုံ တိုက်ခိုက်ခံရမှုကဲ့သို့ မကြာသေးမီနှစ်များအတွင်းကဖြစ်ပွားခဲ့သည့် လူအများအပြားပစ်ခတ်တိုက်ခိုက်ခံရသည့်ဖြစ်ရပ်များတွင် ဘေးဒုက္ခသင့်ရောက်သူများအား ထောက်ပံ့မှုများပြုလုပ်ပေးခဲ့ကြောင်း ယင်းတို့မှာ ကယ်လီဖိုးနီးယားပြည်နယ် ဘာနာဒီနိုမြို့နှင့် တောင်ကာရိုလိုင်းနားပြည်နယ် ချာလ်စတန်မြို့တွင် လူအများအပြား သေဆုံးစေသော သေနတ်ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ကြောင်း အမေရိကန်တရားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြသည်။ **ရိုက်တာ။**

# နိုင်ငံတကာမြင်ကွင်း


ရဲရင့်လင်းလက်

နိုင်ငံ့ခေါင်းဆောင်တွေရဲ့ အရေးအကြီးဆုံးအရည်အသွေးက မှန်းဆပုံဖော်နိုင်တာပါ။ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်တဲ့အခါ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တာတွေကို မှန်းဆပုံဖော်နိုင်ဖို့လိုအပ်ပါတယ်။ အလားတူပါပဲ၊ ဆုံးဖြတ်ချက်တစ်ရပ် မချမှတ်ဖြစ်ဘူးဆိုရင်လည်း ဒီလိုဆုံးဖြတ်ချက် မချမှတ်တာရဲ့ နောက်ဆက်တွဲဖြစ်ပေါ်နိုင်တာတွေကို မှန်းဆပုံဖော်နိုင်ဖို့ လိုအပ်ပါတယ်။ ပြီးရင် နိုင်ငံ့ခေါင်းဆောင်တွေဟာ လိုအပ်သလို လမ်းကြောင်းသစ်တွေကို ပုံဖော်ဖန်တီးနိုင်စွမ်းရှိရပါတယ်။ ပြောရရင် လိုအပ်ချက်နဲ့ ကိုက်ညီမယ့် လမ်းကြောင်းသစ်ဆိုတာကလည်း မနှစ်မြို့စရာဆုံးဖြတ်ချက်တွေ မလွှဲသာမရှောင်သာ ပါဝင်နေတာပါ။

သမ္မတဂျော့ဒဗလျူဘုရှ်အစိုးရအဖွဲ့ဟာ မှန်းဆပုံဖော်တဲ့နေရာမှာ ညံ့ဖျင်းပုံကတော့ နှစ်ယောက်မရှိဘူးလို့ပဲ ပြောရမှာပါ။ သမ္မတဂျော့ဒဗလျူဘုရှ်လက်ထက်မှာ ဒု-သမ္မတဖြစ်တဲ့ ဒစ်ချေနီ၊ ကာကွယ်ရေးဝန်ကြီးဖြစ်တဲ့ ဒေါ်နယ်ရမ်း(စ)ဖဲနဲ့ လက်ထောက်ကာကွယ်ရေးဝန်ကြီးဖြစ်တဲ့ပေါလ်ဝေါဖဲဝစ်(ဇ)တို့ဟာ လက်သစ်ကွန်ဆာဗေးတစ်ဝါဒီတွေပါ။ ဒီလက်သစ်ကွန်ဆာဗေးတစ်ဝါဒီတွေဟာ ဆွန်နီမူဆလင်တွေနဲ့ ရှီယာမူဆလင်တွေ အားပြိုင်လွန်ဆွဲနေတဲ့ အီရတ်နိုင်ငံမှာ ဒီမိုကရေစီစနစ် ပုံဖော်ရတာဟာ လူမျိုး ဘာသာတစ်သားတည်းရှိတဲ့ ဂျပန်နိုင်ငံမှာ ဒီမိုကရေစီပုံဖော်ရတာနဲ့ သဘောသဘာဝ လုံးဝမတူညီကွဲပြားတာကို သဘောမပေါက်ကြပါဘူး။

သမ္မတအိုဘားမားရဲ့ ရှစ်နှစ်တာခေါင်းဆောင်မှုကလည်း အမှားအယွင်းကင်းတာတော့ မဟုတ်ပါဘူး။ လစ်ဗျားနိုင်ငံကိစ္စမှာ သမ္မတအိုဘားမားရဲ့ ဆုံးဖြတ်ချက်အလွဲအမှားတွေကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။ ဒါပေမယ့် သမ္မတအိုဘားမားရဲ့ လစ်ဗျားမူဝါဒအလွဲအမှားတွေဟာ သမ္မတဘုရှ်ရဲ့ ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်မဟာအမှားတော်ပုံနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ စာဖွဲ့စရာမရှိပါဘူး။ သမ္မတအိုဘားမားဟာ အမေရိကန်နိုင်ငံ အပါအဝင် ကမ္ဘာကြီးရဲ့ စီးပွားရေးကို ၁၉၃၀ စီးပွားပျက်ကပ်နောက်ပိုင်း အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုကနေ ပြန်လည်ဦးမော့လာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လက်ရှိသမ္မတ ဒေါ်နယ်ထရန့်လက်ထက်မှာ ကမ္ဘာကြီးဟာ ပိုအန္တရာယ်များတဲ့ဘက်ကို ဦးတည်လာနိုင်တယ်လို့ ပြောရမှာပါ။ ဥပမာပြောရရင် အမျိုးသားလုံခြုံရေးကောင်စီ(NSC)မှာ သမ္မတအဆက်ဆက်မှာ ပါဝင်ခွင့်ရခဲ့တဲ့ စစ်တပ်အကြီးအကဲနဲ့ အမျိုးသားထောက်လှမ်းရေးအကြီးအကဲ (Director of National Intelligence) တို့ကို သမ္မတဒေါ်နယ်ထရန့်လက်ထက်မှာ ပုံမှန်ပါဝင်ခွင့်မပြုတော့ပါဘူး။ ဒီအချက်က အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်တွေမှာ ဆုံးဖြတ်ချက်လွဲမှားနိုင်ခြေကို ဖိတ်ခေါ်နေတယ်လို့ပဲ ပြောရမှာပါ။

သမ္မတအိုဘားမားရဲ့ တရုတ်နိုင်ငံဆိုင်ရာမူဝါဒကို ဝါရှင်တန်အာဏာရအသိုင်းအဝိုင်းမှာရော ဩစတြေးလျနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာပါ စိတ်ကသိကအောက်ဖြစ်ခဲ့ကြတာပါ။ သမ္မတအိုဘားမားက တောင်တရုတ်ပင်လယ်မှာ တရုတ်နိုင်ငံကို လုပ်ချင်သလိုလုပ်ခွင့်ပြုထားသလိုဖြစ်နေတဲ့အတွက် အခြေအနေက ပိုဆိုးလာမှာကို အားလုံးက စိုးရိမ်နေကြတာပါ။ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်မှာ အမေရိကန်နိုင်ငံနဲ့ စစ်ရေးအရ ထိပ်တိုက်တိုးတဲ့အဆင့်ကို မရောက်စေဘဲ ကျွန်းတုတွေဆောက်၊ ကာကွယ်ရေးကြားခံနယ်မြေတွေဖန်တီးလုပ်နေတာက ကမ္ဘာကြီးအဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာဖြစ်နေပါတယ်။ သမ္မတအိုဘားမားရဲ့ မူဝါဒဟာ တောင်တရုတ်ပင်လယ်ပြင်မှာ တရုတ်နိုင်ငံရဲ့ စိုးမိုးမှုကို အလျှော့ပေးလိုက်လျောတဲ့ ရှေ့ပြည်အေးဝါဒလို့ပဲ သတ်မှတ်ယူဆနေကြတာပါ။ သမ္မတအိုဘားမားရဲ့ မူဝါဒတွေအပေါ် စိုးရိမ်နေကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ အမြင်မှာ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံရဲ့ စိတ်ထင်သလို မင်းမူနေတဲ့ ဝါဒဟာ ဘေးပတ်ဝန်းကျင်ဒေသတွေကိုပါ တိုးချဲ့လာနိုင်ပါတယ်။ ဒီလို စိတ်ထင်သလို မင်းမူနေတဲ့ တရုတ်နိုင်ငံရဲ့ မူဝါဒကို အမေရိကန်နိုင်ငံကသာ ပြတ်ပြတ်သားသား မဆန့်ကျင်ဘူးဆိုရင် အာရှတိုက်နိုင်ငံတော်တွေဟာ တရုတ်နိုင်ငံရဲ့ ဩဇာ အောက်ကျရောက်သွားနိုင်တယ်လို့ မှန်းဆပုံဖော်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ရင် သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့မှာ ပြတ်သားခိုင်မာတဲ့မူဝါဒမရှိသေးပါဘူး။ သမ္မတဒေါ်နယ်ထရန့်အစိုးရအဖွဲ့ထဲမှာရှိတဲ့ တချို့က အန္တရာယ်များတဲ့ လမ်းကြောင်းမျိုးကို ရွေးချယ်ချင်ပုံရပါတယ်။ ပြောရရင် တောင်တရုတ်ပင်လယ်အတွင်း ကျွန်းတုတွေဆီ တရုတ်နိုင်ငံရဲ့ ဝင်ထွက်သွားလာမှုကို ပိတ်ပင်တာမျိုးပါ။



တောင်တရုတ်ပင်လယ်ပြင်မှာ ပြဿနာရှိနေတာကတော့ အထူးပြောစရာမလိုပါဘူး။ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံက ဒီလိုပိုင်ဆိုင်ခွင့်ရှိတယ်၊ မရှိဘူးဆိုတာက ပြဿနာရဲ့ တစ်စိတ်တစ်ပိုင်းလို့ ပြောနိုင်ပါတယ်။ တရုတ်နိုင်ငံ လက်မှတ်ရေးထိုးထားတဲ့ စာချုပ်တွေအရ တရုတ်နိုင်ငံဟာ သူတို့နိုင်ငံအနီးဝန်းကျင်ရှိရှိ၊ မရှိရှိ ပင်လယ်ပြင်ကျယ်ကြီးကိုပိုင်ဆိုင်ခွင့်ရှိတယ်လို့ ပြောပိုင်ခွင့်တော့ မရှိပါဘူး။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့်ပြောရရင်တော့ တရုတ်နိုင်ငံရဲ့ စိုးမိုးမှုအစဉ်အလာ ဖြစ်သွားနိုင်တာကို စိုးရိမ်ပူပန်နေကြတာပါ။ တရုတ်နိုင်ငံက ဥပဒေတွေကို ဒီလို ဘေးဖယ်ထားတဲ့အပေါ် လက်ခံအသိအမှတ်ပြုတဲ့သဘောမျိုး သက်ရောက်သွားရင် အနာဂတ်မှာ တရုတ်နိုင်ငံရဲ့ ဩဇာနယ်ပယ်ချဲ့ထွင်မှုပိုကျယ်ပြန့်လာမှာကို စိုးရိမ်နေတာပါ။ တရုတ်နိုင်ငံရဲ့ ပြုမူပုံဟာ လက်ရှိအဆင့်မှာ ဩစတြေးလျလို အာရှနိုင်ငံတွေကို အန္တရာယ်မဖြစ်စေပေမယ့် အနာဂတ်မှာတော့ အန္တရာယ်ဖြစ်လာနိုင်တဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ တောင်တရုတ်ပင်လယ်အတွင်းက ကျွန်းတွေမှာ တပ်စွဲနိုင်တဲ့အတွက် တရုတ်နိုင်ငံရဲ့ ဒုံးပျံနဲ့ လေယာဉ်ပျံတွေဟာ တောင်ဘက်ကို ကီလိုမီတာ ၁၁၀၀ ခန့်အထိ တိုးချဲ့လာနိုင်မယ်လို့ တချို့က တွက်ချက်ခန့်မှန်းကြပါတယ်။ ဒါပေမယ့် ဒီလိုအနေအထားမှာ တောင်တရုတ်ပင်လယ်အတွင်းက ကျွန်းစုတွေအထိ စီစဉ်ဆောင်ရွက်ရမယ့် တရုတ်နိုင်ငံရဲ့ ထောက်ပံ့ရေးလမ်းကြောင်းဟာ အားနည်းချက်တွေ ရှိနေမှာပါ။

အခြေအနေကို သုံးသပ်ကြည့်ဖို့ဆိုရင် မြင်ကွင်းတစ်ခုလုံးကို ပုံဖော်မှန်းဆကြည့်ဖို့ လိုပါတယ်။ တောင်တရုတ်ပင်လယ်ကို ဖြတ်သန်းသွားတဲ့ ကမ္ဘာ့ကုန်သွယ်မှုပမာဏဟာ အမေရိကန်ဒေါ်လာ ငါးထရီလီယံဝန်းကျင်ရှိပါတယ်။ ဒီ ငါးထရီလီယံဝန်းကျင်ရှိတဲ့ ကမ္ဘာ့ကုန်သွယ်မှုဟာ တရုတ်နိုင်ငံရဲ့ ကြီးထွားလာနေတဲ့ အလယ်အလတ်လူတန်းစားကို အကျိုးပြုသလို ဂျပန်နဲ့ တောင်ကိုရီးယားလိုနိုင်ငံတွေရဲ့ စီးပွားရေးကို ကျယ်ပြန့်အားကောင်းစေပါတယ်။ ဩစတြေးလျလိုနိုင်ငံမျိုးအတွက်ဆိုရင် တောင်တရုတ်ပင်လယ်ဟာ ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့လို သယံဇာတတွေတင်ပို့ရာ လမ်းကြောင်းပါ။ တရုတ်နိုင်ငံက ဒီကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းကို ပိတ်ဆို့ဟန့်တားဖို့စိတ်ကူးရှိတယ်၊ မရှိဘူးကို တွက်ဆကြည့်ရအောင်ပါ။ မော်ခ်စ်ဝါဒကို ဆယ်စုနှစ်ပေါင်းများစွာကတည်းက စွန့်လွှတ်ခဲ့ပြီး နိုင်ငံရဲ့ နိုင်ငံရေးတည်ငြိမ်မှုဟာ စီးပွားရေးတည်ငြိမ်မှုအပေါ် မှီခိုနေတဲ့ တရုတ်နိုင်ငံဟာ ဒီလိုစိတ်ကူးဆောင်ရွက်ဖို့ကတော့ မဖြစ်နိုင်ပါဘူး။ တရုတ်နိုင်ငံရဲ့ ရည်မှန်းချက်တွေကို အကြမ်းဖျင်းခန့်မှန်းကြည့်ရအောင်ပါ။ ကာကွယ်ရေးကြားခံနယ်မြေဖန်တီးပြီး တရုတ်နိုင်ငံဟာ သူ့ရဲ့ နျူကလီးယားဒုံးပျံလက်နက်တွေ တပ်ဆင်ထားတဲ့ ရေငုပ်သင်္ဘောတွေအတွက် ခံတပ်တည်ဆောက်ပြီး သမိုင်းတစ်လျှောက် သူတို့လိုလားခဲ့တဲ့ ပင်လယ်ပြင်စိုးမိုးမှုကို ဖန်တီးလိုတာပါ။

ဒီလို အနေအထားမှာ အမေရိကန်နိုင်ငံကအင်အားပြတဲ့ ဝါဒကိုသာ ကျင့်သုံးခဲ့ရင် တရုတ်နိုင်ငံနဲ့ ထိပ်တိုက်ရင်ဆိုင်မှုဟာ ရှောင်လွှဲလို့ရမှာ မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျားက "မရေမရာ မသဲမကွဲဆုံးဖြတ်ဖို့ ခက်တဲ့ အနေအထားမျိုးမှာ ရှိပြီးသား တစ်စိတ်တစ်ပိုင်း အချက်အလက်ကိုပဲ မူတည်ပြီး စွန့်စားရဲဖို့ လိုပါတယ်။ အချက်အလက်အားလုံးပြည့်စုံမှ လုပ်မယ်ဆိုရင်တော့ ဘာမှမလုပ်ဖို့ ဆုံးဖြတ်ချက်ချတာနဲ့ အတူတူပါပဲ"လို့ ရေးသားခဲ့ဖူးပါတယ်။ ဟင်နရီကစ်ဆင်းဂျား ဒီလိုရေးခဲ့တာက ၁၉၅၇ ခုနှစ်ကပါ။ အဲဒီအချိန်က ဆိုဗီယက်ပြည်ထောင်စုဟာ အရှေ့ဥရောပတစ်ခုလုံးနီးပါးကို သူ့ရဲ့ ဩဇာအာဏာအောက်မှာ ထိန်းချုပ်ထားသလို တရုတ်နိုင်ငံမှာ ကွန်မြူနစ်အစိုးရ တက်လာတာကို အားပေးထောက်ခံခဲ့ပါတယ်။ မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနိုင်ငံအပေါ် ကျူးကျော်တာကို ထောက်ခံခဲ့ပါတယ်။ ၁၉၅၇ ခုနှစ်ဝန်းကျင်က ဆိုဗီယက်ပြည်ထောင်စု ဆုပ်ကိုင်ထားခဲ့တဲ့ ရည်မှန်းချက်တွေနဲ့ နှိုင်းယှဉ်လိုက်ရင် တရုတ်နိုင်ငံရဲ့ လက်ရှိကာလရည်မှန်းချက်တွေဟာ ဒီလောက် အန္တရာယ်မများပါဘူး။

တရုတ်နိုင်ငံဟာ ကုလသမဂ္ဂခုံရုံးရဲ့ ၂၀၁၆ ခုနှစ် ဆုံးဖြတ်ချက်ကို လက်မခံပေမယ့် တစ်စိတ်တစ်ဒေသလိုက်နာတဲ့သဘော ပြသခဲ့ပါတယ်။ ဒီကုလသမဂ္ဂခုံရုံးဆုံးဖြတ်ချက်က တရုတ်နိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံတို့ဖြစ်ပွားနေတဲ့ ပင်လယ်ပြင်ပိုင်နက် အငြင်းပွားမှုမှာ ဖိလစ်ပိုင်နိုင်ငံကို အသာပေးဆုံးဖြတ်ခဲ့တာပါ။ တရုတ်နိုင်ငံဟာ တောင်တရုတ်ပင်လယ်အတွင်း သူ့ရဲ့ စစ်ရေးလှုပ်ရှားမှုတွေကိုလည်း ပိုသတိထားဆောင်ရွက်လာပါတယ်။ ပြောရရင် တရုတ်နိုင်ငံဟာလည်း ကမ္ဘာ့ကုန်သွယ်ရေးမှာ ပိုကျယ်ပြန့်ကြီးမားတဲ့ အခန်းကဏ္ဍကိုရယူဖို့ ကြိုးပမ်းနေသလို တစ်ကမ္ဘာလုံးအတိုင်းအတာ ငြိမ်းချမ်းရေးထိန်းသိမ်းရေးမှုတွေနဲ့ ကမ္ဘာ့ပင်လယ်ဓားပြနှိမ်နင်းမှုတွေမှာ တက်တက်ကြွကြွ ဦးဆောင်ပါဝင်နေတာပါ။ ခေတ်သစ်ပိုးလမ်းစီမံကိန်းနဲ့ အခြေခံ အဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်တွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေလိုအပ်နေတဲ့ အခြေခံအဆောက်အအုံတွေကို ဖန်တီးပေးမှာပါ။ ပြောရရင် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံရဲ့ရည်မှန်းချက်တွေအပေါ် လိုအပ်တာထက် ပိုစိုးရိမ်တကြီး တုံ့ပြန်တာက အန္တရာယ်တွင်းထဲတွန်းပို့သလိုဖြစ်နိုင်တာမို့လို့ သက်ဆိုင်ရာ နိုင်ငံအားလုံး ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ။



# အထိမ်းအမှတ်တံဆိပ်ခေါင်းများ

**မြင့်ဆွေဦး**

နိုင်ငံတကာတွင် နိုင်ငံတိုင်းက မိမိတို့၏နေ့ထူးနေ့မြတ်များနှင့် နိုင်ငံတစ်ခု၏ ချစ်ကြည်ညိုလေးစားရသော ပုဂ္ဂိုလ်များအား အမှတ်တရအဖြစ် တံဆိပ်ခေါင်းများထုတ်၍ ဂုဏ်ပြုကြပါသည်။ တချို့နိုင်ငံများဆိုလျှင် မိမိတို့၏နိုင်ငံမှ လူပုဂ္ဂိုလ် မဟုတ်သော်လည်း ကမ္ဘာက လေးစားဂုဏ်ယူရသည့် ပုဂ္ဂိုလ်များ၏ ပုံနှင့် တံဆိပ်ခေါင်းထုတ်၍ ဂုဏ်ပြုကြလေသည်။

"အထိမ်းအမှတ်တံဆိပ်ခေါင်းများ"ဟူ၍ မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းများအကြောင်းကို ရေးသားမှတ်တမ်းတင်သည့် စာအုပ်တစ်အုပ်ထွက်လာသည်။ စာပေလောက စာအုပ်တိုက်မှ ထုတ်ဝေခြင်းဖြစ်ပြီး ရေးသားပြုစုသူမှာ တင်ဇော်လွင်ဖြစ်သည်။ စာရေးသူမှာ ဆရာဝန်တစ်ဦးဖြစ်ပြီး နယူးယောက်မြို့တွင်နေထိုက်လျက် စိတ်ရောဂါကုဆရာဝန်အဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ စာရေးသူသည် ဝါသနာအရ မြန်မာနိုင်ငံမှ တံဆိပ်ခေါင်းများနှင့် နိုင်ငံတကာမှ တံဆိပ်ခေါင်းများကို စုဆောင်းလေ့လာနေသူဖြစ်သည်။

စာရေးသူက ယခုစာအုပ်တွင်ပါဝင်သည့် ဆောင်းပါးများမှာ ၂၀၀၇ ခုနှစ်ကစပြီး မိုးမခ (Moe Maka Website)တွင် ဖော်ပြခဲ့သည့်ဆောင်းပါးများဖြစ်သည်ဟုဆိုထားသည်။ အာဏာရှင်စနစ်အောက်မှာ ဘဝကို ကြမ်းကြမ်းတမ်းတမ်း ရုန်းကန်ဖြတ်သန်းရင်း အနာဂတ်ပျောက်နေကြသည့် လူငယ်များအား ရည်စူး၍ ထိုဆောင်းပါးများကို ရေးသားခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် တံဆိပ်ခေါင်းများအကြောင်းကို ရေးသားတင်ပြရာ၌ ထူးခြားသည့်အဖြစ်အပျက်တစ်ခုကို မှတ်တမ်းတင်ခဲ့လေသည်။

"ကဲ ဒီနေ့တော့ တံဆိပ်ခေါင်းတွေနဲ့စလိုက်ကြရအောင်၊ ဒီပုံကိုကြည့်၊ ဒါဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၆ ရက်မှာ ထုတ်တဲ့ တံဆိပ်ခေါင်းငါးလုံးပဲ"။

ဘာဖြစ်လို့လွတ်လပ်ရေးရတဲ့နေ့ ဇန်နဝါရီ ၄ ရက်မှာမထုတ်ဘဲ နှစ်ရက်နောက်ကျပြီးမှ ထုတ်ဖြစ်တာလဲ ဦးလေး။

အဲဒါတော့ ဦးလေးလည်းမသိဘူးကွယ်။ ဦးလေးထင်တာပြောရရင်တော့ နိုင်ငံ့ခေါင်းဆောင်တွေ လွတ်လပ်ရေးအတွက် နေ့ညမအား ကြိုးစားနေရလို့ အလုပ်မအားတာလည်းဖြစ်နိုင်တယ်။ တံဆိပ်ခေါင်းထုတ်တာ သိပ်အရေးမကြီးလှပါဘူးထင်ပြီး နောက်ကျပြီးမှ ထုတ်တာလည်းဖြစ်နိုင်တယ်။ တခြားအကြောင်းတွေလည်း ရှိဦးမှာပေါ့ကွာ။

"ဗိုလ်ချုပ်ပုံနဲ့ တယ်ခန့်ညားပါလား ဦးလေးရဲ့"

"ဗိုလ်ချုပ်နဲ့အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ လုပ်ကြံခံခဲ့ရတော့ လွတ်လပ်ရေးရတာကို မြင်မသွားရရှာဘူးပေါ့။ မြန်မာပြည်သူ ပြည်သားတွေဟာ ကြိမ်မီးအုံးသလို ပူဆွေးသောကရောက်နေတုန်းမှာ အခုလိုလွတ်လပ်ရေးနေ့အထိမ်းအမှတ်တံဆိပ်ခေါင်းမှာ ဗိုလ်ချုပ်ပုံနဲ့ တွေ့လိုက်ရတော့ ဗိုလ်ချုပ်ကို လွမ်းစရာပေါ့ကွာ"။ "ကဲ ဒီပုံလေးကတော့ လွတ်လပ်ရေးမရခင် နှစ်နှစ်လောက်မှာ အင်္ဂလိပ်အစိုးရက မြန်မာပြည်မှာ ထုတ်ခဲ့တဲ့ တံဆိပ်ခေါင်းလေးမျိုးပဲ။ ဒုတိယကမ္ဘာစစ်မှာ မဟာမိတ်တွေရဲ့ စစ်နိုင်တဲ့ အထိမ်းအမှတ်အဖြစ် အင်္ဂလိပ်အစိုးရက အိန္ဒိယမှာရော မြန်မာပြည်မှာပါ အထိမ်းအမှတ်တံဆိပ်ခေါင်းတွေထုတ်ခဲ့ကြတယ်။ ၁၉၄၆ ခုနှစ် မေလ ၂ ရက်နေ့မှာ ထုတ်ခဲ့တာကွ။

"ဒီတံဆိပ်ခေါင်းမှာပါတဲ့သူက ဂျော့ဂျ်ဘုရင်ပေါ့နော် ဦးလေး"။ "ဟုတ်သကွာ နံပါတ် (၆) မြောက် King George ပေါ့ကွာ။ အဲဒီ တံဆိပ်ခေါင်းမျိုးထဲက ခြင်္သေ့ပုံပါတဲ့ တံဆိပ်ခေါင်းက ဂျော့ဂျ်ဘုရင်ပုံကိုဖြုတ်၊ ဗိုလ်ချုပ်ပုံနဲ့ အစားထိုးပြီး လွတ်လပ်ရေးနေ့အဖြစ် ထုတ်ခဲ့တာကွ"

"ဟာ ဦးလေးရာ လွတ်လပ်ရေးနေ့ဆိုပြီး ကိုယ့်ဒီဇိုင်းကိုယ် အသစ်မလုပ်နိုင်ဘူးလား"

"မလုပ်နိုင်ခဲ့ကြဘူးပေါ့ကွာ၊ စောစောက ဦးလေးပြောခဲ့သလိုပဲ။ အကြောင်းကြောင်းတွေရှိမှာပေါ့ကွာ။ ဘာပဲပြောပြော ကိုယ့်တိုင်းပြည် လွတ်လပ်ပြီဆိုပြီး ထုတ်ဝေတဲ့အခါမှာ နှစ်ရက်နောက်ကျပြီး ထုတ်တာရယ်၊ ကိုယ်ပိုင်ဒီဇိုင်းအသစ် မသုံးနိုင်တာရယ်ကိုတော့ ဦးလေး ဘဝင်မကျလှဘူး။ ဒီပုံကတော့ ၁၉၄၉ ခုနှစ် ဇန်နဝါရီ ၄ ရက် နှစ်ကြိမ်မြောက် လွတ်လပ်ရေးနေ့မှာ ထုတ်ခဲ့တာတွေပဲ။ ဒီမှာကြည့်စမ်း၊ ဒီဇိုင်း ၁၁ မျိုး၊ တံဆိပ်ခေါင်း ၁၄ လုံးနဲ့ ဝေဝေဆာဆာ ထုတ်ခဲ့တာပဲ။ ဗမာ့အငွေ့အသက်တွေ အများကြီးပါလာပြီကွ"

စာအုပ်ရေးသားပြုစုသူသည် လွတ်လပ်ရေးနေ့အထိမ်းအမှတ်တံဆိပ်ခေါင်းများနှင့် ပတ်သက်၍ ခေတ်အဆက်ဆက် ထုတ်ဝေခဲ့သည်များကို ဖော်ပြပြီး ဝေဖန်ထားလေသည်။ ၁၉၆၈ ခုနှစ် လွတ်လပ်ရေးနေ့အတွက် ထုတ်ဝေသော တံဆိပ်ခေါင်းတွင် ဗိုလ်ချုပ်ပုံကို ပြန်လည်ထည့်သွင်းခဲ့သည်။ ထို့နောက်ပိုင်းတွင် လွတ်လပ်ရေးတံဆိပ်ခေါင်းများကို ထုတ်ဝေခဲ့သော်လည်း ဗိုလ်ချုပ်ပုံကို မဖော်ပြတော့။

၁၉၆၈ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တံဆိပ်ခေါင်းထုတ်ဝေခဲ့သော်လည်း ၄၄ နှစ်ကြာသည့်တိုင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်တံဆိပ်ခေါင်း ထုတ်ဝေခြင်းမရှိခဲ့။ သို့သော် ၁၉၉၂ ခုနှစ် လွတ်လပ်ရေးနေ့ ထုတ်ဝေသော တံဆိပ်ခေါင်းမှာ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ထုတ်ဝေခြင်းမဟုတ်ဘဲ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအမည်ဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုနေ့ အထိမ်းအမှတ်တံဆိပ်ခေါင်းများအကြောင်းကို တင်ပြထားရာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုနေ့ အထိမ်းအမှတ်တံဆိပ်ခေါင်းကို တစ်ကြိမ်တစ်ခါပဲ ထုတ်ဝေခဲ့ခြင်းကြောင့်ဖြစ်သည်။




'ဒီနေ့တော့ ပြည်ထောင်စုနေ့နဲ့ ပတ်သက်တဲ့ တံဆိပ်ခေါင်းတွေအကြောင်း ပြောပြပါဦးလေး'

'အေးအေး၊ ထိုင်ဦးကွ၊ ငါတူကြီးကို ခရီးရောက်မဆိုက် ရင်ဝဆို့သွားအောင် ဆီးပြီးပြောရရင်တော့ မင်း ယုံချင်မှယုံမယ်။ ပြည်ထောင်စုနေ့နဲ့ ပတ်သက်လို့ တစ်ကြိမ်တည်းပဲ ထုတ်ခဲ့ဖူးတယ်ကွ။ (၂၅)နှစ်ပြည့်မြောက်တဲ့ ၁၉၇၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ တံဆိပ်ခေါင်း သုံးလုံးတစ်ခါတည်းပဲ ထုတ်ဝေခဲ့ဖူးတယ်။ ဒီပုံမှာကြည့်'

'ဟာ ဗိုလ်ချုပ်ပုံနဲ့ပါလား၊ ဦးလေးရ'

'အေး ဟုတ်တယ်ကွ၊ ဗိုလ်ချုပ်ပုံရယ်၊ တိုင်းရင်းသားပုံတွေရယ်၊ လွတ်လပ်ရေးကျောက်တိုင်ရယ်၊ ပင်လုံဆိုတဲ့ စာလုံးလေးရယ်ပါနေတော့ ပြည်ထောင်စုစိတ်ဓာတ်ကို ပြည့်ပြည့်ဝဝဖော်ကျူးထားတဲ့ တံဆိပ်ခေါင်းအတွဲကလေးလို့ ဆိုရမှာပေါ့ကွာ။ ဒီပုံလေးကတော့ ဗိုလ်ချုပ်နဲ့ ကချင်တိုင်းရင်းသူတွေရိုက်ထားတဲ့ ပုံလေးပါပဲ"

"ပြည်ထောင်စုနေ့ရဲ့ သမိုင်းနောက်ခံအကြောင်းအရာတွေတော့ ငါ့တူ သိပြီးသားဖြစ်မှာပဲ။ ဦးလေး အထူးမပြောလိုတော့ဘူး။ ဒါပေမယ့် အဲဒီ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်ပြောသွားတဲ့ မိန့်ခွန်းထဲမှာက အချက်တစ်ချက်ကိုတော့ ငါ့တူတို့ မှတ်သားထားသင့်တယ်။"

"ဘာများပါလဲဦး"

"အဲဒီပင်လုံညီလာခံမတိုင်မီ တစ်လလောက်မှာ ဗိုလ်ချုပ်နဲ့အဖွဲ့ လန်ဒန်ကို သွားပြီး အင်္ဂလိပ်အစိုးရနဲ့ ဗမာပြည်လွတ်လပ်ရေးအဖွဲ့ ဆွေးနွေးပြောဆိုခဲ့ကြတယ်။ အဲဒီအကြောင်းကို ဗိုလ်ချုပ်က ပင်လုံညီလာခံမှာ တိုင်းရင်းသားခေါင်းဆောင်တွေကိုပြောပြတဲ့အခါ တောင်တန်းနယ်လွတ်လပ်ရေးကို ပြည်မနဲ့ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ မပေးခဲ့ရင် မြန်မာပြည်လွတ်လပ်ရေးဟာလည်း တကယ့်လွတ်လပ်ရေးမဖြစ်နိုင်တဲ့အကြောင်း၊ တောင်တန်းဒေသကို အင်္ဂလိပ်က တိုက်ရိုက်အုပ်ချုပ်တာကို မြန်မာတွေက မကြိုက်ကြောင်း၊ တောင်တန်းနယ်ကို တောင်တန်းလူမျိုးများကိုယ်တိုင် အုပ်ချုပ်တာကိုသာ မြန်မာတွေကကြိုက်ကြောင်း သူပြောခဲ့တယ်လို့ အဲဒီပင်လုံမှာ တိုင်းရင်းသားခေါင်းဆောင်တွေကို မိန့်ခွန်းထဲမှာထည့်ပြောပြီး အသိပေးခဲ့တယ်။"

"ကောင်းလိုက်တဲ့အချက် ဦးလေးရာ၊ အနှစ်သာရ တကယ့်ကို ပြည့်ပြည့်ဝဝပါပဲ။ အခု အမျိုးသားညီလာခံနဲ့တော့ကွာပ့ါ။"

"ဟေ့ ဟေ့ တိုးတိုးပြောပါကွာ။ ခေါင်းရင်း လက်ဖက်ရည်ဆိုင်က ကောင်တွေ ကြားသွားပါဦးမယ်။ ကိုယ်စားလှယ်တော် ၂၃ ဦးက အင်္ဂလိပ်ရေးထားတဲ့ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကြတာတော့ မင်းသိပြီးရောပေါ့"

၁၉၇၂ ခုနှစ် နောက်ပိုင်းတွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်တံဆိပ်ခေါင်းမျိုးကို မထုတ်ခဲ့သော်လည်း ၁၉၇၃ ခုနှစ် ပြည်ထောင်စုနေ့တွင် တံဆိပ်ခေါင်းတစ်ခု ထုတ်ခဲ့သည်။ သို့သော် ထိုတံဆိပ်ခေါင်းမှာ ပြည်ထောင်စုနေ့ အထိမ်းအမှတ်တံဆိပ်ခေါင်းမဟုတ်။ ၁၉၇၃ ခုနှစ်မှာ တစ်နိုင်ငံလုံးသန်းခေါင်စာရင်းကောက်သည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

ထိုတံဆိပ်ခေါင်းတွင် အမှားပေါင်းများစွာ ပါဝင်နေသည်။ ၁၉၄၁ ခုနှစ်နောက်ပိုင်းတွင် သန်းခေါင်စာရင်းကို မကောက်နိုင်ဘဲ ၁၉၇၃ ခုနှစ်ကျမှ ကောက်ယူနိုင်ခြင်းဖြစ်သည်။ သို့သော် ထိုတံဆိပ်ခေါင်းတွင် ၁၉၅၃-၁၉၆၃ ခုနှစ်များကို တံဆိပ်ခေါင်းထဲတွင် ထည့်ထားလေသည်။ ထို့အပြင် သန်းခေါင်စာရင်းနှစ်ဟူ၍ စာလုံးပေါင်းပြီး ဖော်ပြထားသည်။

အာဇာနည်နေ့ အထိမ်းအမှတ်တံဆိပ်ခေါင်းအကြောင်းကို တင်ပြထားသည်မှာ စာရေးသူ၏ ဘဝင်မကျ၊ အားမလိုအားမရပုံကို ထင်ဟပ်လျက်ရှိသည်။

"အာဇာနည်နေ့ အထိမ်းအမှတ်အနေနဲ့ တံဆိပ်ခေါင်းဘယ်နှကြိမ်ထုတ်ဝေခဲ့ဖူးသလဲ ဦးလေး"

"၁၉၄၇ ခုနှစ် ဗိုလ်ချုပ်တို့ လုပ်ကြံခံကြရတဲ့နှစ်ကနေ ၂၀၀၇ ခုနှစ်အထိ နှစ်ပေါင်း ၆၀ အတွင်းမှာ ဘယ်နှကြိမ်လောက်ထုတ်ခဲ့မယ်ထင်သလဲ၊ မင်းစိတ်ထဲက ထင်တာပြောကြည့်စမ်း။"

"လေးငါးခြောက်ကြိမ်လောက်လား"

"လွဲတယ် ငါ့တူ၊ မင်း အကြီးအကျယ် လွဲတယ်၊ တစ်ခါတည်းကွ၊ တစ်ခါမှ တကယ့်ကို တစ်ခါတည်းပဲ ထုတ်ခဲ့ဖူးတယ်ကွ။"

"တကယ်လား ဦးလေးရာ၊ ဟုတ်ရဲ့လား၊ မယုံနိုင်စရာပါပဲ။"

"တကယ်ပေါ့ကွာ၊ ဗိုလ်ချုပ်နဲ့ အာဇာနည်ခေါင်းဆောင်တွေ လုပ်ကြံခံရတာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် မဟုတ်လား။ တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့ ၁၉၄၈ ခုနှစ် ဇူလိုင် ၁၉ ရက်မှာ တံဆိပ်ခေါင်းတစ်ကြိမ်တည်းပဲ ထုတ်ခဲ့ဖူးတယ်ကွ။ အဲဒါ နောက်ဆုံးပါပဲကွာ၊ အဲဒီနောက် တစ်ခါမှမထုတ်တော့ဘူး။"

"ဘာဖြစ်လို့ ထပ်မထုတ်ဖြစ်တာလဲ ဦးလေး၊ ဦးလေးရဲ့ ထင်မြင်ချက်လေး ပြောပါဦး"

"မင်းကို ဦးလေးပြောဖူးသားပဲ။ တို့တိုင်းပြည်က တံဆိပ်ခေါင်းနဲ့ ပတ်သက်ရင် အများကြီးနောက်ကျကျန်နေတယ်။ အခုအချိန်ထိ အိပ်ပျော်နေတုန်းပဲဆိုတာလေ။ တို့ရဲ့ တောတောင်ရေမြေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမျိုးဘာသာ၊ သစ်ပင်၊ သစ်သီးဝလံ၊ ပန်းမန်စတာတွေကို တံဆိပ်ခေါင်းထုတ်ရကောင်းမှန်း မသိသေးဘူးဆိုတာလေ။ အာဇာနည်တွေ၊ ဗိုလ်ချုပ်တို့ကျဆုံးတဲ့ အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် မှန်မှန်ထုတ်ပေးနေရမယ်။ မွေးနေ့တွေမှာလည်း ဝေဝေဆာဆာထုတ်ပေးဖို့ သင့်တယ်ကွ၊ ခုကြည့်၊ ဗိုလ်ချုပ်ဆိုရင် နှစ် ၉၀ မွေးနေ့တောင် ကျော်လာပြီ။ တစ်ခါမှ မွေးနေ့အထိမ်းအမှတ်တံဆိပ်ခေါင်းမထုတ်ခဲ့ဘူးကွ။ တို့တိုင်းပြည်အနေနဲ့ကြည့်ရင် တာဝန်မကျေဘူးလို့ ဦးလေးတော့ ခံစားမိတယ်။"

ဗီယက်နမ်နိုင်ငံတွင် ဦးလေးဟိုဟု အမည်ရသည့် ဟိုချီမင်းတံဆိပ်ခေါင်းများကို အများအပြား အမျိုးမျိုးထုတ်ဝေခဲ့သည်။ ဂုဏ်ပြုသည့်အနေဖြင့် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ ရှက်စရာကြီးပေါ့နော် ဦးလေး။"

"အေးပေါ့ကွာ၊ ရှက်တတ်ရင် ရှက်စရာကြီးပေါ့။ အခုတော့ မရှက်တဲ့အပြင် အာဇာနည်နေ့မှာ ဂါရဝမပြုရ၊ အခမ်းအနားမကျင်းပရ၊ ဘုရားပေါ်ဝတ်ပြုဆုတောင်းပွဲ မလုပ်ရ၊ ဘုန်းကြီးဆွမ်းမကပ်ရတဲ့။ ကြားလို့မှကောင်းသေးရဲ့ လားကွာ။"

"အထိမ်းအမှတ်တံဆိပ်ခေါင်းများ" စာအုပ်တွင် စာရေးသူက ခေတ်စနစ်ကိုပါ တံဆိပ်ခေါင်းများအကြောင်းတင်ပြရင်း တို့ထိသွားခဲ့သည်။ ဝေဖန်ခဲ့လေသည်။ ။

## ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက် မြို့ဝင်လမ်း၌ မီးလောင်မှုဖြစ်ပွား


**နေပြည်တော် မတ် ၁၅**

ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက် မြို့အဝင်လမ်း လောင်စာဆီရောင်းချသည့် ဆီဆိုင်တန်းတွင် ယနေ့ညနေ ၆ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၈ နာရီကျော်တွင် မီးညွန့်ကျိုးပြီး ည ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ဆီဆိုင် ၄၁ ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်၊ ကားဝပ်ရှော့ဆိုင် တစ်ဆိုင် စုစုပေါင်း ၄၅ ဆိုင် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆီဘောက်ဆာမှ ဆီပီပါအတွင်းသို့ ဂေါက်တံဖြင့်လှည့်၍ ဆီဖြည့်နေစဉ် ဂေါက်တံနှင့် ဆီပီပါ ပွတ်တိုက်မှုကြောင့် မီးပွားကျရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ကနဦးစစ်ဆေးချက်အရ သိရသည်။ **(သတင်းစဉ်)**



# ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်အတည်ပြုချက်များဖြင့် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူပါကြောင်း၊ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပြီး လွှတ်တော်နှစ်ရပ်သဘောတူညီသည့် ဥပဒေကြမ်းအဖြစ် ၂၀၁၇ ခုနှစ် မတ်လ ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပါကြောင်း၊ အဆိုပါ ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ယနေ့ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က** ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် လမ်းဦးစီးဌာနမှ ကြီးကြပ်သည့်လမ်း မိုင်ပေါင်း ၇၁၈၀ ဒသမ ၂ မိုင်ရှိပါကြောင်း၊ ကတ္တရာလမ်း ၄၈၃၉ ဒသမ ၂ မိုင်၊ ကျောက်ချောလမ်း ၃၃၉ ဒသမ ၁ မိုင်၊ အမာခံလမ်း ၇၂၄ ဒသမ ၃ မိုင်၊ ကွန်ကရစ်လမ်း ၃၂၄ ဒသမ ၂ မိုင်၊ မြေသားလမ်း ၅၈၇ ဒသမ ၁ မိုင်ဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ကွန်ကရစ် ၃၃၆ ဒသမ ၃ မိုင် လုပ်ငန်းကိုလည်း ထည့်သွင်းလျာထားပါကြောင်း။

လမ်းများပြင်ဆင်ရာတွင် နှစ်စဉ် ပုံမှန်ပြင်ဆင်ရန်လိုအပ်ချက်အရ ပြင်ဆင်ရသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ပျက်စီးခြင်းများကို ပြင်ဆင်ရသည့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လွှတ်တော်သို့ ပေးထားသည့် ကတိကဝတ်များအရ ပြင်ဆင်ရခြင်းများရှိပါကြောင်း၊ အဆိုပါလမ်းများအားလုံးကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ယခုတင်ပြတောင်းခံငွေထက်များစွာ ကုန်ကျမှုရှိမည်ဖြစ်ပါ၍ လမ်းဦးစီးဌာနအနေဖြင့် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းများကိုသာ တွက်ချက်တင်ပြထားခြင်းဖြစ်ပါကြောင်း။

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် မတ်လကုန်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ထိန်းသိမ်းခဲ့သည့် တံတားများအနေဖြင့် ပေ ၁၈၀ နှင့်အထက် တံတားကြီး(၅၀၆)စင်း၊ ပေ ၁၈၀ အောက်တံတားအစင်း ၄၀၀၀၀ ကျော်ကို ပုံမှန်၊ အထူးနှင့်အရေးပေါ်ပြင်ဆင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန် ပါဝင်ပါကြောင်း၊ ထို့ပြင် သဘာဝဘေးဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများဖြစ်ပေါ်ပါက အရေးပေါ်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်မှစ၍ လမ်း၊ တံတားဖြတ်သန်းခကောက်ခံရရှိရေး ဂိတ်များကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း ထပ်မံဖြေလျှော့ပေးရန် စီစဉ်ထားရှိပါကြောင်း၊ တံတားကြီး၊ ငယ်များမှာ လုံခြုံရေး မီးထွန်းညှိခြင်းအတွက် လျှပ်စစ်မီတာခများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေးဆောင်ရမည်ဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှ ကျခံပေးရမည်ဖြစ်ပါကြောင်း။

တန်ပိုယာဉ်များမဖြတ်သန်းစေရန် လိုအပ်သည့် ကတ္တားများကို တပ်ဆင်ပေးရန်အတွက်လည်း ရန်ပုံငွေလျာထားပါကြောင်း၊ ဒေသအသီးသီးရှိ အခြေစိုက်စခန်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အုပ်ချုပ်မှုအထောက်အကူပြု မော်တော်ယာဉ်များ၊ ရေယာဉ်များပြင်ဆင်ထိန်းသိမ်းခြင်း၊ တံတားပြင်ဆင်ထိန်းသိမ်းရေးအတွက် သုတေသနစစ်ဆေးရေး စက်ကိရိယာများကိုလည်း လိုအပ်ချက်အရ ဝယ်ယူရခြင်းကို တံတားပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေမှ ကျခံသုံးစွဲရခြင်းဖြစ်ပါကြောင်း။


ပြည်ထောင်စုဝန်ကြီး
ဦးခင်မောင်ချို


ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုသည့် ပြင်ဆင်ထိန်းသိမ်းရေး စရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးကျင့်စဉ်များနှင့်အညီ လိုက်နာကျင့်သုံးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး**က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် မူနှင့်အခြေခံသဘောများနှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဘဏ္ဍာရေးမူဝါဒအရ ဘတ်ဂျက်လိုငွေ ဂျီဒီပီအချိုးကို ၄ ဒသမ ၅ ရာခိုင်နှုန်း ဝန်းကျင်ထားရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အစိုးရဘတ်ဂျက်လိုငွေအတွက် ဘဏ္ဍာငွေဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ၏ ၃၀ ရာခိုင်နှုန်းသို့ လျှော့ချဖြည့်ဆည်းရန် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များကို ထင်ဟပ်ပြီး ငွေကြေးပမာဏကို သက်ရောက်စေမည့် အခြားအချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်အတွက် ငွေကြေးပမာဏ ရည်မှန်းချက်အား သီးသန့်ငွေကြေးပမာဏ တိုးတက်မှု ၁၈ ရာခိုင်နှုန်း စုစုပေါင်းငွေကြေးပမာဏ တိုးတက်မှုအား ၂၃ ရာခိုင်နှုန်း ထားရှိသွားမည်ဖြစ်ကြောင်း၊ ပိုလျှံငွေကြေးပမာဏကို နုတ်သိမ်းရန်အတွက် အပ်ငွေ လေလံခေါ်ယူခြင်းကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ ပြင်ဆင်အဆိုပြုချက်များကို သဘောတူကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၏လုပ်ငန်းများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းသစ် ၈ ခု၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၏ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများမှ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများဖြစ်သည့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)လုပ်ငန်း ၂၂ ခု၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) လုပ်ငန်း ၁၃ ခုနှင့် ဖြည့်စွက်လုပ်ငန်းများ အပါအဝင် ဆောင်ရွက်ဆဲစီမံကိန်း ၄၄ ခု၊ ဖြည့်စွက်လုပ်ငန်း ၆၂ ခု၊ လုပ်ငန်းသစ် ၁၅ ခု၊ စက်ကိရိယာတန်ဆာပလာဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း ၊ ရုံးသုံးပရိဘောဂနှင့် ယာဉ်များဝယ်ယူပြင်ဆင်ခြင်း စုစုပေါင်း စီမံကိန်းလုပ်ငန်း ၁၃၀ မှ စီမံကိန်းတန်ဖိုး ၁၁၆၅၂၄ ဒသမ ၅၇ သန်းကိုလျှော့၍ ခွင့်ပြုရန် ဒေါက်တာ မြတ်ဉာဏစိုးက အဆိုတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် တင်ပြထားသည့် စက်ရုံများမှ စက်ရုံ ၃ ရုံအတွက် စိစစ်လျှော့ချထားသည့်ငွေများအနက် စုစုပေါင်း ကျပ် ၅၉၀ ဒသမ ၆၉၈ သန်းကို ပြန်လည်ခွင့်ပြုပေးပါရန်၊ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအချို့ကို လတ်တလော ရင်းနှီးမြှုပ်နှံမှုများ ရပ်ဆိုင်း၍ လေ့လာသုံးသပ်ရေးကော်မတီများဖွဲ့စည်းပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို လေ့လာသုံးသပ်မည့်အဆိုကို ကြိုဆိုလက်ခံကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံခြင်းနှင့် ပြန်လည်ထည့်သွင်းလျာထားတောင်းခံခွင့်ပြုနိုင်ပါရန် တင်ပြဆွေးနွေးရာ **ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး**က အကြီးစားစက်ရုံ(ကျောက်ဆည်)၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)နှင့် အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ)တို့အတွက် စက်ကိရိယာတန်ဆာပလာများဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ကျပ် ၅၉၀ ဒသမ ၆၉၈ သန်းကို လွှတ်တော်က ပြန်လည်ခွင့်ပြုပေးရန် ထပ်မံအဆိုပြုချက်ကို ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောတူကြောင်း တင်ပြဆွေးနွေးသည်။

အဆိုနှင့် စပ်လျဉ်း၍ **မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်**က ပင်းပက်သံမဏိစက်ရုံ ရပ်ဆိုင်းထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်ရုံကို စိုးရိမ်စရာမရှိကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အဆိုပြုထားသည့် စီမံကိန်းတန်ဖိုးကိုလျှော့၍ ခွင့်ပြုရန်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူရာ ထောက်ခံမဲ ၃၃၅ မဲ၊ ကန့်ကွက်မဲ ၁၉၂ မဲ၊ ကြားနေမဲ ၈ မဲဖြင့် အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

အဆိုပါ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ ပြင်ဆင်အဆိုပြုချက်များ၊ ပြန်လည်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ သဘောထားဆန္ဒရယူ၍ သီးခြားစီ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာပါခြေဆင်း၊ နိဒါန်း၊ အပိုဒ်၊ အပိုဒ်ခွဲများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို သီးခြားစီ ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်း၏ အပိုဒ် ၃၊ အပိုဒ်ခွဲ ခ မှ စ ထိ၊ အခန်း ၂ ခေါင်းစဉ်၊ အခန်း ၃ ခေါင်းစဉ်နှင့် အပိုဒ် ၅ မှ အပိုဒ် ၁၃ ထိတို့သည် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားနှင့်အညီ မူလအဆိုပြုချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်ကြောင်း အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်း၏ ခေါင်းစဉ်နှင့်နိဒါန်းသည် မူလအဆိုပြုချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ဥပဒေကြမ်း၏ ပူးတွဲဇယား ၁ မှ ၇ ထိပါဝင်သည့် စီမံကိန်းတန်ဖိုးများနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ ၂ ပါ စီမံကိန်းလုပ်ငန်းများအပေါ် လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီ ရရှိသည့် ကိန်းဂဏန်းတန်ဖိုးများအတိုင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ယင်းနောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥပဒေမူကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းရာ ပြည်ထောင်စု လွှတ်တော်နာယက က လွှတ်တော်၏သဘောထားဆန္ဒရယူပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်း ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

**မင်းဝေမွေး(သတင်းစဉ်)**



## ညောင်လေးပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံသုံးပစ္စည်းများ ထုတ်ပေးလျက်ရှိ

**ညောင်လေးပင် မတ် ၁၅**

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော် အမှတ်(၄) မဲဆန္ဒနယ်အတွက် ညောင်လေးပင်မြို့နယ်၌ မဲရုံပေါင်း ၁၅၀ နှင့် ကျောက်တံခါးမြို့နယ်တွင် မဲရုံပေါင်း ၂၀၃ ရုံ ဆောင်ရွက်ထားရှိကာ မတ် ၁၅ ရက် နံနက် ၁၁ နာရီက ညောင်လေးပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံသုံးပစ္စည်းများ စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Hong Liangအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ်(I-11)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



# ပြည်တွင်းရေးရာ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ရန် ဆောင်ရွက်နေမှုကြည့်ရှုစဉ်။ (သတင်းစဉ်)

### ☆ သိမ်းဆည်းခံလယ်ယာမြေများမှ

ယင်းနောက် ဒုတိယသမ္မတက စဉ့်ကူးမြို့နယ် ညောင်ဝန်းကျေးရွာ မူလတောင်သူများကိုယ်စား တောင်သူဦးစောအောင်ထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို ပေးအပ်သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးပေါခင်နှင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စုနှင့် ညောင်ဝန်းကျေးရွာ၊ မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စုတို့မှ မူလတောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်များထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်စုပေါင်းခန်းမ၌ ကျင်းပသည့် ကန့်ဘလူခရိုင်အတွင်းမှ ပြန်လည်စွန့်လွှတ်မြေများအား မူလတောင်သူများသို့ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၃) ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြန်လည်စွန့်လွှတ်မြေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မူလတောင်သူ ၆၆ ဦးကိုယ်စား တောင်သူဦးလှသွင်၊ တောင်သူ ဦးဝင်းရှောင်နှင့် တောင်သူဦးတင်စိုးတို့ထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်းတို့က မူလတောင်သူ ၁၆၂ ဦးကိုယ်စား တောင်သူကိုယ်စားလှယ်များထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)ကို ပေးအပ်ကြသည်။

အခမ်းအနားများတွင် ဒုတိယသမ္မတက သိမ်းဆည်းခံလယ်ယာမြေများ၊ အခြားမြေများကို မူလပိုင်ရှင်ပြည်သူများလက်ဝယ်ကို ပေးအပ်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် မူဝါဒများ၊ လမ်းညွှန်ချက်များချမှတ်ပြီး ဆောင်ရွက်နေကြောင်း၊ မြေယာကိစ္စသည် ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်း အထောက်အထားနှင့် ဥပဒေကြောင်းအရ ညီညွတ်မှုစသည့် အချက်များနှင့် စိစစ်ဆောင်ရွက်ရသည့်အတွက် ကိုင်တွယ်ဖြေရှင်းရာတွင် သေချာရန် အချိန်ယူရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသည့်အတိုင်း ကရုဏာနှင့်ယှဉ်ပြီး တရားမျှတမှုရရှိအောင် အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနေကြောင်း။

လယ်သမားများအတွက် လယ်ယာမြေသည် အသက်သွေးကြောဖြစ်ကြောင်း၊ မိမိတို့စိုက်ပျိုးရေးနိုင်ငံအတွက် လယ်သမားများသည်လည်း အသက်သွေးကြောပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လယ်သမားများအတွက် အသက်တမျှ အရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် မိမိတို့အစိုးရအနေဖြင့် ဦးစားပေးအထူးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ဆောင်ရွက်နေပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေယာများထဲက အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်များထံ မြန်မြန်ရောက်လျှင် မြန်မြန်အကျိုးရှိမည်ဖြစ်သည့်အတွက် စိုက်ပျိုးရာသီအမီ အမြန်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်မှုရှိစေမည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ကာ စနစ်တကျ စိစစ်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လယ်မဲ့၊ ယာမဲ့ဖြင့် အလုပ်အကိုင်အခွင့်အလမ်းမရှိသည့်အတွက် ကျေးလက်ဒေသကို စွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက် ရွှေ့ပြောင်းကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်နေမှုများ၊ ခေတ်ပညာတတ်လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေမှုများ တဖြည်းဖြည်း လျော့ကျလာမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မူလပိုင်ရှင်တောင်သူလယ်သမားများထံ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် လွှဲပြောင်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က အရာထမ်း၊ အမှုထမ်းများအနေဖြင့် မြေယာဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ စေတနာထား လုပ်ကိုင်ကြရန် လိုအပ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း လုပ်ငန်းစဉ်မြန်ဆန်မှန်ကန်စေရေးပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း။

မြေယာပြဿနာများကို လျင်လျင်မြန်မြန်ဖြေရှင်းနိုင်ရန် ဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အဆောတလျင် ဦးစားပေးဖြေရှင်းပေးရမည့် သိမ်းဆည်းမြေဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးလျက်ရှိကြောင်း။

လယ်ယာမြေများသည် ဘိုးဘွားပိုင်အမွေအနှစ်အစစ် ဖြစ်သည့်အတွက် သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရရှိထားသည်ကို တန်ဖိုးထားပြီး စားနပ်ရိက္ခာ ဖူလုံမှုရရှိအောင် စိုက်ပျိုးလုပ်ကိုင်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားများတွင် အမှတ်(၁၂၁) ထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်ရင်းစွန့်လွှတ်မြေမှ စဉ့်ကူးမြို့နယ် မူလတောင်သူ ၂၂၅ ဦးအား မြေဧရိယာ ၁၂၆၉ ဒသမ ၃ ဧက၊ မတ္တရာမြို့နယ် အနာကြီးဆေးရုံ (ရေနံ့သာ) စွန့်လွှတ်မြေမှ မူလတောင်သူ ၂၃ ဦးအား မြေဧရိယာ ၁၄၀ ဒသမ ၅၁ ဧကတို့ကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကုမ္ပဏီလုပ်ပိုင်ခွင့်ရစွန့်လွှတ်မြေမှ ကန့်ဘလူခရိုင်အတွင်း မူလတောင်သူ ၂၂၈ ဦးထံ လယ်ယာမြေ ၃၇၉၂ ဒသမ ၆၄ ဧကအတွက် ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)များကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်ရေထုတ်ပေါက်များ ထိန်းချုပ်ခန်း၊ ရေထုတ်ပေါက်များမှ ဆည်ရေထုတ်လွှတ်နေမှု၊ ဆည်ရေဝင်ရောက်မှုနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့အတွင်း လိုက်လံကြည့်ရှုကြသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သဖန်းဆိပ်ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ် မိုးရေချိန်လက်မနှင့် ရေဝင်ရောက်မှု၊ နှစ်အလိုက်မိုးစပါး၊ နွေစပါးစိုက်ပျိုးရေပေးဝေမှု၊ နှစ်အလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ပတ်ဝန်းကျင်၌ ဆက်စပ်ဆည်များ တည်ရှိနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက စိုက်ပျိုးရေးအတွက် များစွာအကျိုးပြုနေသည့် သဖန်းဆိပ်ဆည်ကို နုန်းပို့ချမှုနည်းစေရန် ဆည်အထက်၌ ရွှေတူးဖော်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ သဖန်းဆိပ်ရေလှောင်တမံကို ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ ရေလှောင်တမံမှာ အမြင့် ၁၀၈ ပေ၊ အလျား ၂၂၅၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၂၇၉၄၀၀ ရှိပြီး စိုက်ပျိုးမြေဧက ၇၅၀၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မုံရွာမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် ကနီမြို့ရှိ တောင်ပျော်တွင်းနှင့် တွင်းမတောင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တွင်းမတောင်၌ စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်မှ စိမ်းပြာရေညှိထုတ်လုပ်နေမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းနံဘေးတစ်လျှောက် ကမ်းပြိုမှုမှကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ကလေးသူငယ်စာပေ ဒုတိယအကြိမ် ဘာသာပြန်ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် မတ် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association - SVA) တို့ပူးတွဲကျင်းပသည့် ကလေးသူငယ်စာပေ ဒုတိယအကြိမ် ဘာသာပြန်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က "၂၀၁၄ ခုနှစ်ကစပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်တစ်ကြိမ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ လူငယ်တွေဖတ်သင့်တဲ့စာပေ ဘာသာပြန်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ စာကြည့်တိုက်တွေကို အခမဲ့ ဖြန့်ဝေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ဒီလို ဘာသာပြန်တာမျိုးမလုပ်တော့ဘဲ လူငယ်တွေ ဘာသာပြန်စွမ်းရည် တိုးတက်ရေးနဲ့ ကလေးစာပေတွေ ဖွံ့ဖြိုးရေးအတွက် ကလေးသူငယ်စာပေ ဘာသာပြန်ပြိုင်ပွဲကျင်းပဖို့ ပူးတွဲဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်"ဟု ပြောသည်။



စာပေဗိမာန်နှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့သည် ဂျပန်နိုင်ငံ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဗဟိုဌာနက ထုတ်ဝေသည့် ကလေးသူငယ်များအတွက် ပုံဝတ္ထုများ၊ (Asian Stories for Young Readers) စာစဉ် သုံးခုမှ ဝတ္ထုတို ၁၀ ပုဒ်ကို စုစည်း၍ ပြဋ္ဌာန်းစာအုပ်အဖြစ် ရွေးချယ်ခဲ့ပြီး စာမူများယှဉ်ပြိုင်ကြရန် သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဖိတ်ခေါ်ခဲ့ကာ ပြဋ္ဌာန်းစာမူနှင့်အတူ ပြိုင်ပွဲဝင်ပုံစံ၊ ပြိုင်ပွဲဝင်စည်းကမ်းတို့ကို ထုတ်ဝေခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင် စာမူ ၂၃ ခုကို စာပေဗိမာန်၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပြင်ပပညာရှင်တို့ ပါဝင်သည့် စာမူစိစစ်ရေးအဖွဲ့က ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲလျက် စိစစ်ရွေးချယ်ခဲ့ကြသည်။ ပဏာမအဆင့်တွင် စာမူ ၁၅ ခု၊ ဆန်ခါတင်အဆင့်တွင် စာမူ ၁၀ ခု၊ အတည်ပြုအဆင့်တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု နှစ်ဆုကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ Country Director Ms. Aki Nakahara က "တိုင်းပြည်ရဲ့ အနာဂတ်တာဝန်ကို ထမ်းဆောင်ကြမယ့် ကလေးတွေဟာ အရေးပါတဲ့ ရတနာများဖြစ်ကြပါတယ်။ ကလေးစာပေထုတ်ဝေရေး ဖွံ့ဖြိုးတိုးတက်မှုဟာလည်း တိုင်းပြည်နဲ့ ကလေးသူငယ်တွေအတွက် အထောက်အကူကောင်း ဖြစ်လာပါလိမ့်မယ်။ ဒီရည်ရွယ်ချက် ဖြစ်မြောက်စေဖို့ ကျွန်မတို့အဖွဲ့က တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်ပေးဖို့ရှိပါတယ်" ဟု ပြောသည်။

ဘာသာပြန်ပြိုင်ပွဲ ဆုရရှိသူများမှာ ပထမဆုကို "ငွေကြယ်များဆီသို့နှင့် အာရှပုံပြင်များ" စာမူဖြင့် ဩမြတ်မေကို ကလည်းကောင်း၊ ဒုတိယဆုကို "ကြယ်စင်များဆီသို့" စာမူဖြင့် သက်လယ်၊ တတိယဆုကို "လူငယ်တို့အတွက် အာရှပုံပြင်များ"စာမူဖြင့် ဆွေဇင်မိုး၊ အထူးဆု (၁)ကို "ကြယ်စင်များဆီ လှမ်းတက်ချိန်နှင့် အခြားပုံပြင်များ"စာမူဖြင့် မေသက်(ဆေးဝါး)နှင့် အထူးဆု(၂)ကို "ကြယ်စင်များဆီ ခရီးထွက်ခြင်းနှင့် အခြားဝတ္ထုတိုများ"စာမူဖြင့် ခြူးမျက်သွယ်(ခြူး)တို့က ရရှိကြသည်။

ပထမရရှိသူ ဩမြတ်မေကိုက "ဝမ်းသာပါတယ်။ ပထမဆုံး ဘာသာပြန်လက်ရာ ဖြစ်ပါတယ်။ နောက်ထပ်စာပေဗိမာန်က ကျင်းပတဲ့ ဘာသာပြန်စာပေပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ အစီအစဉ်ရှိပါတယ်။ လူကြီးပိုင်းတွေဖတ်တဲ့ ဘာသာပြန်စာပေတွေလည်း ပြန်ဆိုရေးသားသွားမှာပါ"ဟု ပြောသည်။

ပြိုင်ပွဲတွင် ပထမဆုရစာမူကို စာအုပ်အဖြစ်ရိုက်နှိပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးကုသမှုခံယူလျက်ရှိသည့် မိဘမဲ့ကလေးငယ်အား သွားရောက်ကြည့်ရှု



**နေပြည်တော် မတ် ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော် ဆေးရုံကြီး(ခုတင်-၁၀၀၀) နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဌာန၌ တက်ရောက်စစ်ဆေးကုသမှု ခံယူလျက်ရှိသည့် နှစ်လသားအရွယ် မိဘမဲ့ကလေးငယ် မဆောင်းဒီဇင်ဘာထွန်းအား သွားရောက်ကြည့်ရှုသည်။ **(ယာပုံ)**

ကလေးငယ် မဆောင်းဒီဇင်ဘာထွန်း၏ ဖခင် ဦးဝေယံထွန်းနှင့် မိခင်ဒေါ်ဗျာမီးတို့သည် လောက်ကိုင်မြို့ရှိ ယောအဲရှိုမူလတန်းကျောင်းကို MNDAA လက်နက်ကိုင်အဖွဲ့များက မတ် ၆ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ပစ်ခတ်မှုဖြစ်စဉ်၌ သေဆုံးခဲ့ပြီး အဆိုပါ ကလေးငယ်တစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မဆောင်းဒီဇင်ဘာထွန်းအား ဆေးရုံရှိအထူးကုဆရာဝန်ကြီးများက နားပိုင်းဆိုင်ရာနှင့် နှလုံးပိုင်းဆိုင်ရာ စစ်ဆေးနေမှုကို ကြည့်ရှုပြီး လိုအပ်သည့်စစ်ဆေးကုသမှုဆိုင်ရာများကို ပြည့်စုံစွာဆောင်ရွက်ပေးရေး မှာကြားသည်။

ယင်းနောက် မဆောင်းဒီဇင်ဘာထွန်း၏ ဘိုးဘွားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကလေးငယ်အတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ကလေးငယ်အား ဆေးရုံသို့ လိုက်ပါပို့ဆောင်ပေးသည့် ဆွေမျိုးများနှင့် ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကလေးငယ် မဆောင်းဒီဇင်ဘာထွန်းကို ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရွှေပြည်တော်သို့ဆုံမှတ် ပရဟိတအသင်းက ၎င်း၏ဘိုးဘွားများနှင့်အတူ နေပြည်တော်သို့ ခေါ်ဆောင်လာခြင်းဖြစ်ပြီး ကလေးငယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်မှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်တို့သည် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မစ္စတာ ဂိုချောက်တောင်က မြန်မာနိုင်ငံအပေါ် များစွာသံယောဇဉ်ရှိပြီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်းနှင့် မြန်မာနိုင်ငံရေး အခြေအနေတွင် တပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုရှိပြီး ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်သည်ဟု ရှုမြင်သုံးသပ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိအစိုးရနှင့် လွှတ်တော်သက်တမ်း တစ်နှစ်တာကာလအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အောင်မြင်ရေးအတွက် တပ်မတော်မှ ရပ်တည်လုပ်ဆောင်နေမှုများ၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် တည်တည်ငြိမ်ငြိမ်ဖြင့် အောင်မြင်စေရေး၊ တိုင်းပြည်တိုးတက်ရေးအတွက် စီးပွားရေး အားကောင်းစေရေးတို့အတွက် မျှော်လင့်ချက်ထားပြီး ဝိုင်းဝန်းလုပ်ဆောင်နေမှုကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

❒

**❖ ကျောဖုံးမှ**

ငါးရက်ကြာ လေ့ကျင့်သင်ကြားပေးပြီးနောက် ကစ္ဆပနဒီ (၁) ရေယာဉ်ကို စစ်တွေမြို့သို့ မောင်းနှင်သယ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ အလျူမီနီယမ်ကိုယ်ထည်ဖြင့် တည်ဆောက်ထားသည့် ကစ္ဆပနဒီ (၁)ရေယာဉ်သည် အလျား ၂၉ ဒသမ ၉၀ မီတာ၊ ရေစူး ၁ ဒသမ ၆ မီတာရှိပြီး ခရီးသည် ၁၄၅ ဦး သယ်ဆောင်နိုင်ကာ တစ်နာရီ ရေမိုင် ၂၀ မောင်းနှင်နိုင်သော ရေယာဉ်ဖြစ်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လေကြောင်းနှင့် ရေကြောင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီအထောက်အပံ့အစီအစဉ်ဖြင့် စီမံကိန်းအသစ် ရှစ်ခု ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါစီမံကိန်းများအနက်မှ ဂျပန်နိုင်ငံအစိုးရက တရားဝင်ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့အဖြစ် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွား ခရီးသည်တင်ရေယာဉ် သုံးစင်းလှူဒါန်းရန်နှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများက အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ ရခိုင်ပြည်နယ်၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးခရီးစဉ်များတွင် အသုံးပြုရန် ဂျပန်နိုင်ငံမှ ပေးပို့မည့် ကစ္ဆပနဒီ (၂)သည် မေလအတွင်း ရောက်ရှိလာမည်ဖြစ်ပြီး ကစ္ဆပနဒီ (၃) ရေယာဉ်ကို ဆက်လက်ပို့ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လောက်ကိုင်နှင့် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်းလမ်းကြောင်းကို စိုးမိုးသည့် ပွိုင့် - ၁၂၆၉ တောင်ကုန်းအား တပ်မတော်မှ သိမ်းပိုက်ရရှိ


**နေပြည်တော် မတ် ၁၅**

လောက်ကိုင်နှင့် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်းသို့ ဆက်သွယ်ထားသော လမ်းကြောင်းကို စိုးမိုးနေသည့် တောင်ကုန်းများ၌ အခြေပြုထားသော MNDAA လက်နက်ကိုင်အဖွဲ့များကို တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူပစ်အား ရယူ၍ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ခဲ့ရာ ယနေ့နံနက် ၁ နာရီတွင် ပွိုင့်-၁၂၆၉ တောင်ကုန်းအား သိမ်းပိုက်ရရှိခဲ့ပြီး အလောင်း သုံးလောင်းနှင့် အာရ်ပီဂျီ နှစ်လက်အပါအဝင် လက်နက်မျိုးစုံ ရှစ်လက် သိမ်းဆည်းရရှိကာ မိမိအရာရှိ၊ စစ်သည်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

လောက်ကိုင်မြို့နှင့် နှစ်နိုင်ငံနယ်စပ်ကြားတွင် မတ် ၆ ရက်မှစတင်၍ MNDAA လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်နေရာယူထားသော ပွိုင့်-၁၂၆၉၊ ပွိုင့်-၁၀၈၈၊ ဘီပီ-၁၂၆ နှင့် ဘီပီ-၁၂၇ အနီးတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေအေးချမ်းတည်ငြိမ်ရေး ရှင်းလင်းဆောင်ရွက်ခဲ့ရာ မတ် ၆ ရက်မှ ၁၄ ရက်အထိ တိုက်ပွဲ ကြီး/ငယ် ၅၇ ကြိမ် ဖြစ်ပွားခဲ့ပြီး အလောင်း ၁၇ လောင်းနှင့် လက်နက် ၂၇ လက် သိမ်းဆည်းရရှိခဲ့ပြီးဖြစ်သည်။

ထိုသို့ ပွိုင့်-၁၂၆၉ တောင်ကုန်းအား သိမ်းပိုက်ရရှိမှုကြောင့် လောက်ကိုင်- ရန်လုံကျိုင်းလမ်းကြောင်းကို ထိန်းချုပ်နိုင်ခဲ့ပြီး လောက်ကိုင်အရှေ့ခြမ်းနယ်မြေ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် တပ်မတော်စစ်ကြောင်းများက MNDAA လက်နက်ကိုင်အဖွဲ့များအား ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# "ဟဲလို . . . ဟဲလို . . . ဘယ်ရောက်နေလဲ" . . . တဲ့

ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် စတင်ခဲ့သည်။ မတ် ၁၆ ရက်ဆိုပါလျှင် ရက် ၆၀ ပြည့်ပါပြီ။ YBS စတင်ပြီး ငါးရက်မြောက် နံနက်ပိုင်း (နာရီပေါင်း ၁၀၀ပြည့်ချိန်)တွင်မှ ပင်စင်စားဘကြီးအောင်တစ်ယောက် ကိုယ်သွားရမည့် ခရီးစဉ်နှင့်ဆိုင်သော YBS ယာဉ်လိုင်းကို စတင်စီးဖြစ်ခဲ့ပါသည်။

စတင်စီးနင်းစဉ်က YBS ၏ကောင်းကွက်များကိုရှာပြီး ဘကြီးအောင်တစ်ယောက် YBS ကို အမှတ်ပြည့်ပေးခဲ့ပါသည်။ ဒီလိုအမှတ်ပြည့်ပေးလို့ ကိုယ့်ဝန်းကျင်၊ ကိုယ့်လုပ်ဖော်များ၏ ပြစ်တင်ပြောဆိုဝေဖန်မှုကို အလူးအလဲခံခဲ့ရသည်။ သို့သော် ဘကြီးအောင်တစ်ယောက် YBS မှ YBS ကိုသာ နေ့စဉ်အားပေးခဲ့ပါသည်။

စီမံခန့်ခွဲသူများ၏ မှန်ကန်သောစေတနာလုပ်ရပ်များကြောင့် သွားလာရေးအဆင်ပြေကြသူများ၊ ယာဉ်စီးခသက်သာသွားကြသူများ၊ ခရီးစဉ်အနီးအဝေး ကျုံ့သွားကြသူများ၊ အချိန်ကုန်သက်သာသွားကြသူများကြား YBS ၏ ကောင်းသတင်းရေပန်းစားသကဲ့သို့ ခရီးသွားများအပေါ် ဝန်ဆောင်မှုကောင်းသော ယာဉ်လိုင်းများစွာလည်းရှိသည်။

သို့သော် YBS ကို နေ့စဉ်အားပေးမှုကြောင့် YBS အကြောင်း တဖြည်းဖြည်းချင်း သိရှိတွေ့မြင်လာရပါသည်။ တွေ့မြင်ရသည့်အထဲတွင် ခရီးသွားပြည်သူများအတွက် ဝန်ဆောင်မှုကောင်းများ တဖြည်းဖြည်းလျော့နည်းလာမှု၊ ခရီးသွားပြည်သူများ အသက်အန္တရာယ်ရှိနိုင်မှုလုပ်ရပ်များကြောင့် YBS ကို ပေးထားသည့် အမှတ်ပြည့်တွေထဲကအမှတ်တွေကို တဖြေးဖြေးချင်းပြန်နုတ်ရမလို ဖြစ်နေရပါပြီ။

YBS စတင်စဉ် ရက်ပိုင်းအတွင်း ပင်စင်စားဘကြီးအောင်တို့၏ သက်ကြီးပိုင်းများ ကားပေါ်တက်လျှင် "ဘကြီးဖြည်းဖြည်းတက်" ကားပေါ်မှဆင်းလျှင် "ဘကြီး လက်တန်းကိုင်ဆင်း . . သက်ကြီးပိုင်းပါတယ်"စသည့် အသံများရှိတော့ရှိသေးသည်။ နည်းလာပါပြီ။ တဖြည်းဖြည်းချင်း ယခင်ပုံစံမျိုးပြန်ရောက်သွားမည်ကို စိုးရိမ်မိပါသည်။

ခရီးနီးနီးဝေးဝေး ကားပေါ်တက်သည်နှင့် ကျပ်နှစ်ရာပါ။ ခရီးဝေးသူများအတွက် မသိသာလှသော်လည်း ဘကြီးအောင်တို့လို သုံးလေးမှတ်တိုင်ခရီးကို စီးနင်းရသူများ (ယခင်ကငွေကျပ် ၁၀၀ ခရီး)အတွက် နေ့စဉ်ဆိုပါက သိသာပါမည်။ ဤသည်ကိုခရီးသွားများအဆင်ပြေစေရန် YBS စတင်စဉ်က ခရီးစဉ် အနီး၊ အဝေးကိုလိုက်ပြီး ယာဉ်စီးခကို ပြန်လည်စဉ်းစားပေးပါမည်ဟုပြောဆိုသံများ ကြားမိပါသည်။ ယခုအဆိုပါအသံများလည်း တဖြည်းဖြည်းချင်း အသံတိမ်လာနေပါသည်။

ဥပဓိရုပ်မကောင်းသော YBS ယာဉ်များကို ယာဉ်သစ်ကြီးများဖြင့် ဘယ်နှလအတွင်း ပြည့်စုံလုံလောက်အောင် အစားထိုးပေးမည်ဟုဆိုကြသော်လည်း ယနေ့နှစ်လသား YBS ယာဉ်လိုင်းများတွင် ဥပဓိရုပ်မကောင်းသောယာဉ်များ တွေ့နေရ၊ စီးနေရ၊ ကြုံနေရဆဲပါ။ ယာဉ်သစ်များ အစားဝင်လာသည်လည်းရှိပါသည်။

အားလုံးထဲပိုဆိုးသည်မှာယာဉ်မောင်း၊ ယာဉ်နောက်လိုက် အများစုတွင် လက်ကိုင်ဖုန်းကိုယ်စီအများစုရှိကြသည်။ မိမိဘယ်ကိုရောက်နေသည်။ ရှေ့ယာဉ်ကဘယ်ကိုရောက်နေသည်။ နောက်ယာဉ်က ဘယ်မှာသိအောင် ယာဉ်မောင်းနေစဉ် ဖြစ်စေ၊ မှတ်တိုင်တစ်မှတ်တိုင်ရောက်တိုင်းဖြစ်စေ လက်ကိုင်ဖုန်းဖြင့် "ဟဲလို . . . ဟဲလို ဘယ်ရောက်နေလဲ" မေးကြသည်။ ယာဉ်မောင်းကိုယ်တိုင်လည်းမေးသည်။ ယာဉ်နောက်လိုက်ကလည်း မေးသည်ကို နေ့စဉ်စီးနေကျ ယာဉ်အများစုတွင်တွေ့ရသည်။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဖြစ်ရန် အလွန်နီးစပ်လှသည်။ ခရီးသွားများအတွက် အသက်အန္တရာယ် စိုးရိမ်စရာကောင်းလှသည်ကို တွေ့ရပါသည်။

ခရီးသွားများ၊ လမ်းသွားလမ်းလာများ၊ ယာဉ်အချင်းချင်းများ ထိခိုက်အန္တရာယ်မရှိအောင် ယာဉ်မောင်းနေစဉ်အတွင်း ယင်းသို့ လက်ကိုင်ဖုန်းဖြင့် ပြောခြင်းမပြုရဟု သက်ဆိုင်ရာက ညွှန်ကြားအသိပေးထားပြီးဟု သိရှိရပါသည်။

ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ လိုရာခရီးရောက်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသွားယာဉ်စီးနင်းသူများအားလုံး တာဝန်ကိုယ်စီ အသိညီညီဖြင့် ပူးပေါင်းတာဝန်ယူ ကူညီကြပါရန်နှင့် YBS ရည်ရွယ်ချက်အောင်မြင်ပါစေကြောင်း ဆန္ဒပြုဆုတောင်းနေမိပါကြောင်း။

"ရက်၆၀၊နှစ်လသား YBS "

"ဟဲလို . . . ဟဲလို . . . ဘယ်ရောက်နေလဲ" . . . တဲ့လား။

**သတင်းဆောင်းပါး-ဘကြီးအောင်**

# ကိုကိုးကျွန်းမြို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ရန်ကုန်  မတ်  ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ယမန်နေ့နံနက်ပိုင်းက တပ်မတော်လေယာဉ်ဖြင့် ကိုကိုးကျွန်းမြို့သို့ သွားရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကိုကိုးကျွန်းမူကြိုသို့သွားရောက်၍ မူကြိုသင်ကြားရေး နည်းစနစ်များ ခေတ်နှင့်အညီ ဖြစ်စေရေး၊ သင်ထောက်ကူပစ္စည်းများ လုံလောက်စွာရှိရေးတို့ကို မှာကြားခဲ့ပြီး ကလေးငယ်များအား ကြက်ကြော်များ ကျွေးမွေး၍ ကစားစရာအရုပ်များ ဝေငှခဲ့သည်။

ယင်းနောက် မြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဝန်ကြီးဌာန၏မူဝါဒနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကိုကိုးကျွန်းမြို့နယ်အတွက် အချိန်အခါမရွေး ဆက်သွယ်နိုင်သော Single Sided Band (SSB) စကားပြောစက်တစ်လုံး၊ FM ရေဒီယိုများ၊ အစားအစာများနှင့်



ဝန်ကြီးဌာနသတင်းလွှာများ ထောက်ပံ့ခဲ့ပြီး ကိုကိုးကျွန်းမြို့အထကတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုနေမှုကို သွားရောက်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကိုကိုးကျွန်းမြို့နယ် ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများကို အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ဇိနမာရ်ဇိန်ကျောင်းတိုက်သို့သွားရောက်၍ ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၃ ရက်ညပိုင်းက လုပ်ခတ်ခဲ့သော လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် တိုက်ကြီးမြို့သို့ ညနေ ၃ နာရီတွင်ရောက်ရှိ၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နေအိမ်ထိခိုက်ပျက်စီးခဲ့သော ပြည်သူများ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပျက်စီးသွားသောသာသနိကအဆောက်အအုံ ၂၉ လုံးအတွက် တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းနှုန်း၊ ပျက်စီးသွားသောလူနေအိမ်ခြောက်လုံးအတွက် တစ်လုံးလျှင် ငွေကျပ်နှစ်သိန်းနှုန်းထောက်ပံ့ခဲ့ပြီး တိုက်ကြီးမြို့နယ်ရဲစခန်းတွင် ပျက်စီးသွားသော လူနေအိမ်လိုင်းခန်းများကို သွားရောက်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုက်ကြီးမြို့နယ်ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူနေသော လူနာခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ပြီး လေပြင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုရှိသော မြို့နယ်လဝကရုံးနှင့် မစိုးရိမ်ပရိယတ္တိစာသင်တိုက်နှင့် စေတီသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသောဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျစီစဉ်ကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဈေးကွက်အတွင်းရှိ ဆေးဝါးများကို စိစစ်ခဲ့ရာ အောက်ဖော်ပြပါဆေးဝါး ကိုးမျိုးသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော တရားမဝင်ဆေးဝါးများဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်-

| စဉ် | ဆေးအမည် | ဆေးဘူး/ဆေးကတ်တွင်ဖော်ပြချက် |
|---|---|---|
| ၁။ | Samitil 5mg Tablet (Prochlorperazine maleate IP 5mg) | Alco Formulation (India), India |
| ၂။ | Emigo Tablet (Ondansetron Hydrochloride IP eq to Ondansetron 4mg) | Zuventus Healthcare Ltd |
| ၃။ | Stemetil Injection (Prochlorperazine mesylate IP 12.5mg)/ml | Abbott Healthcare Pvt Ltd, India |
| ၄။ | Anelquane Tablet(Paracetamol IP 200mg, Calcium sulphate dehydrated IP 250mg, Chlorpheniramine maleate IP 2mg) | V.I.P P'cals Pvt Ltd, India |
| ၅။ | Melanocyl Topical Solution(25ml) (Methoxsalen USP 1.0%w/v) | Wardex P'cals Pvt Ltd, Dist. Ghaziabad(U.P) |
| ၆။ | Melanocyl Tablet (Methoxsalen USP 10mg) | Franco-Indian Remedies Pvt Ltd, Chennai |
| ၇။ | OPC Tablet(Diclofenac sodium IP 50mg, Paracetamol IP 325mg, Chlorpheniramine Maleate IP 4mg, Magnesium trisilicate IP 100mg) | Cotec Healthcare(P)Ltd, India |
| ၈။ | Otrivin Nasal Solution(adult)(Xylometazoline HCl IP 0.1%w/v) | Vivimed Labs Ltd, India |
| ၉။ | Oxytetracycline Injection IP (30ml) (Oxytetracycline IP 50mg,Lignocaine HCl IP 2%) | Dueful Healthcare Pvt Ltd |

အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရရှိထားသောဆေးဝါးများကို ဆရာဝန်ညွှန်ကြားချက်ဖြင့် ဝယ်ယူသုံးစွဲပါရန် အသိပေးအပ်ပါသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးအတွက် စောင့်ရှောက်မှုဆောင်ရွက်ပေးသူများအနေဖြင့် မိမိတို့သုံးစွဲနေသည့် ဆေးဝါးများနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ် တစ်စုံတစ်ရာရှိပါက သတင်းပေးပို့အကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို တင်သွင်းဖြန့်ဖြူးရောင်းချခြင်း(လက်လီ/ လက္ကား) လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မ(၁၈)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**


# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်





# မိုးဟုတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပ

**ညောင်တုန်း မတ် ၁၅**

ညောင်တုန်းမြို့ ရှေးဟောင်းသမိုင်းဝင်မြို့ဦးမိုးဟုတ်စေတီတော်မြတ်ကြီး၏ (၁၅၁)ကြိမ်မြောက်ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲကို မတ် ၁၂ ရက်က အဆိုပါစေတီတော်ကြီးရင်ပြင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့ပေါ်ဘုန်းကြီးကျောင်းနှင့် ကျောင်းတိုက် ၇၆ တိုက်တို့မှ သံဃာတော်များနှင့် သီလရှင်အပါး ၃၀၀ ကျော် ကြွရောက်အလှူခံရာ စေတနာရှင်များက ဆွမ်းဆန်တော်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ဆေးဝါး၊ အချိုရည်၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းတန်ဖိုး စုစုပေါင်းသိန်း ၁၂၀ ကျော်ခန့် စုပေါင်းပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# ရေးမြို့နယ် ကော့လှိုင်ကျေးရွာ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ရေး မတ် ၁၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ရေးမြို့နယ် ကော့လှိုင်ကျေးရွာအုပ်စု ဟံဂံ-ကော့လှိုင်၊ ဆင်ကူးကျေးရွာနှင့် ဆက်သွယ်ထားသော ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲဝင်း၊ မြို့နယ်ဦးစီးမှူး ဦးမင်းထောစံနှင့် တာဝန်ရှိသူများက လဝီမွန်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဟံဂံ-ကော့လှိုင်-ဆင်ကူး အပိုင်း(၁)ကတ္တရာလမ်းခြင်း (၁/၀)မိုင်၊ Rock Well Mining ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော ဟံသာ-ကော့လှိုင်-ဆင်ကူး အပိုင်း(၂) ကတ္တရာလမ်းခင်းခြင်း (၁/၀)မိုင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

အဆိုပါ လမ်းကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၂၁၂ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီး၌ ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်တို့ ဖြေဆိုသူ ၁၀၃၅၂၆ ဦးရှိ

**ရန်ကုန် မတ် ၁၅**

မတ် ၈ ရက်တွင် စတင်ခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာစာဘာသာရပ်ဖြေဆိုသူ ၁၀၄၂၅၆ ဦး၊ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုသူ ၁၀၄၀၀၂ ဦး၊ သင်္ချာဘာသာရပ်ဖြေဆိုသူ ၁၀၃၈၇၃ ဦး၊ ဓာတုဗေဒဘာသာရပ်ဖြေဆိုသူ ၁၀၃၂၃၆ ဦးနှင့် ရူပဗေဒဘာသာရပ်ဖြေဆိုသူ ၁၀၃၁၄၁ ဦးရှိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခရိုင်နှင့် မြို့နယ် ၄၄ မြို့နယ်ရှိ စာစစ်ဌာန ၂၁၇ ခု၌ ဘောဂဗေဒဘာသာရပ်တွင် ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၇၈၇၅၃ ဦး၊ ဖြေဆိုသူ ၇၀၁၂၂ ဦး (၈၉ ဒသမ ၀၄ ရာခိုင်နှုန်း)ရှိပြီး ပျက်ကွက်သူ ၈၆၃၁ ဦးနှင့် ဇီဝဗေဒဘာသာရပ်တွင် စာရင်းပေးသွင်းထားသူ ၃၅၄၄၄ ဦး၊ ဖြေဆိုသူ ၃၃၄၀၄ ဦး (၉၄ ဒသမ ၂၄ ရာခိုင်နှုန်း)ရှိပြီး ပျက်ကွက်သူ ၂၀၄၀ ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်နှစ်ခုပေါင်း ဖြေဆိုသူ စုစုပေါင်း ၁၀၃၅၂၆ ဦးရှိကြောင်း သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် ဖြေဆိုသူ ၁၈ ဦး၊ မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် ဖြေဆိုသူ ရှစ်ဦး စုစုပေါင်း ၂၆ ဦး၊ ဆွံ့အနားမကြားဖြေဆိုသူများတွင် ကျောင်းဖြေ ကိုးဦး၊ အလွတ်ဖြေနှစ်ဦး စုစုပေါင်း ၁၁ ဦး၊ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ ကျောင်းဖြေ ၂၉ ဦး၊ အလွတ်ဖြေ သုံးဦး စုစုပေါင်း ၃၂ ဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင် အမျိုးသား ၂၇ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၈ ဦးတို့ သတ်မှတ်စာစစ်ဌာနများ၌ ဖြေဆိုကြသည်။ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးခဲ့ကြသည်။

ယနေ့သည် အတွဲ(၁) ဓာတု၊ ရူပ၊ ဘောဂဘာသာရပ်အတွဲနှင့် အတွဲ(၇) ဓာတု၊ ရူပ၊ ဇီဝဘာသာရပ်တို့၏ နောက်ဆုံးဖြေဆိုကြရသည့် ဘာသာရပ်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၆ ရက် (ကြာသပတေးနေ့)ပထဝီဝင်နှင့် မတ် ၁၇ ရက် (သောကြာနေ့) သမိုင်းဘာသာရပ်တို့ ဖြေဆိုရန် ကျန်ရှိကြောင်းသိရသည်။

**(ဥမ္မာသန့်)**

# ကရင်ပြည်နယ်၌ ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာဖြေဆို

**နေပြည်တော် မတ် ၁၅**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့လည်းကောင်း၊ သံတောင်ကြီး အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့လည်းကောင်း၊ ဘုရင့်နောင်အခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့လည်းကောင်း၊ လိပ်သိုအခြေခံပညာအထက်တန်းကျောင်းရှိ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနသို့လည်းကောင်း ရောက်ရှိပြီး ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❐

# ကလေးစာပေပွဲတော်(ဖျာပုံ) ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေး

**ဖျာပုံ မတ် ၁၅**

ကလေးစာပေပွဲတော်(ဖျာပုံ) ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ သတင်းမီဒီယာအဖွဲ့များ၊ ကလေးစာပေပွဲတော်ကျင်းပရေးကော်မတီဝင်များ တက်ရောက်ဆွေးနွေးသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ကလေးငယ်များ စာပေဗဟုသုတရရှိစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန် ကလေးစာပေပွဲတော်ကျင်းပခြင်းဖြစ်သည့်အတွက် မိမိတို့ခရိုင်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖျာပုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးဇော်မင်းက ကလေးစာပေပွဲတော်ကျင်းပခြင်းဖြင့် ကလေးများစာပေကိုချစ်မြတ်နိုးတတ်လာစေရန်၊ စာပေကို ပိုမိုစိတ်ဝင်စားမှုရှိလာစေရန်၊ ကလေးဘဝမှစပြီး စာပေများကို ဖတ်ရှုလေ့လာချင်စိတ်ဖြစ်ပေါ်လာစေရန်၊ စာပေနှင့်ထိတွေ့မှုရှိစေရန် ကလေးစာပေပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကလေးစာပေပွဲတော်(ဖျာပုံ)ကျင်းပနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အထက(၁)(ဖျာပုံ)၌ ကျင်းပသွားမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ ပူးပေါင်းပါဝင်ပေးစေလိုကြောင်း၊ ကလေးများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကဏ္ဍများကိုလည်း အဓိကထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးစာပေပွဲတော်တွင်ပါရှိရမည့် လုပ်ငန်းဆိုင်ရာအချက်အလက်များကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။



**(သပြေထွန်း)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၅**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁၅ စီး၊ သွင်းကုန် ၇၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၂ စီး၊ သွင်းကုန် ၂၀၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကိုစစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၄၀ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၁၂ သန်းခန့် စုစုပေါင်း ၁၇ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄ ဒသမ ၅၂ သန်းခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၄ ရက်တွင် မူဆယ်မှ မန္တလေးသို့သွားရောက်မည့် ခြောက်ဘီးယာဉ်နှစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားမဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဓာတ်မြေဩဇာအိတ် ၄၀၀ (20000)Kg ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ သန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**





# ကမ္ဘာကျော် မြန်မာ့ဂုဏ်ဆောင် ဘောဂဗေဒပညာရှင် ဒေါက်တာလှမြင့်အတွက် ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ကမ္ဘာကျော်ခဲ့သည်အထိ မြန်မာ့ဂုဏ်ဆောင်ခဲ့သော ဘောဂဗေဒပညာရှင် ဆရာကြီး ဒေါက်တာလှမြင့်(ကွယ်လွန်) အမှတ်တရဂုဏ်ပြုပွဲကို မတ် ၁၈ ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဒေါက်တာလှမြင့် (ကွယ်လွန်)သည် ဘောဂဗေဒပညာရပ်အပေါ် ထူးချွန်ပြောင်မြောက်စွာ တတ်ကျွမ်းသော ပညာရှင်တစ်ဦးအဖြစ် ကမ္ဘာသိကျော်ကြားခဲ့သူတစ်ဦးဖြစ်ပြီး မြန်မာ့ဂုဏ်ကို ဆောင်ခဲ့သောကြောင့် မြန်မာနိုင်ငံဘောဂဗေဒအသင်းမှ ဦးဆောင်ကာ အမှတ်တရအောက်မေ့ဂုဏ်ပြုပွဲအခမ်းအနားကို ကျင်းပခြင်းပင်ဖြစ်သည်။

လာမည့် မတ် ၁၈ ရက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ နံနက် ၈ နာရီ မိနစ် ၃၀ မှ စတင်ကာ ဆရာကြီးဒေါက်တာလှမြင့်အတွက် ရည်စူး၍ သံဃာတော်များအား သင်္ကန်းကပ်လှူကာ တရားနာအလှူကျင်းပမည်ဖြစ်သည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘောဂဗေဒဌာနမှလည်း ယင်းနေ့နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်းနှင့် မိဘမဲ့ကလေးများအား အာဟာရဒါနကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောဂဗေဒအသင်း၏ ဦးဆောင်ကျင်းပမှုဖြင့် နံနက် ၉ နာရီခွဲမှစတင်ကာ အမှတ်တရဂုဏ်ပြုအစီအစဉ်ကို စတင်ကျင်းပမည်ဖြစ်ပြီး ဆရာကြီး ဒေါက်တာလှမြင့်အတွက် အမှတ်တရဂုဏ်ပြုစကားများကို ဒေါက်တာဦးမြင့်၊ ဒေါက်တာသန်းညွှန့်၊ ဒေါက်တာမြတ်သိန်း၊ သံအမတ်ကြီး ဦးလှမောင်၊ ဆရာမကြီး ဒေါ်ခင်ခင်သိန်းတို့က ပြောကြားပေးသွားမည်ဖြစ်သည်။ မြန်မာ့ဂုဏ်ဆောင်ခဲ့သော ဆရာကြီးဒေါက်တာလှမြင့် အမှတ်တရ အောက်မေ့ဂုဏ်ပြုပွဲအခမ်းအနားကို ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မြန်မာနိုင်ငံဘောဂဗေဒအသင်းနှင့်တကွ စီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၊ ဘောဂဗေဒအသင်းသားများ၊ စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် သတင်းမီဒီယာများ တက်ရောက်နိုင်ကြောင်း သိရသည်။

ကမ္ဘာကျော်ခဲ့သည့် ဘောဂဗေဒပညာရှင် ဒေါက်တာလှမြင့်သည် ၁၉၂၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး မတ် ၉ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ ဆရာကြီးသည် ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန်တက္ကသိုလ် စီးပွားရေးဌာနကို ပြန်လည်ထူထောင်ခဲ့သူဖြစ်၍ ၁၉၄၅ ခုနှစ်မှ ၁၉၅၂ ခုနှစ်အတွင်း ပါမောက္ခအဖြစ်လည်းကောင်း၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါမောက္ခချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုစဉ်က ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒနှင့် စာရင်းအင်းဌာနတို့သည် ဆရာကြီး၏စီးပွားရေးဌာနအောက်တွင် ရှိခဲ့သည်။

၁၉၆၂ ခုနှစ်တွင် London School of Economics တွင် ပါမောက္ခ၊ နောက်ပိုင်းဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် ဖွံ့ဖြိုးမှုဘောဂဗေဒ၏ ရှေ့ဆောင်လမ်းပြတစ်ဦးဖြစ်ပြီး ဆရာကြီး၏ပို့ကုန် ဦးစားပေး စီးပွားရေးဖွံ့ဖြိုးမှုပေါ်လစီ Export Led Growth policy and Outward Looking policy ကို စတင်လှုံ့ဆော်ခဲ့သူ ဖြစ်သည်။ ယင်းပေါ်လစီများကို လက်တွေ့ကျင့်သုံးခဲ့ကြသော ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အာရှကျားများအဖြစ် တိုးတက်ဖြစ်ပေါ်လာခြင်းက သက်သေထူခဲ့သည်။ ယင်းအပြင် Welface Economics Theory ကို ဖွံ့ဖြိုးအောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။

"ဘာသာရပ်ဆိုင်ရာစာအုပ်တွေမှာ ဆရာကြီးရဲ့စာအုပ်ကို အကိုးအကားလုပ်ပြီး ရေးသားထားတာကိုတွေ့ရပါတယ်။ နောက် South East Asia's Economics 1970 's policies စာအုပ်ကို ရရှိခဲ့တဲ့ ၁၉၇၅ ခုနှစ်ဝန်းကျင်က Penguin စာအုပ်တိုက်ထုတ် ဘောဂဗေဒစာအုပ်တွေကို အစိုးရစာအုပ်ဆိုင်က တင်သွင်းရောင်းချတဲ့အတွက် တက္ကသိုလ်စာကြည့်တိုက်ရှေ့ တက္ကသိုလ်စာအုပ်ဆိုင်မှာ စာအုပ်အများအပြား ဝယ်ယူနိုင်ခဲ့ပါတယ်။ ဆရာကြီး မြန်မာနိုင်ငံကို လာခဲ့တဲ့ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်က စီးပွားရေးတက္ကသိုလ်ညစာစားပွဲမှာ မိန့်ခွန်းပြောကြားခဲ့တာကို ကိုယ်တိုင်ရအောင် အသံဖမ်းခဲ့ပြီး ပြန်လည်ရေးသားမှတ်တမ်းတင်နိုင်ခဲ့တာဟာ ဆရာကြီးရဲ့ကိုယ်တိုင်ပြောအတ္ထုပ္ပတ္တိတစ်ခုအဖြစ် ကျန်ရစ်ခဲ့တာကို ကျေနပ်အမှတ်တရ ဖြစ်မိပါတယ်"ဟု ဆရာခင်မောင်ညို(ဘောဂဗေဒ)က ဆရာကြီးနှင့်ပတ်သက်၍ မှတ်ချက်ပြုထားသည်။

စီးပွားရေးတက္ကသိုလ်သည် တစ်ချိန်က ရန်ကုန်တက္ကသိုလ်၏ လက်အောက်တွင်တည်ရှိခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကာလ စီးပွားရေးတက္ကသိုလ်ဆရာအတော်များများသည် London School of Economics ကျောင်းဆင်းများဖြစ်သည်။ စီးပွားရေးတက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ် ဆရာကြီးဒေါက်တာအေးလှိုင်သည် ဆရာကြီး ဒေါက်တာလှမြင့်၏တပည့်တစ်ဦးဖြစ်ခဲ့ပြီး London School of Economics တွင် Ph.D ဘွဲ့ယူခဲ့သူဖြစ်ကြောင်း သိရသည်။

ဆရာကြီး၏ ဖွံ့ဖြိုးဆဲနိုင်ငံများ လိုက်နာကျင့်သုံးသင့်သည့် Outward Looking Strategy ဟု ဆိုသည့် Export-Oriented Development Economy ကို ကျင့်သုံးနိုင်ခဲ့သော နိုင်ငံများသည် ယနေ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံကြီးများဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၁၉၇၀- ၁၉၈၀ ဝန်းကျင်ကာလတွင် ဆရာကြီး၏ မူဝါဒများကို အကောင်အထည်မဖော်နိုင်ခဲ့ဘဲ Inward Looking Strategy သို့မဟုတ် Import Substitution policy သွင်းကုန်အစားထိုးမူဝါဒကိုကျင့်သုံးခဲ့ရာ စီးပွားရေးဖွံ့ဖြိုးမှုနောက်ကျခဲ့မှုများရှိခဲ့ကြောင်း ဆရာကြီး၏ တပည့်သားမြေးများဖြစ်သူ စီးပွားရေးတက္ကသိုလ်ကျောင်းဆင်းများက သုံးသပ်ကြသည်။

ယင်းသို့ ကမ္ဘာကျော်မြန်မာနိုင်ငံဂုဏ်ဆောင် ဆရာကြီးဒေါက်တာလှမြင့်အား အောက်မေ့သတိရရည်စူးလျက် ကုသိုလ်ပြုတရားနာ အမျှဝေခြင်းအခမ်းအနားနှင့် အမှတ်တရအောက်မေ့ ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁၈ ရက် နံနက်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ) နီလာရတုခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

**(ဆုနှင်းလဲ့)**

❐

# လက်စတာနှင့်ဂျူဗင်တပ် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်လှမ်း

လက်ရှိပရီမီယာလိဂ်ချန်ပီယံလက်စတာစီးတီးအသင်းနှင့် အီတလီစီးရီးအေ ချန်ပီယံဂျူဗင်တပ်အသင်းတို့သည် ချန်ပီယံလိဂ်(၁၆)သင်းအဆင့်တွင် ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

လက်စတာစီးတီးအသင်းသည် စပိန်ကလပ် ဆီဗီလာအသင်းနှင့် ကစားခဲ့ရပြီး ချန်ပီယံလိဂ်(၁၆)သင်းအဆင့် ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားခဲ့သော်လည်း ဒုတိယအကျော့တွင် နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအကျော့တွင် မော်ဂန်နှင့် အယ်လ်ဘရိုက်တန်တို့က လက်စတာစီးတီးအသင်းအတွက် ဂိုးများသွင်း ယူပေးနိုင်ခဲ့ပြီး ဆီဗီလာအသင်းမှာ ချေပဂိုးပြန်သွင်းကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးရုန်းကန်ရင်း ပွဲကစား ချိန် ၇၄ မိနစ်တွင် နာဆရီနှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းကြောင့် ချေပဂိုးပြန်လည်သွင်းယူနိုင်မည့် အခြေအနေတစ်ရပ်ကနေ ဝေးကွာသွားခဲ့ရသည်။

လက်စတာစီးတီးအသင်း၏ ချန်ပီယံလိဂ်သွင်းဂိုး ၁၀ ဂိုးအနက် သွင်းဂိုးခြောက်ဂိုးမှာ မာရက်ဇ်နှင့် တိုက်ရိုက်ပတ်သက်နေပြီး မာရက်ဇ်သည် လေးဂိုးသွင်းယူထားကာ နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့သူဖြစ်သည်။





အခြားသောပွဲစဉ်တစ်ပွဲဖြစ်သည့် ဂျူဗင်တပ်အသင်းနှင့် ပေါ်တိုအသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်တွင် ဒိုင် ဘာလာ၏ ပွဲကစားချိန် ၄၂ မိနစ်တွင် သွင်းယူခဲ့သည့် သွင်းဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

(ငွေကြယ်)

# မယုံကြည်နိုင်စရာများကို အမြဲတမ်းလုပ်ဆောင်ပြနိုင်သော လက်စတာဟု အသင်းခေါင်းဆောင် ဝက်စ်မော်ဂန်ကြွေးကြော်

လက်စတာအသင်းက ဥရောပအတွေ့အကြုံရင့် ဆီဗီလာအသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီးနောက် လက်စတာအသင်းသည် ဘောလုံးလောကတွင်း မယုံနိုင်စရာများကို အမြဲတမ်းဖန်တီးနိုင်သည့် အသင်းဖြစ်ကြောင်း အသင်း ခေါင်းဆောင် ဝက်စ်မော်ဂန်က ဂုဏ်ယူစွာ ဟစ်ကြွေးလိုက်သည်။ မော်ဂန်က ပထမပိုင်းတွင် လက်စတာအတွက် ဦးဆောင်ဂိုးတစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပြီးနောက် အယ်လ်ဘရိုက်တန်က ပွဲချိန် ၅၄ မိနစ်တွင် ဒုတိယဂိုးကို သွင်းယူကာ လက်စတာအသင်းကို ကွာတားဖိုင်နယ်တက်ရောက်စေခဲ့သည်။

ဆီဗီလာအသင်းကွင်းလယ်လူ နာဆရီနှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရပြီးနောက် ဆီဗီလာအသင်း ပင်နယ်တီရရှိခဲ့သော်လည်း အန်ဇွန်ဇီ၏ ကန်သွင်းမှုကို လက်စတာဂိုးသမား ရှမိုက်ကယ်က ကာကွယ်ပေးနိုင်ခဲ့သည်။ မော်ဂန်က လက်စတာအနေဖြင့် လူအများ၏ ဝေဖန်မှုများယွင်သည်ဆိုသည်ကို သက်သေပြနိုင်ခဲ့ပြီး အဆိုပါ အောင်မြင်မှုအတွက် ယခုထက်တိုင် မယုံနိုင်အောင် ဖြစ်ရဆဲဖြစ်ကြောင်း ဘီတီစပို့သို့ ဖြေကြားခဲ့သေးသည်။ သို့သော် လက်စတာအသင်းကို ကွာတားဖိုင်နယ် ပို့ဆောင်ပေးခဲ့သည့် သွင်းဂိုးရှင် အယ်လ်ဘရိုက်တန်ကမူ ကွာတားဖိုင်နယ်အဆင့် ဖြင့် ကျေနပ်နေမည်မဟုတ်ကြောင်းဆိုခဲ့ရာ ယမန်နှစ်ပရီမီယာလိဂ် ချန်ပီယံအသင်းအနေဖြင့် ချန်ပီယံလိဂ် ခရီးစဉ်ကို မည်မျှဝေးဝေးအထိ ဆက်လက်နှင်နိုင်မည်ဆိုသည်မှာလည်း စိတ်ဝင်စားစရာပင်ဖြစ်သည်။


ဂျူဗင်တပ်အသင်းခေါင်းဆောင် ဘတ်ဖွန်က ဂျူဗီအနေဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် လက်စတာ အသင်းကို ရှောင်လွှဲလိုကြောင်း ပြောကြားခဲ့ရာ လက်စတာအသင်းအတွက် ဂုဏ်ယူစရာဖြစ်ခဲ့သည်။ ချယ်လ်ဆီးကွင်းလယ်လူ ကန်တီက လက်စတာအသင်း၏ အိမ်ကွင်းကင်းပါဝါကွင်း ပွဲကြည့်စင်မှနေ၍ အောင်ပွဲခံခဲ့သည်ကိုလည်း ဗီဒီယိုမှတ်တမ်းများတွင် အထင်အရှားတွေ့ခဲ့ရသလို ဘာစီလိုနာအသင်းပြီးနောက် ဒုတိယ အံ့အားသင့်ဖွယ် စွမ်းဆောင်ပြခဲ့သည့် အသင်းအဖြစ် လက်စတာအသင်းအပေါ် ချီးကျူးမှုများကို တွစ်တာ စာမျက်နှာပေါ်တွင် နေရာယူထားပြီဖြစ်သည်။



# မားကိုစ့်ရိုဂျိုကို ပြစ်ဒဏ်မချမှတ်ခဲ့ခြင်းအပေါ် တိုင်ရိုနီမင်းစ် မယုံကြည်နိုင်










ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့ အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်တွင် ချယ်လ်ဆီးစတား အေဒင်ဟာဇက်၏ မျက်နှာကို ခြေဖြင့်နင်းခဲ့မိသော မားကို့စ်ရိုဂျိုကို ပြစ်ဒဏ်ချမှတ်ခြင်း မရှိခဲ့သည့် အက်ဖ်အေ၏ လုပ်ရပ်အပေါ် မယုံနိုင်အောင်ဖြစ်ခဲ့မိဟု ဘုန်းမောက်နောက်ခံလူ တိုင်ရိုနီမင်းစ်က ဝေဖန်ပြောကြားခဲ့သည်။ တိုင်ရိုနီမင်းစ်မှာလည်း မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်အပေါ် အလားတူလုပ်ရပ်မျိုး ကျူးလွန်ခဲ့မိရာ အက်ဖ်အေက ငါးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံသည်။

တိုင်ရိုနီမင်းစ်က “ကျွန်တော်အနေနဲ့ အက်ဖ်အေရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီး တကယ်ကို စိတ်ပျက်ရပါတယ်။ ကျွန်တော်ဟာ နောက်တန်းခံစစ်သမားဆိုတော့ ကျွန်တော့်ရဲ့ အာရုံက အသင်းခံစစ်ကြောင်းကို ကာကွယ်နိုင်ဖို့သာ ဖြစ်ပါတယ်။ ဒါမျိုးအပြုအမူကို လုပ်ဖို့ ရည်ရွယ်ချက်လုံးဝမရှိဘဲ မတော်တဆမှု သက်သက်သာသာဖြစ်ပါတယ်” ဟု တွစ်တာစာမျက်နှာပေါ်တွင်ရေးသားခဲ့သည်။ မာကို့စ်ရိုဂျိုမှာမူ ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာနှင့် ဖြစ်ပွား ခဲ့သည့် ပြဿနာတွင်လည်း ပါဝင်ခဲ့သော်လည်း ဒိုင်ဖြစ်သူ မိုက်ကယ်အိုလီဗာက အဆိုပါ အဖြစ်အပျက်ကို မြင်တွေ့ခြင်းမရှိခဲ့ပေ။ ထို့ပြင် အိုလီဗာက အက်ဖ်အေအကြီးအကဲများကို ယင်းဖြစ်ရပ်မျိုးမှာ ပြစ်ဒဏ်ချမှတ်ရလောက်အောင် ကြီးကျယ်သည့် ကိစ္စရပ်မဟုတ်ဟု ရှင်းချက်ပေးခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးနှင့် မန်ယူတို့ ထိပ်တိုက်တွေ့ဆုံမှုမှာ ပွဲကြမ်းတစ်ပွဲဖြစ်ခဲ့ပြီး မန်ယူကစားသမားအများစုမှာ ဟာဇက်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်ဟု ချယ်လ်ဆီးနည်းပြ ကွန်တီက စွပ်စွဲခဲ့သည်။ မက်ဆီကို မန်စီးတီးသို့ ခေါ်ယူချင်နေသည့် မန်စီးတီးနည်းပြ ဂွါဒီယိုလာကပင် မန်ယူကစားသမား၏ ကြမ်းတမ်းသောကစားဟန်ကို ဘာစီလိုနာစတားမက်ဆီ မမြင်တွေ့အောင်ဆုတောင်းရတော့မည်ဟု ပြောကြားခဲ့သည်အထိ ဖြစ်ခဲ့ရသည်။ မန်ယူကွင်းလယ်လူ ဟာရဲရား မှာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသလို ဒေါသပေါက်ကွဲခဲ့သည့် ချယ်လ်ဆီးနည်းပြ ကွန်တီနှင့် မန်ယူနည်းပြ မော်ရင်ဟိုတို့ကြား ကွင်းဘေးစည်းအတွင်း အော်ဟစ်ခဲ့ကြမှုအတွက်လည်း နှစ်ဦးစလုံး ပြစ်ဒဏ်ကျခံရဖွယ်ရှိနေပြီဖြစ်သည်။

# ရာသီကုန်အထိ အနားယူရဖွယ်ရှိနေတဲ့ ဟယ်ရီကိန်း

မေလှဲသင်း ရေးသားသည်



စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် မီဝေါလ်အသင်းကို အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အတွင်း ရရှိခဲ့သည့် ခြေချင်းဝတ်အရွတ်ကြောဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူဖွယ်ရှိနေကြောင်း သိရသည်။

အဆိုပါဒဏ်ရာမှာ ပြီးခဲ့သည့်စက်တင်ဘာလအတွင်းရရှိသည့် ဒဏ်ရာလောက် ပြင်းထန်ခြင်းမရှိဘဲ ရာသီလက်ကျန်ပွဲစဉ်အချို့တွင် ကိန်း ပါဝင်နိုင်မည်ဟု စပါးအသင်းဘက်မှ မျှော်လင့်သည်။ ဟယ်ရီကိန်းက ဒဏ်ရာပြဿနာမှ ပြန်လာတိုင်း ပိုမိုတောင့်တင့်သည့် ပုံစံဖြင့် အမြဲပြန်လာနိုင်ခဲ့သလို ယခုလည်း အလားတူ အခြေအနေအတိုင်းပြန်လာဦးမည်ဟု တွစ်တာ စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ ဟယ်ရီကိန်းမှာ ယခုနှစ်ဘောလုံးရာသီအတွင်း ဒဏ်ရာပြဿနာကြောင့် စပါးအတွက် ၂၉ ပွဲသာ ဝင်ရောက်ကစားပေးထားသော်လည်း သွင်းဂိုး ၂၄ဂိုးအထိ သွင်းယူထားနိုင်ရာ မိနစ် ၁၀၀ ဝင်ရောက်ကစားတိုင်းသွင်းဂိုးတစ်ဂိုး သွင်းယူနိုင်သည့် အနေအထားပင်ဖြစ်သည်။ ထို့ပြင် ကိန်း ဝင်ရောက်ကစားသည့် ၂၉ ပွဲ တွင် ၁၇ ပွဲနိုင်၊ ခြောက်ပွဲ သရေ၊ ခြောက်ပွဲ ရှုံးရလဒ် ထွက်ပေါ်ထားရာ ကိန်းဒဏ်ရာရရှိမှု က ချန်ပီယံလိဂ်ဝင်ခွင့် ရရှိရေး ကြိုးပမ်းနေသည့် စပါးအတွက် ကြီးမားသည့် နစ်နာမှု ဖြစ်စေခဲ့သည်။

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

(၅) ကျောက်မျက်ရတနာကို ဝယ်ယူရောင်းချခြင်းဖြစ်ပါက ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။"

၁၀။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၂) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့်အထူးကုန်စည်များ၊

(၄) ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့မူရင်းပမာဏ အခြေအနေအတိုင်း အကောက်ခွန် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့်အထူးကုန်စည်များ၊"

(ခ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) ကျွန်းနှင့်သစ်မာသစ်လုံးများ၊ တစ်ဆယ်လက်မပတ်လည်နှင့်အထက် ကျွန်းနှင့်သစ်မာသစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊နီလာ၊ မြအရိုင်းထည်များ၊အချောထည်များမှအပ နိုင်ငံတော်၏လုံခြုံရေးနှင့်ကာကွယ်ရေးအဖွဲ့ အစည်းများအသုံးပြုရန်ကိုယ်တိုင်ထုတ်လုပ်သော၊ တင်သွင်းလာသော သို့မဟုတ် ဝယ်ယူသောအထူးကုန်စည်များ။"

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ယာယီအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့မူရင်းပမာဏ အခြေအနေအတိုင်း အကောက်ခွန် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့်အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန်နည်းလမ်းများ၊"

၁၂။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၁၁ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၁။(က) အထူးကုန်စည်ကို ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် ကျသင့်အခွန်မှ အထူးကုန်စည်ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အသုံးပြုရန် အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းစဉ်ကဖြစ်စေ၊ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူစဉ်ကဖြစ်စေ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်နိုင်သည်။

(ခ) အထူးကုန်စည် ထုတ်လုပ်မှု၊ တင်ပို့မှုများနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) ကျောက်မျက်ရတနာများ ထုတ်လုပ်ရောင်းချခြင်း၊ ဝယ်ယူရောင်းချခြင်းဖြစ်ပါက အခွန်ခုနှိမ်ခွင့်မပြုရ။

(ဃ) သို့ရာတွင် အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ ကျောက်မျက်ရတနာပြည်တွင်းပြပွဲတွင် မိမိရောင်းချသည့်ကျောက်မျက်ရတနာကို ပြန်လည်ဝယ်ယူပြီး ပြည်ပသို့ ကိုယ်တိုင်တင်ပို့ရောင်းချခြင်းဖြစ်ပါက ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အခွန်မှယင်းပြပွဲတွင်မိမိဝယ်ယူစဉ် ပေးဆောင်ခဲ့သည့်အခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ပေးသွင်းနိုင်သည်။"

၁၃။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ထမ်းဆောင်နိုင်ရန်အတွက် အဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်-"

၁၄။ (က)အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၃၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်ကတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုလွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့သို့မဟုတ် ပုဂ္ဂိုလ်သည်-"

(ခ) အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၃၏ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) အထူးကုန်စည်များထားရှိသော လုပ်ငန်းဥပစာ သို့မဟုတ် သိုလှောင်ရုံတစ်ခုခုမှ မထွက်ခွာမီဖြစ်စေ၊ သယ်ယူပို့ဆောင်နေစဉ်ဖြစ်စေ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆို၍ စစ်ဆေးနိုင်သည်။"

(ဂ) အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၃၏ ပုဒ်မခွဲ (ဃ)ပါ"ကုန်ထုတ်လုပ်သူ" ဆိုသည့် စကားရပ်အစား "တင်သွင်းသူ သို့မဟုတ် ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူ သို့မဟုတ် ကျောက်မျက်ရတနာဝယ်ယူရောင်းချသူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၁၄ပါ "စာသက်သေခံတစ်ရပ်" ဆိုသည့် စကားရပ်၏ရှေ့တွင် "အတည်ပြုလက်မှတ်ရေးထိုးထားသည့်သက်သေခံကတ်ပြား သို့မဟုတ်" ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၁၆။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၁၅တွင်-

(က) ပုဒ်မခွဲ (က)နှင့်ပုဒ်မခွဲ(ခ)တို့ပါ "အထူးကုန်စည်ထုတ်လုပ်သူ" ဆိုသည့်စကားရပ်အစား "အထူးကုန်စည်ကိုတင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချသူ" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ)အရလုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာခြင်းအပေါ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည်သတ်မှတ်ချက်များနှင့်အညီစိစစ်၍သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက်လုပ်ငန်းမှတ်ပုံတင်ကိုထုတ်ပေးရမည်။"

(ဂ) ပုဒ်မခွဲ (ဂ) နောက်တွင် ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ)မှတ်ပုံတင်ထားသည့် အထူးကုန်စည်တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ၊ကျောက်မျက်ရတနာဝယ်ယူရောင်းချသူတို့သည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ထုတ်ပေးသည့်လုပ်ငန်းမှတ်ပုံတင်ကို နှစ်စဉ်သက်တမ်းတိုး လျှောက်ထားရမည်။"

၁၇။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၆ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)အခွန်ကျသင့်သော အထူးကုန်စည်ကိုပြည်တွင်း၌ထုတ်လုပ်သူ သို့မဟုတ်တင်ပို့သူ သို့မဟုတ် ကျောက်မျက်ရတနာဝယ်ယူရောင်းချသူသည် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၈နှင့်အညီကျသင့်သော အခွန်ကိုပေးဆောင်ရမည့်အပြင်အထူးကုန်စည်ကိုထုတ်လုပ်ခြင်း သို့မဟုတ် ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းအတွက် သုံးလပတ်ကြေညာလွှာကိုသက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်းမြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ရမည်။"

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည်အခွန်ကျသင့်သောအထူးကုန်စည်ကို ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းဆောင်ရွက်နေသည်ဟု ယူဆရန်အကြောင်းရှိသည့်မည်သူ့ကိုမဆို ယင်းသို့ ဆောင်ရွက်ခြင်းအတွက် ကျသင့်အခွန်ပေးဆောင်စေရန်နှင့် သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်တွင်းသို့ တင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။"

၁၈။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၇ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည်နှင့် စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကိုအခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည်အထူးကုန်စည်ကို ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့်ကြေညာလွှာပါ အချက်အလက်များမှ အထူးကုန်စည်ထုတ်လုပ်မှု၊ ရောင်းချမှု၊ ပြည်ပသို့တင်ပို့မှု၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချမှုအပေါ် ကျသင့်အခွန်ကိုမှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံအထောက်အထားများကို စိစစ်ပြီးအခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ကျောက်မျက်ရတနာဝယ်ယူရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန်ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည်ရရှိထားသောသတင်းအချက်အလက်များကိုအခြေပြု၍အခွန်စည်းကြပ်ရမည်။

(ဃ) အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ တင်ပို့ခြင်း၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချခြင်းတို့အပေါ် အခွန်စည်းကြပ်ခြင်းကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အရ ကြေညာလွှာတင်သွင်းသည့်လအတွင်း အထူးကုန်စည်ထုတ်လုပ်သူ၊ တင်ပို့သူ၊ ကျောက်မျက်ရတနာ ဝယ်ယူရောင်းချသူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီမည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက်တောင်းခံခြင်းပြုနိုင်သည်။"

၁၉။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၈ပါ "တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်" ဆိုသည့် စကားရပ်ကို "တစ်နှစ်အတွင်းသာ ထိုပြန်အမ်းငွေကိုထုတ်ပေးရန် သို့မဟုတ် ခုနှိမ်ပေးသွင်းခွင့်ပြုရန် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် အခွန်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခွင့် ရှိသည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ် (၂)ပါ "စည်းကြပ်အခွန်၏ ၅၀ ရာခိုင်နှုန်း" ဆိုသည့် စကားရပ်အစား "ထပ်မံပေးဆောင်ရမည့် အခွန်၏ ၅၀ ရာခိုင်နှုန်း" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ တွင်-

(က) ပုဒ်မခွဲ (ခ) ပါ"အချိန်မီ" ဆိုသည့် စကားရပ်အစား "သတ်မှတ်ထားသော သို့မဟုတ် ထပ်မံတိုးမြှင့်ပေးထားသောအချိန် အတွင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)ပါ "ယင်းကုန်စည်တန်ဖိုး" ဆိုသည့် စကားရပ်၏ ရှေ့တွင် "လက်ဝယ် ထားရှိသူက" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) ပါ "ပေးဆောင်ရမည့်အခွန်၏" ဆိုသည့် စကားရပ်၏ ရှေ့တွင် "စည်းကြပ်မှုအရ ထပ်မံ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) သုံးလပတ် ကြေညာလွှာကိုအချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက်သက်ဆိုင်ရာစည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏၁၀ရာခိုင်နှုန်း၊"

(င) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန်ပျက်ကွက်ကြောင်းမြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ထုတ်လုပ်သူက ယင်းသို့ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့်အထူးကုန်စည်တန်ဖိုး၏၅၀ရာခိုင်နှုန်း။"

၂၂။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)နှင့် ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)တို့တွင် ပါရှိသော "ထုတ်လုပ်မှုပမာဏ" ဆိုသည့် စကားရပ်အစား "တင်သွင်းမှု၊ ထုတ်လုပ်မှု၊ တင်ပို့မှု၊ ပြည်တွင်း၌ ကျောက်မျက်ရတနာ ဝယ်ယူပြီး ပြန်လည်ရောင်းချမှုပမာဏ" ဆိုသည့် စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၂၃။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က)အထူးကုန်စည်များ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ကောက်ခံရငွေ၊ နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့မှကောက်ခံရငွေမှအပ ကျန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။"

၂၄။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၃၆၏ နောက်တွင် ပုဒ်မ ၃၇ အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အထူးကုန်စည်ခွန် ပေးဆောင်ခဲ့ပြီးဖြစ်သည်ဟု ကျေနပ်လက်ခံပါက အထူးကုန်စည်ခွန်ပေးဆောင်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်-

(က) ၁-၄-၂၀၁၆ မတိုင်မီက တင်သွင်းခဲ့သော သို့မဟုတ် ထုတ်လုပ်ခဲ့သော ကုန်စည်များနှင့် စပ်လျဉ်း၍ ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများအရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ပြီး ဖြစ်ခြင်း၊

(ခ) ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ အာဏာမသက်ရောက်မီ ကာလက တင်သွင်းသော သို့မဟုတ် ထုတ်လုပ်သော ကုန်စည်များဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ခြင်း၊

(ဂ) အခွန်ကင်းလွတ်ခွင့်ရရှိသော အထူးကုန်စည်များဖြစ်ခြင်း၊ ဥပမာ- ဤဥပဒေ ပုဒ်မ ၉ ၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁) အရ ကုန်စည်များ။"

၂၅။ အထူးကုန်စည်ခွန်ဥပဒေ နောက်ဆက်တွဲဇယား၏ ခြေဆင်းကို ပယ်ဖျက်ရမည်။

# ရေစီးရေလာကောင်းမွန်ရေး ဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းစစ်ဆေး

**မကွေး မတ် ၁၅**
ပြည်တော်သာလမ်း၊ အ. ထ. က(၁)လမ်းနှင့် ဆေးရုံလမ်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးမှုများအား မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် မတ် ၁၄ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ပြည်တော်သာလမ်းမကြီးတစ်လျှောက်တွင် မြို့ပတ်လမ်းနှင့် သုခိတာလမ်းကြား၌ အုတ်ရေမြောင်းနှင့် တံတားတစ်စင်းအား ငွေကျပ် ၂၀၆ ဒသမ ၂၈ သိန်း၊ စွယ်တော်လမ်းနှင့် သစ္စာလမ်းကြား အုတ်ရေမြောင်းနှင့် တံတားနှစ်စင်းအား ငွေကျပ် ၄၃၉ ဒသမ ၂၂ သိန်း၊ သစ္စာလမ်းနှင့် ပြည်တော်သာ(၁)လမ်းကြား အုတ်ရေမြောင်းနှင့် လမ်းဖြတ်တံတားတို့အား ငွေကျပ် ၈၉၅ ဒသမ ၂၈ သိန်း၊ ခွာညိုလမ်း ပြည်တော်သာလမ်းနှင့် ရန်မျိုးအောင် (၁၈) လမ်းကြား အုတ်ရေမြောင်းနှင့် တံတားအား ငွေကျပ် ၈၆ ဒသမ ၂၂ သိန်း၊ ပြည်တော်သာ (၁) လမ်း အုတ်ရေမြောင်းနှင့် တံတားအား ငွေကျပ် ၉၈ သိန်း၊ လမ်းပခုံးဖြတ်ထုတ်ခြင်းအား ငွေကျပ် ၃၂ ဒသမ ၈၀ သိန်းတို့ အသုံးပြု ဆောင်ရွက်မည်ဖြစ်သည်။

အ. ထ. က(၁) လမ်းမကြီးတစ်လျှောက်တွင် သစ္စာလမ်းနှင့် မေတ္တာလမ်းကြား တောင်ဘက်၊ မြောက်ဘက် အုတ်ရေမြောင်းများအား ငွေကျပ် ၆၆၅ ဒသမ ၄၂ သိန်း၊ မေတ္တာလမ်းနှင့် လမ်းငါးသွယ်အဝိုင်းကြား (မြောက်ဘက်) အုတ်ရေမြောင်းများအား ငွေကျပ် ၂၈၈ ဒသမ ၃၄ သိန်း၊ မေတ္တာလမ်းနှင့် လမ်းငါးသွယ်အဝိုင်းကြား (တောင်ဘက်) အုတ်ရေမြောင်းများအား ငွေကျပ် ၃၃၄ ဒသမ ၅၂ သိန်း၊ လမ်းပခုံးဖြတ်ထုတ်ခြင်း ၃၇ ဒသမ ၉၀ သိန်း၊ ဆေးရုံလမ်းတစ်လျှောက်တွင် ပြည်တော်သာလမ်းနှင့် လမ်းငါးသွယ်အဝိုင်းကြား ကျောက်ကြီးစီရေမြောင်းလုပ်ငန်းအား ငွေကျပ် သိန်း ၃၀၀၊ သစ်ပင်ခုတ်ခြင်းနှင့် မူလအုတ်ရေမြောင်းများဖျက်သိမ်းခြင်းအား ငွေကျပ် ၁၄၄ ဒသမ ၀၂ သိန်း၊ ရေနုတ်မြောင်းများ သဲနုန်းဆယ်ခြင်းအား ငွေကျပ်သိန်း ၆၀ တို့ အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

မကွေးမြို့တွင် အဓိကမိန်းလမ်းမကြီးများအား အစိုးရအဖွဲ့အစီအစဉ်ဖြင့် နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်လာသော လမ်းများနှင့်အတူ စနစ်တကျကောင်းမွန်သော ရေစီးရေလာစနစ် အသက်ဝင်လာရန် လိုအပ်နေသောကြောင့် ဒေသတွင်း အစိုးရအစီအစဉ်ဖြင့် အုတ်ရေမြောင်းများ၊ တံတားများအား ငွေကျပ်စုစုပေါင်း ၃၅၈၈ သိန်းအသုံးပြု၍ တည်ဆောက်မှုလုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း စစ်ဆေးရေးအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။



တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းအစုအဖွဲ့ခုနစ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဈေးနှုန်း အတည်ပြုခြင်း၊ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မလွတ်ကင်းသောနေရာများကို ဖယ်ရှားခြင်းဖြင့် အကူအညီပေးပါရန် ပြည်သူများထံပန်ကြားခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ ၁၁ ဦးတွင် ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

# မြန်မာ့ဝါးဖြင့် စွန့်ဦးတီထွင်ထုတ်လုပ်နေသည့် လူသုံးကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ ထိုးဖောက်ရန်စီစဉ်



**မန္တလေး မတ် ၁၅**
မြန်မာ့ထွက်ကုန် ဝါးပေါ်တွင် မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြင့် ပေါင်းဖက်၍ စွန့်ဦးတီထွင် ဖန်တီးထုတ်လုပ်နေသည့် ဝါးပေါ်တွင် ဓာတ်ပုံ၊ စကတ်၊ ကရေကချာ၊ ပန်းချီပုံတင်ခြင်း၊ ဝါးဖြင့် လူသုံးကုန်ပစ္စည်းများပြုလုပ်ပုံဖော်၍ မန္တလေးမြို့တွင် အရောင်းပြခန်း ဖွင့်လှစ်နိုင်ရန်စီစဉ်နေပြီး နိုင်ငံခြားဈေးကွက်သို့ ဆက်လက်ထိုးဖောက်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း ဘိုးသိကြားမင်း အနုပညာဖန်တီးထုတ်လုပ်ရေးလုပ်ငန်းမှ ဆရာ ဝင်းမော်ငြိမ်းက ပြောသည်။

ယခုနှစ် ဇန်နဝါရီလမှစ၍ ဝါးဖြင့်ပြုလုပ်သော မီးအိမ်များကို ဈေးကွက်သို့ စတင်ဖြန့်ချိနေပြီး ပြည်တွင်းအနေဖြင့် မော်လမြိုင်၊ ရန်ကုန်၊ နေပြည်တော် စသည့်မြို့များမှ မှာယူခြင်းများရှိကာ မီးအိမ်တစ်ခုလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် ပြုလုပ်ပေးလျက်ရှိပြီး ယိုးဒယား၊ ကူမင်း စသည့်မြို့များမှလည်း လာရောက်ချိတ်ဆက်ခြင်းများရှိကြောင်း သိရသည်။

"ဓာတ်ပုံပညာ၊ ပန်းချီပညာ၊ ပုံနှိပ်ပညာ အနှစ်နှစ်ဆယ် အတွေ့အကြုံနဲ့ ရင်းလိုက်တာပါ။ အခုတော့ စွန့်ဦးတီထွင် အောင်မြင်သွားပြီ။ ဝါးပေါ်မှာ ဓာတ်ပုံတွေကိုတင်တာ တခြားပုံနှိပ်လုပ်ငန်းတွေနဲ့ မတူဘူး။ ဆေးအသစ်တွေနဲ့ အမျိုးမျိုးစမ်းသပ်ပြီးတော့ အဆင့်တွေတော်တော်များများ လုပ်ရတယ်။ အောင်မြင်သွားတော့ ဝမ်းသာစရာကောင်းပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အမရပူရမြို့နယ်၌ အရောင်းပြခန်းဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီး ယင်းပြခန်းကိုလည် ဝါးဖြင့် မြန်မာ့ရိုးရာရှေးဟောင်းပညာများနှင့် ကမ္ဘာ့နည်းပညာများ ပေါင်းစပ်ကာ ပြုလုပ်မည်ဖြစ်ပြီး ၎င်းစွန့်ဦးတီထွင်ထားသော ဝါးဖြင့်ပြုလုပ်သည့်ပစ္စည်းအမျိုးအစား ၁၅ မျိုးကို ပြသမည်ဖြစ်ကာ နေ့စဉ် လူမှုအသုံးအဆောင်ဖြစ်သော အခန်းအတွင်း အလှဆင်ပစ္စည်းများ၊ ခုံ၊ ဆက်တီ၊ ဗီရို၊ ခုတင် စသည့် အနုပညာပစ္စည်းများကို ခင်းကျင်းရောင်းချ ပြသသွားနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

"ဝါးပေါ်မှာ ဓာတ်ပုံတစ်ပုံချင်းစီတင်ရင် ကုန်ကျစရိတ်က ငွေကျပ် ၁၀၀၀၀ နီးပါးလောက် ဖြစ်သွားမယ်။ ဒါကြောင့် ၁၀ ခုနဲ့ အထက်ဆိုရင်တော့ တစ်ခုကိုငွေ ၃၅၀၀ ကျပ်လောက်နဲ့ သင့်လျော်အောင် လုပ်ပေးမယ်လို့ စိတ်ကူးထားပါတယ်" ဟု ဆရာ ဝင်းမော်ငြိမ်းက ပြောသည်။

ဝါးမီးအိမ်အနေဖြင့် အမြင်တွင် ရိုးရှင်းသော်လည် ဝါးများကို ပထမအဦးဆုံး ပိုးမစား၊ ခြမစားနိုင်စေရန် ခုနစ်ရက်အကြာ ဆေးရေစိမ်ရခြင်း၊ နေလှန်းကာ အသားသေအောင် ပြုလုပ်ရခြင်း စသည်ဖြင့် လုပ်နည်းအဆင့်ဆင့်ပြုလုပ်ရကာ အသုံးပြုနိုင်သည့် မီးအိမ်အဆင့်သို့ ရောက်ရှိသည့်အခါ အနည်းဆုံး သုံးနှစ်အာမခံပေးထားသော်လည်း ငါးနှစ်ကျော် အသုံးပြုနိုင်ပြီး ဝါးဖြင့်စွန့်ဦးတီထွင်ပြုလုပ်ရသော ရည်ရွယ်ချက်မှာ အမှိုက်မှ အကျိုးရှိစွာ ဝင်ငွေရသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

လက်ရှိအသုံးပြုနေသည့် ဝါးအမျိုးအစားမှာ နီးအဖြစ် တင်းဝါး၊ မီးအိမ်ကိုပြုလုပ်သည့် ဝါးအမျိုးအစားမှာ ဝါးပိုးသက်ရင့်ဝါးဖြစ်ပြီး ကြသောင်းဝါးကို ကြားညှပ်အသုံးပြုပြီး ဝါးကုန်ကြမ်းများကို သပိတ်ကျင်းမြို့၊ မေမြို့၊ တပ်ကုန်း၊ ပင်လောင်း စသည့်မြို့များမှရရှိပြီး ဝါးအမျိုးအစား မျိုးစိတ်အားဖြင့် ၁၅၀၀ ကျော်ရှိသော်လည်း လက်ရှိတွင် တကယ်အသုံးတည့်သည့် ဝါးအမျိုးအစားမှာ ၁၅ မျိုးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မဲရုံနှင့်သက်ဆိုင်သည့် ဆက်စပ်ပစ္စည်းများ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲများထံ ပေးအပ်မည်

**မုံရွာ မတ် ၁၅**
ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မုံရွာမြို့နယ် မဲရုံ ၁၅၉ ရုံကို လိုအပ်သောမဲထည့်သည့်ပုံးများ၊ ချိတ်တောင့်၊ တံဆိပ်တုံး၊ လိုအပ်သောတံဆိပ်များအပြင် လုံခြုံရေးကြိုး စသည့်ဆက်စပ်ပစ္စည်း ၂၀ ကျော်ကို မတ် ၁၈ ရက်တွင် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံ ပေးအပ်သွားမည်ဖြစ်ကြောင်း မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူထံမှ သိရသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို ရပ်/ကျေးရုံးများမှ ထုတ်ပြန်ကြေညာခဲ့စဉ်က မုံရွာမြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄၈၅၇၈ ဦးရှိသည့်အနက် လာရောက်ကြည့်ရှုသူမှာ ၁၀၀၀ ကျော်သာရှိခဲ့သောကြောင့် မတ် ၁၇ ရက်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ မတ် ၁၇ ရက်တွင် မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းနှင့်အတူ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မတ် ၃၀ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မဲဆန္ဒရှင်တစ်ဦးဟာ မဲဆန္ဒရှင်သက်သေခံလက်မှတ်လက်ဝယ်ရရှိထားရင် မိမိအမည်မဲစာရင်းမှာပါဝင်ပြီး ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရတယ်ဆိုတာ သေချာခိုင်လုံစေပြီး မဲဆန္ဒရှင်က ဆန္ဒမဲလာရောက်ထုတ်ယူရာမှာ မဲလက်မှတ်ထုတ်ပေးတဲ့သူအနေနဲ့ မဲစာရင်းမှာအလွယ်တကူရှာဖွေနိုင်တဲ့အတွက် အချိန်ကုန်သက်သာစေပါတယ်။

မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါတဲ့ မိမိရဲ့အချက်အလက်တွေမှားနေရင်လည်း သက်ဆိုင်ရာမဲဆန္ဒရှင် ကိုယ်တိုင် ပြင်ဆင်ပေးနိုင်ပြီး သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေနဲ့ မဲဆန္ဒရှင်ရဲ့ မှန်ကန်တဲ့အချက်အလက်တွေကို မဲဆန္ဒရှင်စာရင်းမှာ ပြန်လည်ပြင်ဆင်နိုင်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မတ် ၃ ရက်က ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက ထုတ်ပေးခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ခံထုတ်ပေးရန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက သဘောတူခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အမျိုးသမီးရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြော

**နေပြည်တော် မတ် ၁၅**
နေပြည်တော် အမျိုးသမီးရေးရာကော်မတီက ကြီးမှူးကျင်းပသည့် အမျိုးသမီးရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီများအား ဆွေးနွေးဟောပြောပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက် ၁၀ နာရီက ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာကော်မတီအတွင်းရေးမှူး ဦးသက်ဦးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအစည်းအဝေး (၁/၂၀၁၆) ၏ ဆုံးဖြတ်ချက်များ၊ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များ၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက သိလိုသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**



# လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့် ဖြစ်နေစေရန် မှာကြား

**ပဲခူး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများနှင့်အတူ မတ် ၁၄ ရက် နံနက် ၈ နာရီခွဲက ပဲခူးမြို့ပေါ်ရှိ မီးသတ်စခန်းများနှင့် ကျူးကျော်စီနံရံဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ်မီးသတ်စခန်းနှင့် ပဲခူးခရိုင်မီးသတ်စခန်းတို့အားကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးအောင်မြင့်က မီးသတ်ကားများထားရှိမှုအခြေအနေ၊ ဝန်ထမ်းအင်အားတာဝန်ချထားမှုအခြေအနေနှင့် အရေးပေါ်အခြေအနေတွင်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က မီးသတ်ကားများကြံ့ခိုင်မှုကောင်းမွန်စေရန် ကြိုတင်ပြင်ဆင်ထားမှုများပြုလုပ်ထားရန်၊ မီးသတ်တပ်ဖွဲ့၏ ဆောင်ပုဒ်အတိုင်း လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့် အမြဲအဆင်သင့်ဖြစ်နေစေရန်၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ၂၄ နာရီတာဝန်အပြည့် ထမ်းဆောင်နေကြရသောကြောင့် သတိဝီရိယအမြဲရှိနေကြရန်၊ မီးလောင်မှုမဖြစ်ပွားစေရေးအတွက်အသိပညာပေးခြင်းလုပ်ငန်းများ ပြုလုပ်ကြရန် မှာကြားသည်။

ပဲခူးမြို့နယ်တွင် မြို့နယ်မီးသတ်စခန်း၊ နယ်မြေမီးသတ်စခန်း၊ ဘုရားကြီးမီးသတ်စခန်း၊ အင်းတကော်မီးသတ်စခန်းနှင့် ပျဉ်ပုံကြီးမီးသတ်စခန်းတို့ရှိပြီး ဝန်ထမ်းအင်အား ၄၇ ဦး၊ မီးငြိမ်းသတ်ယာဉ် ၁၂ စီး၊ ရေသယ်ယာဉ်ခုနစ်စီး၊ ထောက်ပံ့ယာဉ်တစ်စီး၊ အပေါ့စားမီးသတ်စက် ရှစ်လုံးနှင့် စက်ကြီးနှစ်လုံးရှိသည်။



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် လေးစီး၊ ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်လေးစီးနှင့် မီးသတ်စက်လေးလုံးဝယ်ယူထားပြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်တို့အား ခွဲဝေကာ ဖြည့်တင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်းနောက်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော ပဲခူးမြို့ကျူးကျော်စီနံရံဆောင်ရွက်ပြုလုပ်ရန် လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ရှင်းလင်းတင်ပြပြီး သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများကောင်းမွန်အောင် စနစ်တကျတူးဖော်ထားရှိကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ငမိုးရိပ်ချောင်းကူးတံတားစီမံကိန်း ရှေ့ပြေးမြေပြင်စိစစ်ခြင်း လုပ်ငန်းဆောင်ရွက်

**တောင်ဥက္ကလာပ မတ် ၁၅**

တောင်ဥက္ကလာပမြို့နယ် (၁၄) ရပ်ကွက် သစ္စာလမ်း သစ္စာလမ်းသွယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၃ ရပ်ကွက် ယခင်(တိုးကြောင်ကြီး)ကူးတို့ဆိပ်သို့ ဖြတ်သန်းတည်ဆောက်မည့် ငမိုးရိပ်ချောင်းကူးတံတားစီမံကိန်းကို မတ် ၁၄ ရက် နံနက်ပိုင်းက ရှေ့ပြေးမြေပြင်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်ဇော်နှင့် တာဝန်ရှိသူများ၊ တံတားအား တာဝန်ယူတည်ဆောက်မည့် မြတ်နိုးသူကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးစိုးမင်းနှင့်အဖွဲ့ဝင်များတွေ့ဆုံကာ မြေပြင်စိစစ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

"မြေတိုင်းတာရေးအဖွဲ့တွေနဲ့ ကနဦးမြေတိုင်းခြင်းလုပ်ငန်းတွေဆောင်ရွက်ပါတယ်။ ဆက်လက်ပြီး မလွတ်ကင်းတဲ့သစ်ပင်တွေ၊ ဓာတ်တိုင်တွေကိုလည်း ဖယ်ရှားရှင်းလင်းပေးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်နေပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတံတားတည်ဆောက်ပြီးလျှင် ဒဂုံမြို့သစ်လေးမြို့နယ်လုံးမှ ဖြတ်သန်းသွားလာကြမည့် မော်တော်ယာဉ်များ အချိန်တိုအတွင်း လိုရာခရီးသို့မောင်းနှင်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**

# GPS အသုံးပြုမှုဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ထားဝယ် မတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် GPS အသုံးပြုမှုဆိုင်ရာ ဆင့်ပွားသင်တန်းအခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီက ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်က အဖွင့်အမှာစကားပြောကြားပြီး ထားဝယ်ခရိုင်ဦးစီးမှူး ဦးငွေသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသည် အချိန်တိုအတွင်း တိကျသောပထဝီဆိုင်ရာ အချက်အလက်များ တိုင်းတာတွက်ချက်ခြင်း၊ အရည်အသွေးကောင်းမွန်သောမြေပုံထုတ်ပေးနိုင်ခြင်း၊ GIS ( Geographical Information System) အတွက် မြေပုံဆိုင်ရာအချက်အလက်များကို GPS အသုံးပြု၍ အကြိမ်ကြိမ်ကောက်ယူနိုင်ခြင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများအတွက် မြေအနိမ့်အမြင့်ကွာခြားချက်များကို သိရှိစေနိုင်သော အကျိုးကျေးဇူးများရရှိမည်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အတတ်ပညာဆိုင်ရာသင်တန်းဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ထားဝယ်ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသင်တန်းသား၊ သင်တန်းသူ ၁၁ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း စိတ်အေးချမ်းမြေ့စွာရေကစားနိုင်ရေး စီမံဆောင်ရွက်

**ရေး မတ် ၁၅**

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း ပြည်သူများစိတ်အေးချမ်းမြေ့စွာ ရေကစားကြနိုင်ရန်နှင့် မလိုလားအပ်သည့်မှုခင်းအန္တရာယ်ကျဆင်းလာရေးတို့အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်တာဝန်ရှိသူများ ပူးပေါင်းလုပ်ဆောင်မည်ဟု သိရသည်။

အတာသင်္ကြန်ကာလမရောက်မီ ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများကို ဖမ်းဆီးအရေးယူမှုများ ပြုလုပ်သွားမည့်အပြင် ယစ်မျိုးလိုင်စင်သတ်မှတ်ချက်စည်းကမ်းလိုက်နာခြင်းမရှိသောဆိုင်များနှင့် လိုင်စင်မဲ့အရက်ရောင်းချနေသည့်ဆိုင်များကို ဖော်ထုတ်ဖမ်းဆီးရန်၊ စည်းကမ်းလိုက်နာခြင်းမရှိသည့်ယာဉ်များနှင့် တရားမဝင်လက်နက်ပုန်းငယ်များကိုဖော်ထုတ်ကာ ဆက်လက်အရေးယူသွားမည်ဟု ရဲမှူးမြင့်သော်က ပြောသည်။

အဆိုပါအတာသင်္ကြန်ကာလအတွင်း ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များအား စည်းကမ်းတကျရှိစေရေး ရဲလုပ်ငန်းဥပဒေများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ရန်အတွက် မွန်ပြည်နယ်ရဲတပ်ဖွဲ့၏လမ်းညွှန်မှုအရ ရေးမြို့နယ် ရဲမှူးမြင့်သော်က ရဲတပ်ဖွဲ့ဝင်အရာရှိနှင့် တပ်ဖွဲ့ဝင်များကို မတ် ၁၄ ရက် ည ၈ နာရီက ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# ရန်ကုန်မြို့တွင် ရေဆိုးစွန့်ပစ်မှုပမာဏ များပြားနေသဖြင့် ရေစီးရေလာကောင်းမွန်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြို့တွင် နေထိုင်သူလူဦးရေမှာ ယခင်ထက်ပိုများလာသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများလည်း ပိုမိုများပြားလာသဖြင့် ရေဆိုးစွန့်ပစ်မှုပမာဏမှာ ကနဦးထက် ပို၍များလာသောကြောင့် ရေစီးရေလာကောင်းရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ သရက်မြိုင်လမ်းထိပ်အနီး ဗဟိုလမ်းတစ်လျှောက်နှင့် မယ်ဇီကုန်းလမ်းတစ်လျှောက် စက်ယန္တရား၊ လူအင်အားများဖြင့် ရေစီးရေလာကောင်းရေးဆောင်ရွက်နေမှုတို့ကို မြင်တွေ့ရသည်။

"အရင်တုန်းက ရန်ကုန်မြို့မှာနေထိုင်တဲ့ လူဦးရေကနည်းပြီး စက်ရုံ၊ အလုပ်ရုံကလည်းနည်းတော့ စွန့်ပစ်ရေဆိုးပမာဏလည်းနည်းတယ်။ အခုက ရန်ကုန်မြို့မှာ လူဦးရေကများလာသလို စက်ရုံ၊ အလုပ်ရုံတွေကလည်း ပေါများလာတော့ စွန့်ပစ်ရေဆိုးပမာဏက အရင်ထက်များလာပြီ။ ဒါ့ကြောင့် ရေစီးရေလာကောင်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်နေတာပါ" ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းကပြောသည်။

ရန်ကုန်မြို့တွင် ယခင်ကရေဆိုးစွန့်ပစ်မှုပမာဏ နည်းပါးသော်လည်း မျက်မှောက်ကာလတွင် စက်ရုံ၊ အလုပ်ရုံတို့ များပြားလာ၍ စွန့်ပစ်ရေဆိုးပမာဏ များပြားလာမှုနှင့်အတူ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူ အချို့ကြောင့် ရေနုတ်မြောင်းများ ပိတ်ဆို့မှုဖြစ်ပေါ်နေသဖြင့် မိုးရာသီတွင် ရေလျှံမှုမဖြစ်ပေါ်စေရန် ရေနုတ်မြောင်းများအားစနစ်တကျပြန်လည်တူးဖော်ခြင်း၊ မြေသားရေနုတ်မြောင်းများကို အုတ်စီကွန်ကရစ်မြောင်းအဖြစ် ဆောင်ရွက်ခြင်းနှင့်အတူ ရေစီးရေလာကောင်းရေးလုပ်ငန်းကို အပတ်စဉ် စနေနေ့တိုင်း အထူးသန့်ရှင်းရေးအသွင်ဖြင့် ဆောင်ရွက်နေပြီး ကျန်ရက်များတွင် ပုံမှန်အတိုင်း ဆောင်ရွက်နေသည်ဟု သိရသည်။

ယင်းလုပ်ငန်းကို သန့်ရှင်းရေးဌာနမှ မြောင်းရှင်းလုပ်သားများ၊ လမ်းတံတားဌာနမှ လုပ်သားများက စက်ယန္တရားနှင့်ပေါင်းစပ်၍ သရက်မြိုင်လမ်းထိပ်အနီး ဗဟိုလမ်းတစ်လျှောက်နှင့် မယ်ဇီကုန်းလမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်နုန်းသဲများကို ဆယ်ယူရှင်းလင်းကြပြီး မြေသယ်ယာဉ်ဖြင့် နေ့ချင်းပြီးသိမ်းဆည်းပေးခဲ့သည်ဟု သိရသည်။

**မောင်သုည**

# လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်



**ရန်ကုန် မတ် ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးအတွက် သန်လျင်မြို့နယ် မြို့ဟောင်းရပ်ကွက်အတွင်း ထရန်စဖော်မာအသစ်များ တိုးချဲ့တပ်ဆင်နေသည်ကို မတ် ၁၄ ရက် နံနက်ပိုင်းက တွေ့မြင်ရသည်။

သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းနှင့် မင်းနန္ဒာလမ်း၌ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၄၅၄ ဦးရှိပြီး လက်ရှိလျှပ်စစ်ဝန်အား 405 A ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူဦးရေ များပြားလာမှုကြောင့် ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရန်အတွက် 200ကေဗွီအေထရန်စဖော်မာအသစ်အား တိုးချဲ့တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ မြို့ဟောင်းအရှေ့ရပ်ကွက် ဦးဘိုးသိန်းလမ်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၉၇၃ ဦးရှိရာ လက်ရှိလျှပ်စစ်ဝန်အား 700 A ရှိပြီးလျှပ်စစ်ဓာတ်အားသုံးစွဲသူ များပြားလာမှုကြောင့် 200ကေဗွီအေထရန်စဖော်မာအသစ်တစ်လုံး တိုးချဲ့တပ်ဆင်လျက်ရှိသည်။

သန်လျင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများ ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရန်အတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရက် ၁၀၀ စီမံချက်အဖြစ် 200ကေဗွီအေထရန်စဖော်မာ ငါးလုံး၊ ရက် ၁၈၀ စီမံချက်အရ 200ကေဗွီအေထရန်စဖော်မာ သုံးလုံးနှင့် ယခုတည်ဆောက်နေသော System Improvement 200ကေဗွီအေထရန်စဖော်မာ နှစ်လုံး စုစုပေါင်း ထရန်စဖော်မာ ၁၀ လုံးအား တပ်ဆင်တည်ဆောက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လျှပ်စစ် မန်နေဂျာရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**သက်နိုင်(သန်လျင်)**

# ခြင်မျိုးဆက်မပြန့်ပွားရေး ဖုံး၊ သွန်၊ လဲ၊ စစ် အရှိန်မြှင့်တင်ဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီ၏စီစဉ်မှုဖြင့် ကျန်းမာရေးဌာနသည် ပြည်သူဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခရိုင်၊ မြို့နယ်စည်ပင်သာယာကျန်းမာရေးဌာနများနှင့် ကွင်းဆက်မပြတ်လေ့လာသုံးသပ်ပြီး သွေးလွန်တုပ်ကွေးရောဂါ ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တွေ့အောင်ရှာ၊ သိအောင်သုံးသပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်နေကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

ဖုံး၊ သွန်၊ လဲ၊ စစ် တစ်ပတ်တစ်ခါဆောင်ရွက်ရန်လိုကြောင်း၊ ဒီလိုစစ်တဲ့အခါ ခြင်ကျားမျိုးဥမကျန်စေရန် ရေစည်၊ ရေအိုး၊ ပန်းအိုးများ စင်ကြယ်စွာဆေးကြောခြင်းသည် ခြင်ကျားမျိုးမပြန့်ပွားအောင်ကာကွယ်သလို သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအတွက် ထိရောက်မှုအရှိဆုံးလုပ်ငန်းဖြစ်ကြောင်း မြို့နယ်စည်ပင်ကျန်းမာရေးတာဝန်ခံတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ဆောင်ရွက်မှုအပြင် ခရိုင်၊ မြို့နယ်စည်ပင်သာယာကျန်းမာရေးဝန်ထမ်းများသည် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်သည့်အဖွဲ့တို့ဖြင့် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

**ထွန်းဝင်း**

# တေးဗီဒီယိုသစ်ကို ပရိသတ်နဲ့မိတ်ဆက်ခဲ့တဲ့ Girls' Day



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "Girls' Day"ဟာ အဖွဲ့ရဲ့တေးဗီဒီယိုသစ်ကို ပရိသတ်နဲ့မိတ်ဆက်တဲ့အနေနဲ့ အဆိုပါတေးဗီဒီယိုအတွက် ဓာတ်ပုံတစ်ပုံကို လတ်တလောမှာ ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါ်ပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မကြာသေးမီက မီနီတေးအယ်လ်ဘမ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာခဲ့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့ အဆိုပါအမျိုးသမီးတေးဂီတအဖွဲ့ဟာ ယင်းတေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးဗီဒီယိုတစ်ခုရဲ့ ရိုက်ကွင်းပေါ်က ဓာတ်ပုံတစ်ပုံကို ယခုလိုထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

ယင်းဓာတ်ပုံမှာ ငွေရောင်နောက်ခံကိုထားရှိကာ အဖွဲ့ဝင်လေးဦးစလုံးဟာလည်း ငွေရောင်ဆင်တူဝတ်စုံတွေကို ဝတ်ဆင်ထားတာ တွေ့ခဲ့ရပါတယ်။ ဒီလိုပြင်ဆင်ဝတ်စားပုံတွေဟာ သူတို့ရဲ့တေးဗီဒီယိုသစ်ရဲ့ ပုံစံနဲ့ ဆက်စပ်နေတာကြောင့် သူတို့ရဲ့ တေးသီချင်းသစ်တွေနဲ့ ပတ်သက်တဲ့သဲလွန်စနဲ့ တေးဂီတပုံစံကို လှစ်ဟပြတဲ့အနေနဲ့ ယခုလိုဓာတ်ပုံတစ်ပုံကို မီနီတေးအယ်လ်ဘမ်သစ်ကို မထုတ်လွှင့်မီ ဦးစွာထုတ်ဖော်ပြသခဲ့ခြင်းဖြစ်ကြောင်းလည်း အဆိုပါတေးဂီတအဖွဲ့က ပြောကြားခဲ့တယ်လို့ သိရပါတယ်။

"Girls' Day"ရဲ့ မီနီတေးအယ်လ်ဘမ်သစ်ကိုတော့ လာမယ့် မတ် ၂၇ ရက်မှာ စတင်ထုတ်လွှင့်သွားရန် စီစဉ်ထားကြောင်းလည်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

# နှစ်ဦးအကြားကဆက်ဆံရေးကို တရားဝင်ဖွင့်ဟလာတဲ့ ကင်မင်ဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ကင်မင်ဟီးက သူနဲ့ တောင်ကိုရီးယားဒါရိုက်တာတစ်ဦးဖြစ်တဲ့ ဟွန်ဆန်ဆိုးတို့အကြားက လူပြောများတဲ့ဆက်ဆံရေးနဲ့ ပတ်သက်ပြီး လတ်တလောမှာကျင်းပခဲ့တဲ့ သူ့ရဲ့ရုပ်ရှင်သစ်အတွက် သတင်းစာရှင်းလင်းပွဲမှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကင်မင်ဟီးရဲ့ နောက်ဆုံးရိုက်ကူးထားတဲ့ ရုပ်ရှင်သစ် "On the Beach at Night Alone"အတွက် သတင်းစာရှင်းလင်းပွဲကို လတ်တလောမှာ ကျင်းပခဲ့ရာမှာတော့ သူနဲ့အတူ ဟွန်ဆန်ဆိုးလည်း တက်ရောက်ခဲ့ကာ သူတို့နှစ်ဦးချစ်သူတွေအဖြစ် လက်တွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်တယ်လို့လည်းသိရပါတယ်။ အဆိုပါအခမ်းအနားကို တက်ရောက်လာခဲ့တဲ့ သတင်းထောက်တစ်ဦးက သူတို့နှစ်ဦးရဲ့ဆက်ဆံရေးနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းခဲ့ရာ ဟွန်ဆန်ဆိုးက နှစ်ဦးသားချစ်သူတွေဖြစ်နေကြောင်း ပြန်လည်ဖြေကြားပေးခဲ့တာဖြစ်ပါတယ်။



သူတို့နှစ်ဦးရဲ့ ခံစားချက်တွေကို ယခုလို ရိုးရိုးသားသားဝန်ခံခဲ့ချိန်မှာလည်း မီဒီယာတွေရဲ့ ဝေဖန်သံတွေဟာ ရပ်တန့်မသွားခဲ့ပါဘူး။ အကြောင်းကတော့ ဟွန်ဆန်ဆိုးဟာ အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး သူ့ရဲ့ဇနီးဖြစ်သူကလည်း ဟွန်ဆန်ဆိုးရဲ့ ကွာရှင်းခွင့်တောင်းဆိုမှုကို ငြင်းပယ်ထားခဲ့ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက ကျင်းပခဲ့တဲ့ ဘာလင် နိုင်ငံတကာရုပ်ရှင်ပွဲတော်မှာ ကင်မင်ဟီးက သူခေါင်းဆောင် ပါဝင်ထားတဲ့ရုပ်ရှင် "Handmaiden" အတွက် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ပွဲတော်မှာလည်း သူတို့နှစ်ဦးစလုံးတက်ရောက်ခဲ့ကြပြီး ရင်းနှီးလွန်းတဲ့ ဆက်ဆံရေးကြောင့် မီဒီယာတွေရဲ့ အာရုံစိုက်မှုကိုလည်း ခံခဲ့ကြရပါတယ်။

လတ်တလောမှာ အသက် (၅၇) နှစ်ရှိပြီဖြစ်တဲ့ ဟွန်ဆန်ဆိုးနဲ့ (၃၅) အရွယ်မင်းသမီး ကင်မင်ဟီးတို့ဟာ ဝေဖန်မှုတွေနဲ့ ဆက်တိုက်ကြုံနေရပါတယ်။ ဟွန်ဆန်ဆိုးကို ဇနီးဟောင်းကို စွန့်ပစ်ခဲ့သူတစ်ဦးအဖြစ် စွပ်စွဲခဲ့ကြပြီး ကင်မင်ဟီးကိုတော့ အိမ်ထောင်သည်တစ်ဦးကို မိသားစုရဲ့အဝေးကို ဆွဲထုတ်သူတစ်ဦးအဖြစ် ဝေဖန်ခဲ့ကြကြောင်းလည်း အဆိုပါ မီဒီယာက ဖော်ပြခဲ့ပါတယ်။

# တေးအယ်လ်ဘမ်သစ်ကို အဆုံးသတ်နိုင်ရေးကြိုးပမ်းနေတဲ့ ဒရိတ်ခ်

ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဒရိတ်ခ်ဟာ လတ်တလောမှာပြုလုပ်လျက်ရှိတဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို တတ်နိုင်သမျှ မြန်မြန်အဆုံးသတ်ကာ ပရိသတ်ရှေ့အရောက်ယူဆောင်လာနိုင်ရေး ကြိုးပမ်းနေကြောင်း ပြီးခဲ့တဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲအတွင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဒရိတ်ခ်ဟာ သူ့ရဲ့တေးအယ်လ်ဘမ်သစ်တစ်ခုကို ပြီးခဲ့တဲ့ မတ် ၄ ရက်မှာ ထုတ်လွှင့်မှာဖြစ်တယ်လို့ ယခင်ကထုတ်ဖော်ပြောကြားခဲ့ပေမယ့် သတ်မှတ်ထားတဲ့အချိန်မှာတော့ အဆိုပါတေးအယ်လ်ဘမ်ကို ထုတ်လွှင့်နိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီလိုနှောင့်နှေးခဲ့ရတာနဲ့ပတ်သက်ပြီး ဒရိတ်ခ်က အကြောင်းပြချက်မပေးခဲ့တဲ့အပြင် အဆိုပါတေးအယ်လ်ဘမ် ထုတ်လွှင့်မယ့်ရက်ကိုလည်း အတိအကျ ထုတ်ပြန်ပြောကြားနိုင်ခဲ့ခြင်းမရှိပါဘူး။

ဒါပေမယ့် ပြီးခဲ့တဲ့ သောကြာနေ့က ဂျာမနီနိုင်ငံ ဟမ်းဘာ့ဂ်မြို့မှာ ကျင်းပခဲ့တဲ့ သူ့ရဲ့နယ်လှည့်ဖျော်ဖြေပွဲမှာတော့ ဒရိတ်ခ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်ထွက်ရှိနိုင်ရေးအတွက် မြန်နိုင်သမျှ မြန်မြန်ကြိုးပမ်းသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အဲဒီနောက် မတ် ၁၂ ရက်မှာ အဆိုပါတေးအယ်လ်ဘမ်သစ်ကို လာမယ့် မတ် ၁၈ ရက်မှာ ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြီး ယင်းတေးအယ်လ်ဘမ်သစ်ကိုလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် အမြည်းသဘော စမ်းသပ်ထုတ်လွှင့်ခဲ့ကြောင်း သိရပါတယ်။

ဒရိတ်ခ်က လတ်တလောပြင်ဆင်နေတဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သစ်ကို "More Life"လို့ အမည်ပေးထားပြီး အဆိုပါတေးအယ်လ်ဘမ်မှာ တေးသီချင်းစုစုပေါင်း အပုဒ် ၃၀ ခန့် ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါတေးအယ်လ်ဘမ်သစ်မှာ ဒရိတ်ခ်ရဲ့ နောက်ဆုံးထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်း အပုဒ် ၂၀ လည်း ပါဝင်မှာဖြစ်ပြီး သူ့ရဲ့အချစ်ဟောင်းဖြစ်တဲ့ ပေါ့ပ်အဆိုတော် ရီဟားနား ပါဝင်အားဖြည့်သီဆိုပေးထားတဲ့ တေးသီချင်းသစ်တစ်ပုဒ်လည်း အဆိုပါတေးအယ်လ်ဘမ်မှာ ပါဝင်နေကြောင်း သိရပါတယ်။



# ချစ်သူကို နှိပ်စက်ခဲ့တဲ့အတွက် ဖမ်းဆီးခံထားရတဲ့ Iron

တောင်ကိုရီးယားရဲ့ နာမည်ကျော် ရက်ပ်တေးသံရှင်တစ်ဦးဖြစ်သူ Iron ဟာ သူ့ရဲ့ချစ်သူကို ကိုယ်ထိလက်ရောက် ရိုက်နှက်နှိပ်စက်ခဲ့တာတွေ ရှိခဲ့တဲ့အတွက် လတ်တလောမှာတော့ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၄ ရက်မှာ တောင်ကိုရီးယားရဲ့ဌာနတစ်ခုက Iron ဟာ ချစ်သူကို လက်သီးနဲ့ထိုးနှက်ခဲ့တာတွေရှိခဲ့တဲ့အတွက် ဒီလိုနှိပ်စက်စော်ကားခဲ့တာတွေကို ချစ်သူက လာရောက်တိုင်တန်းခဲ့တာကြောင့် လတ်တလောမှာတော့ ဖမ်းဆီးထိန်းသိမ်းခြင်းခံထားရတာဖြစ်တယ်လို့ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။



အဆိုပါနှိပ်စက်ခဲ့တဲ့ဖြစ်ရပ်တွေဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ဘဲ လတ်တလောမှ သက်သေမှတ်တမ်းတွေနဲ့အတူ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် Iron ရဲ့ နောက်ထပ်နှိပ်စက်မှုတစ်ခုဟာလည်း ပထမဖြစ်ရပ်ဖြစ်ခဲ့ပြီးနောက် ၁၅ ရက်ခန့်အကြာမှာ ထပ်မံဖြစ်ပွားခဲ့တယ်လို့လည်း သိရပါတယ်။

ဒုတိယဖြစ်ရပ်အတွင်း Iron ရဲ့ချစ်သူက သူနဲ့ လမ်းခွဲဖို့ပြောကြားလာတဲ့အခါ သူက ချစ်သူကို ပါးစပ်မှာအဝတ်ဆို့ကာ မျက်နှာကို လက်သီးတွေနဲ့ထိုးခဲ့ကြောင်းနဲ့ သူ့ရဲ့နှိပ်စက်မှုတွေကြောင့် ချစ်သူကောင်မလေးမှာ ဒဏ်ရာများစွာရရှိခဲ့ကာ ဘယ်ဘက်လက်သန်းပါ ကျိုးခဲ့ရကြောင်းလည်း သိရပါတယ်။ ဒီလိုချစ်သူကို ဒဏ်ရာတွေရအောင် နှိပ်စက်ခဲ့ပြီးတဲ့နောက်မှာ Iron က မီးဖိုခန်းကို ဝင်သွားခဲ့ကာ ဓားတစ်ချောင်းကိုယူပြီး သူ့ရဲ့ပေါင်ကို သူကိုယ်တိုင် ဓားနဲ့လှီးခဲ့ကာ သူနှိပ်စက်ခဲ့တာတွေကို ရဲကိုတိုင်ကြားတာတွေပြုလုပ်ခဲ့ပါက သူကလည်း ဓားနဲ့ထိုးခြင်းခံခဲ့ရကြောင်း လိမ်လည်ပြောဆိုမှာဖြစ်တယ်လို့ ခြိမ်းခြောက်ပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။

Iron ဟာ ယခင်ကလည်း ပြစ်မှုရှိခဲ့တဲ့အနုပညာရှင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်အတွင်းက ဆေးခြောက်သုံးစွဲခဲ့မှုအတွက် ရှစ်လခန့်ထောင်ကျခဲ့ကာ စမ်းသပ်ကာလ နှစ်နှစ်သတ်မှတ်ခြင်းခံခဲ့ရကြောင်းလည်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲ လှိုင်ကော်မြို့၌ပြုလုပ်

**လှိုင်ကော် မတ် ၁၅**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၁ ရက် နံနက် ၉ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လှိုင်ကော်မြို့နယ်အနေဖြင့် စွန့်လွှတ်မြေများအပါအဝင် ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်အထိ ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စုတွင် တောင်သူပေါင်း ၁၆၆၂၇ ဦး၊ ဦးပိုင်လုပ်ကွက်ပေါင်း ၂၀၆၉၀၊ ဧရိယာပေါင်း ဧက ၅၆၂၆၀ ကိုပုံစံ(၇)ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့တွင်လည်း ကျေးရွာအုပ်စု ၁၁ အုပ်စုမှ တောင်သူပေါင်း ၁၁၈၁ ဦးအတွက် ဦးပိုင်ပေါင်း ၂၁၅၈ ကို ပုံစံ(၇) ထုတ်ပေးမှာဖြစ်ကြောင်း၊ ယနေ့အပါအဝင် ပုံစံ(၇)ထုတ်ပေးပြီးစီးမှုမှာ ကျေးရွာအုပ်စုပေါင်း ၁၂ အုပ်စုတွင် တောင်သူပေါင်း ၁၈၉၂၈ ဦး၊ ဦးပိုင်ပေါင်း ၂၃၂၁၇၊ ဧရိယာပေါင်း ၆၃၄၀၆ ဧကဖြစ်သည့်အတွက် လာရောက်လျှောက်ထားခြင်းမရှိသော လယ်ယာမြေများ၊ အငြင်းပွားလျက်ရှိသော လယ်ယာမြေများသာ ပုံစံ(၇)ထုတ်ပေးရန် ကျန်ရှိတော့ကြောင်း၊ ၎င်းတို့ကိုလည်း လာရောက်လျှောက်ထားလာပါက စိစစ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များအား တောင်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ယင်းနောက် ပုံစံ(၇) ရရှိသူများကိုယ်စား နွားလဝိုးကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရွှေစာရံဘုရားပွဲတော်၌ ငှက်လှေစီးသူများ၊ မြစ်ရေချိုးသူများဖြင့် စည်ကားလျက်ရှိ

**မန္တလေး မတ် ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမိုင်းဝင်ရွှေစာရံဘုရားပွဲကို နှစ်စဉ်တပေါင်းလပြည့်နေ့မှစတင်၍ တပေါင်းလပြည့်ကျော် ၉ ရက်ထိ ကျင်းပသည်။ ရွှေစာရံဘုရားပွဲကို မန္တလေးမြို့သူ၊ မြို့သားများ၊ အနီးနားရှိကျေးရွာများ၊ သီပေါ၊ နောင်ချို၊ ပြင်ဦးလွင် စသည့်တောင်ပေါ်ဒေသမှ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနုတိုင်းရင်းသားများပါ လာရောက်ဆင်နွှဲသည့်ပွဲဖြစ်ပြီး ဘုရားပွဲမှာ အလွန်စည်ကားသည့်ပွဲပင်ဖြစ်သည်။

ယခုအခါ ရွှေစာရံဘုရားပွဲအတွင်းတွင် ဈေးသည်ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်။ ရွှေစာရံဘုရားပွဲသည် သမိုင်းဝင်ဘုရားပွဲဖြစ်သလို လူသိများသည့်ဘုရားပွဲပင်ဖြစ်သည်။ ဘုရားပွဲတွင် ထန်းရွက်ပုတီး၊ ထန်းရွက်ငါး၊ ဗူးခါးသီးရေဘူး၊ တောင်သူသုံးပစ္စည်းများ ထန်းဖူးဦးထုပ်များ၊ ဝါးသေနတ်၊ ဝါးခေါးများကို အမှတ်တရအဖြစ် ရောင်းချလေ့ရှိသည်။

ရွှေစာရံဘုရားပွဲတွင် အိမ်ပြန်လက်ဆောင်မုန့်အဖြစ်ရောင်းချသော မုန့်မှာ ရှမ်းပြည်နယ်ထွက် မုန့်ဝေါင်းအုံးများပင်ဖြစ်သည်။ မန္တလေးမြို့အနီးရှိ တောင်သူများမှာလည်း တောင်သူသုံးပစ္စည်းများ၊ ပရဆေးပင်ဆေးမြစ်များကို အားထားဝယ်ယူကြသည်။

ရွှေစာရံဘုရားပွဲလာရောက်သည့်လူငယ်များမှာ ငှက်လှေစီးခြင်း၊ ဒု႒ာဝတီမြစ်အတွင်းရေချိုးခြင်းများကို ပြုလုပ်ကြသည်။ တစ်ဦးနှင့်တစ်ဦး ရေပက်ကစားကာပျော်ရွှင်စွာဆင်နွှဲကြသည်။ ငှက်လှေများမှာ နဂါးရုံဘုရားနှင့် နားမှောင်းကျချောင်းသို့ သွားရောက်လေ့ရှိသည်။ ရွှေစာရံဘုရားပွဲတွင် ငှက်လှေ ၆၀ ကျော်ဖြင့် လှော်ခတ်ပေးလျက်ရှိသည်။ လူတစ်ဦးလျှင် ငွေကျပ် ၂၅၀၀ နှုန်းယူပြီး ငှက်လှေတစ်စင်းလျှင် လူခြောက်ဦးမှ ၁၀ ဦးအထိ တင်လေ့ရှိသည်။ လက်ရှိကာလ ရွှေစာရံဘုရားပွဲတွင် ငှက်လှေစီးသူများ၊ ဒု႒ာဝတီမြစ်အတွင်း ရေချိုးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**စစ်တွေ မတ် ၁၅**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များနှင့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမှုကို မတ် ၁၃ ရက် မွန်းလွဲ ၂ နာရီက ပြည်နယ်ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ဂျပန်နိုင်ငံ NAKANISHI SANGYO ကုမ္ပဏီမှ ဥက္ကဋ္ဌ KAZUHIRO NAKANISHIက ဂျပန်နိုင်ငံတွင် စွန့်ပစ်ပစ္စည်းများအား ခေတ်မီနည်းပညာများဖြင့် ပြန်လည်ပြုပြင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ကာ အသုံးပြုနေမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

စွန့်ပစ်ပစ္စည်းများမှာ အဓိကအားဖြင့် ဖန်ပုလင်းများ၊ မှန်ပြားများနှင့် ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ယင်းပစ္စည်းများအား စနစ်တကျ ခွဲခြားစွန့်ပစ်တတ်နိုင်စေရန်ရည်ရွယ်ခြင်းဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် စက်ရုံများတည်ထောင်ပြီး သင်တန်းများပေးသွားမည်ဖြစ်ကြောင်း KAZUHIRO NAKANISHI က ဆက်လက်ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် လာရောက်ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် လိုအပ်ပါက ကူညီဆောင်ရွက်ပေးနိုင်ရေးဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရွှေ့ပြောင်းအိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်

**သနပ်ပင် မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကသစ်ခုံကျေးရွာတွင် မတ် ၁၂ ရက် နံနက် ၉ နာရီခွဲက စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းအိမ်ထောင်စုများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနား ကျင်းပခဲ့သည်။

ထို့နောက် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် တာဝန်ရှိသူများက ကျေးရွာသားများအား ထောက်ပံ့ငွေများအသီးသီးပေးအပ်ခဲ့သည်။

အဆိုပါကျေးရွာသည် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကွင်းပေါင်း ငါးကွင်း၊ ဦးပိုင်ပေါင်း ၅၀၁ ခု၊ တောင်သူပေါင်း ၃၅၇ ဦး၊ မြေဧရိယာ ၄၁၉၈ ဧကရှိ လယ်မြေများ ပြိုကျပျက်စီးခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၂၄၈၅၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



&efukwmifykc½kdurf;cHkrU, fwyfzUudkpcef;rS'kr;S atmifrkbonfrwf9 &ufnae 3 em&D urf;cHkrUwmifyk &yfuuf'r®okrkif;uqif;a&; toyfnmay;a[majymyjyvkyfcJh &yfuujynfolrsm;ESifhaus;&maejynfolrsm; wuf&mufcJhum;if oDonf

၆၈၉

# မယ်ညိုတောင်ကြိုးဝိုင်းနှင့် အနီးဝန်းကျင်ရှိကျေးရွာများဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး မတ် ၁၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်း၍ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဂေဟစနစ် ဝန်ဆောင်မှုများနှင့် ရေရှည်တည်တံ့သော လူမှုစီးပွားရေးစနစ်များအားလေ့လာခြင်း ရှေ့ပြေးစီမံကိန်းဆိုင်ရာ အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲကို မတ်လပထမပတ်က ဦးစီးဌာနရုံးချုပ် စန္ဒကူးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်နှင့် ADB မှ Mr. Bruce Dunn တို့က အမှာစကားပြောကြားကြပြီး ပညာရှင်များနှင့် ဒေသခံများက တက်ရောက်ပါဝင်ဆွေးနွေးကြသည်။

ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲမှ သစ်တောဂေဟစနစ်များ ပြန်လည်ထိန်းသိမ်းရေးနှင့် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ မြေဆီလွှာနှင့် ရေအရင်းအမြစ် ထိန်းသိမ်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခြင်း၊ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများရေးဆွဲရာတွင် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်စီမံအုပ်ချုပ်မှုများ ထည့်သွင်းရေးဆွဲလာနိုင်ခြင်း စသည့်အကျိုးရလဒ်များအပြင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်မည့် မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်များတွင်တည်ရှိသော မယ်ညိုတောင်ကြိုးဝိုင်းနှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများ၏ ဒေသထွက်ကုန်များ တိုးတက်လာကာ လူမှုစီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေးဟောပြောပွဲသင်တန်းဖွင့်

**နေပြည်တော် မတ် ၁၅**

ရှားတောကျေးရွာ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းအဖြစ် စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဦး ဦးဆောင်၍ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေးပွဲသင်တန်းကို မတ် ၁၄ ရက် မွန်းလွဲပိုင်းက ရှားတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရှားတောကျေးရွာနေ ပြည်သူ စုစုပေါင်း ၄၃ ဦး တက်ရောက်သင်ကြားကြသည်။

အဆိုပါ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေးဟောပြောပွဲသင်တန်းတွင် စိုက်ပျိုးမည့် မြေနေရာရွေးချယ်ခြင်း၊ ရေ၊ မျိုးစေ့၊ ပျိုးပင်၊ မြေဩဇာနှင့် မြေဆီလွှာဖြည့်စွက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတုဆေးများနှင့် အခြားဓာတုပစ္စည်းများ၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ စိုက်ပျိုးရေးနှင့်အခြားဆက်စပ်ပစ္စည်းကိရိယာများ၊ ရိတ်သိမ်းခြင်းနှင့် ထွက်ကုန်ပြုပြင်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အအုံများပြုလုပ်ခြင်း၊ တိရစ္ဆာန်နှင့်ဖျက်ပိုးများ ထိန်းချုပ်ခြင်း၊ အထောက်အထားနှင့်မှတ်တမ်းများ၊ နောက်ကြောင်းပြန်စစ်ဆေးခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်း၊ သင်တန်းများ၊ ဆောင်ရွက်ကျင့်သုံးမှုများကို ပြန်လည်သုံးသပ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် လုပ်သားများဘဝ သာယာဝပြောရေး စသည့်ခေါင်းစဉ်များဖြင့် တက်ရောက်လာကြသူများကို စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲမှ တာဝန်ရှိသူများက ရှင်းလင်းပို့ချခဲ့သည်။

"ကျွန်တော်တို့ ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းအနေနဲ့ ပိုးသတ်ဆေး အလွန်အကျွံသုံးစွဲခြင်း ဆိုးကျိုးတွေကို ပို့ချသင်ကြားပေးတော့ သုံးစွဲသူအတွက်ရော စားသုံးသူတွေအတွက်ပါ ဖြစ်လာမယ့် အန္တရာယ်တွေကနေ ကြိုတင်ကာကွယ်ရှောင်ရှားနိုင်မှာဖြစ်ပါတယ်" ဟု စီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောပြသည်။

ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်း၊ ဂုံမင်းအင်းနှင့် ရှားတောကျေးရွာတို့တွင် စီမံဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာတစ်ရွာလျှင် ၂၃၃ သိန်း ချထားပေးပြီး လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ၆၀ ရာခိုင်နှုန်း၊ ဝင်ငွေတိုးတက်ရရှိရေးတွင် ၃၅ ရာခိုင်နှုန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတွင် ၅ ရာခိုင်နှုန်း အသီးသီးခွဲဝေအသုံးပြုနိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ကဏ္ဍတစ်ခုချင်းစီတွင် ကြီးကြပ်ရေးမှူးများဖြင့် အဆင့်ဆင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်မောင်**

# ဥပဒေနှင့် ပြည်သူ

ဦးဟန်ညွန့်(ဥပဒေ)

**အကျွမ်းတဝင်ဖြစ်စေရန်**

တရားဥပဒေနှင့်ပြည်သူများ အကျွမ်းတဝင်ဖြစ်စေရန် ရည်ရွယ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အခန်းကဏ္ဍ Facebook Page စတင်ဖွင့်လှစ်ကြောင်း သတင်းများဖတ်ရသည်။ အဆိုပါ Facebook Page ကို ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ရုပ်ရှင်အစည်း အရုံးနှင့် ဂီတအစည်းအရုံးတို့ ပူးပေါင်းတည်ထောင်ထား ခြင်းဖြစ်ကြောင်း သိရသည်။

**ရည်ရွယ်ချက်**

"ဒီ Facebook Page ကို ဖွင့်လှစ်တဲ့ အဓိက ရည်ရွယ်ချက်ကတော့ တရားဥပဒေနဲ့ ပတ်သက်လို့ ပြည်သူ တွေအားလုံး အကျွမ်းတဝင်ဖြစ်လာစေဖို့၊ မိမိတို့သိလိုတဲ့ အကြောင်းအရာတွေကိုလည်း အလွယ်တကူမေးမြန်းနိုင်ဖို့ ရည်ရွယ်ပါတယ်။ ဒီကနေတစ်ဆင့် တရားဥပဒေနဲ့ ပတ်သက်ပြီးတော့ အများပြည်သူသိရှိစေဖို့အတွက် အနုပညာရှင်တွေနဲ့ ပူးပေါင်းလုပ်ဆောင်ဖို့ စီစဉ်ထား တာပါ"ဟု ပြည်ထောင်စုလွှတ်တော် အထူးကော်မရှင် အဖွဲ့ဝင် ဦးတင်မောင်ဦးက ဆိုသည်။

**သက်ဆိုင်သည့် အချက်အလက်များ**

တရားဥပဒေစိုးမိုးရေးအတွက် ရည်ရွယ်ကာ တရား ဥပဒေနှင့် သက်ဆိုင်သည့် အချက်အလက်များ၊ သိရှိလို သည်များ၊ ဝေဖန်ထောက်ပြလိုသည်များအား အဆိုပါ Facebook Page မှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ် သည်။ ပြန်လည်ဖြေကြားသွားမည်လည်းဖြစ်သည်။ တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်လျက်ရှိသည့် တာဝန်ရှိသူများအတွက်လည်း အကြံပေးသဘောမျိုးဖြင့် လုပ်ဆောင်နိုင်ရန် ရည်ရွယ်သည်။ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အခန်းကဏ္ဍကို ရည်ရွယ်သည့် Facebook Page ကို Rule of Law & Rule of Public ဟု အမည် ပေးထားသည်။ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များ ပူးပေါင်း ပါဝင်ခြင်းအားဖြင့် ပြည်သူများအကြားတွင် ဥပဒေဆိုင်ရာ အချက်အလက်များ ပိုမိုစိတ်ဝင်စားပျံ့နှံ့စေရန်ရည်ရွယ် သည်။

**မင်္ဂလာသတင်းတစ်ပုဒ်**

Rule of Law & Rule of Public Facebook Page ဖွင့်လှစ်ခြင်း မိတ်ဆက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ပြုလုပ်ခဲ့သည်။ တာဝန်ရှိသူများ၊ အနုပညာရှင်များ တက်ရောက်သည့် မင်္ဂလာသတင်းတစ်ပုဒ်ဖြစ်သည်။

**ပြည်သူ့ဗဟိုပြု မီဒီယာအသုံးပြု**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာန မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲသတင်း ကလည်း ဥပဒေနှင့်ပြည်သူ၊ ပြည်သူနှင့် မီဒီယာပေါင်းကူး သည့် သတင်းပါ။ အခြေခံဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့် ဝတ်များ၊ စံကိုက်ကုထုံးပုံစံများ၊ ဝန်ထမ်းကျင့်ဝတ်များ အားလုံးနှင့် ပြည့်စုံစွာ နေထိုင်နိုင်လျှင် အပြစ်ကင်းသည့် ပြည်သူကို မျက်နှာမူသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ် လာမည်။

မိမိတို့၏ မူလအရည်အသွေးများကို မြှင့်တင်ရမည် ဖြစ်သကဲ့သို့ မီဒီယာများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံဆက်ဆံသည့်အခါတွင်လည်း မီဒီယာကျင့်ဝတ်များ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်ဆံ ပြောဆိုလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ မီဒီယာနှင့် ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း နားလည် စွာ ပြည်သူလူထုကို စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်အညီ ကျန်းမာရေးဝန်ထုပ်ဝန်ပိုးမဖြစ် စေအောင် ဆက်ဆံပြောဆိုသွားရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုက်တွန်းပြောကြားခဲ့သည်။

**သတင်းမီဒီယာဥပဒေ**

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးရဲနိုင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် အတွင်းရေးမှူး ဦးသီဟစောတို့ကလည်း သတင်းမီဒီယာဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးကြသည်။ ပြည်သူနှင့်ဥပဒေ၊ သတင်း မီဒီယာနှင့် ပြည်သူဆက်စပ်ပေးသည်။ လက်တွဲပေးသည်။

**ဒီမိုကရေစီအလေ့အကျင့်ရရှိရေး**

ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း ဒီမိုကရေစီအလေ့အကျင့်ရှိရန် လိုအပ်သည်။ ယင်းအလေ့ အကျင့်ရရှိစေရန် နိုင်ငံသားတိုင်းတွင် အသိ၊ ဉာဏ်ပညာ အခြေခံရှိရန် လိုအပ်သည်။ ပြည်သူများထံသို့ အသိပညာနှင့် သတင်းအချက်အလက်များ မှန်ကန်စွာ ရောက်ရှိရန် စတုတ္ထမဏ္ဍိုင်က ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရသည်။ **[လွှတ်တော်သတင်း]**

လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအသီးသီးတို့အကြား မတူသည့် သဘောထားအမြင်များ ရှိနိုင်သည်။ အများစု၏ အားဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ရှိရန် လိုအပ်သည်။ အများပြည်သူဘက်က ပြန်လည်ပြောဆိုသည့် အသံများ၊ အထင်အမြင်များ၊ ရေးသားချက်များကို ကျယ်ကျယ်ပြန့်ပြန့်သိဖို့လိုသည်။ ဖော်ပြဖို့လိုသည်။ သဘောထားအမြင်ဟူသည် မတူကွဲပြားရှိတတ်စမြဲ။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ရှိသည်မဟုတ်လား။

**ဥပဒေရေးရာ အဖြာဖြာ**

ရုပ်မြင်သံကြား၊ ရေဒီယိုပြန်ကြားရေး မီဒီယာ အစီအစဉ်များတွင် ဒီမိုကရေစီစိတ်ထားအစီအစဉ်၊ ပြည်သူ့ နီတိအစီအစဉ်နှင့် ဥပဒေရေးရာ အဖြာဖြာအစီအစဉ်များ တင်ဆက်နေသည်။ ပြည်သူလူထုအသိအမြင် မှန်စေရေး၊ သတင်းအချက်အလက်နှင့် အသိပညာများ ဖြန့်ဝေနေ ဆဲပါ။ ဥပဒေပညာကို အတုံးလိုက် အတစ်လိုက် ပညာ ပေးခြင်းထက် လူထုအသံ၊ လူထုအမြင်နှင့် မျှဝေခြင်း သည်သာအောင်မြင်မည် မုချပါ။

> **ဥပဒေနှင့်ပြည်သူသည် မဝေးပါ။ ဝေးနေလျှင်လည်း နီးအောင် စွမ်းဆောင်ကြရမည်သာ။ သို့မှသာ တရားဥပဒေစိုးမိုးရေး အလေးပေးရာရောက်မည်ဖြစ်ပါကြောင်း . . .**

အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေး သူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှု လိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန် ရောဂါခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူ များ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်း ကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရခြင်းကြောင့် နစ်နာသူများ ကိုလည်းကောင်း၊ ထူးခြားသည့်အကြောင်းအရာတစ်ခုခု ကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့် ဆိုင်သော သက်သေများကိုလည်းကောင်း ဆိုသည်။

**[ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ၊ ၂(ခ)]**

**ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့**

ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။

**[ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ၊ ၂(ဂ)]**

**ဥပဒေဆိုင်ရာ အထောက်အကူ**

ဥပဒေဆိုင်ရာအထောက်အကူဆိုသည်မှာ ဥပဒေ ဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။

**[ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ၊ ၂(က)]**

**တောင်းခံခွင့်ရှိသူများ**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ လမ်းမတော်မြောက်နေ ဦးချစ်ဆွေ-ဒေါ်မြသွေးတို့၏သားတော်၊ ရန်ကုန်မြို့၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဦးဇောတိက၊ မင်္ဂလာဒုံ ကျိုက္ကလော့ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသတို့၏တူ/သားတပည့်၊ သန်လျင်မြို့၊ စန္ဒဂုဏ်ရည် မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဦးစန္ဒသူရိယသည် (၁၃၇၈ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်) ၁၅-၃-၂၀၁၇(ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ရက်) ၁၇-၃-၂၀၁၇(သောကြာနေ့) ညနေ ၃နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပြီး (၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်) ၂၁-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါကျောင်းတိုက်၌ ရက်လည်ဆွမ်းကျွေးပြုလုပ်ကျင်းပမည်ဖြစ်ပါကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

ခရစ်တော်၌အိပ်ပျော်ခြင်း

### Rev.Dr. သောမတ်စ်နေဇံ (၇၉)နှစ်

**နာယကသင်းအုပ်ဆရာတော်ကြီး**

**မြို့မကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်(မောန္ဓေလ)**

**အ. ထ. က ကျောင်းအုပ်ဆရာကြီး(ငြိမ်း)**

**St.Theresa Chinese Cathelic School**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၉/၁၂၁-ဂ)၊ ကရင်အမျိုးသားရပ်ကွက်၊ အောက်ကြည့်မြင်တိုင်လမ်းနေ (ဦးစောနေဇံ-နော်ဖွားစိန်)တို့၏သား၊ (ဦးဘဂေါင်-နော်စိန်ညွန့်)တို့၏သားသမက်၊ (ဆရာမနော် Sharon Ba Goung)၏ချစ်လှစွာသောခင်ပွန်း၊ မြို့မကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော် (မောန္ဓေလ)၏သင်းအုပ်ဆရာကြီး Rev.Dr သောမတ်စ်နေဇံသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၂၀ နာရီတွင် နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၃-၂၀၁၇ (စနေနေ့) နံနက် ၉ နာရီတွင် မောန္ဓေလဘုရားကျောင်း၊ အမှတ်(၄၁၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်-၄၁၁၊ မဟာဗန္ဓုလပန်းခြံလမ်း၊ မောန္ဓေလဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီးကားများ ထွက်ပါမည်။)

ကျန်ရစ်သူအသင်းတော်မိသားစု

---

ရဟန်း ဒါယကာကြီး

### ဦးခင်ရွှေ (၇၆)နှစ်

**(လ/ထ ညွှန်မှူး-ငြိမ်း၊ မီးသတ်ဦးစီးဌာန)**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ ငှက်ပျောတောကျေးရွာနေ (ဦးမြအေး-ဒေါ်အုန်းစိန်)တို့၏သားကြီး၊ (ဦးအုန်းငွေ-ဒေါ်ကျင်သိန်း)တို့၏ သားသမက်၊ ဦးတင့်ဟန်-ဒေါ်တင်ကြည်၊ တပ်ကြပ်သောင်းလွင်(ငြိမ်း)-ဒေါ်မြနွဲ့၊ ဗိုလ်ကြီးသိန်းနွဲ့(ငြိမ်း)-ဒေါ်တင်တင်စိန်တို့၏အစ်ကို၊ တာမွေနယ်မြေ မီးသတ်စခန်းနေ ဦးယဉ်ထွေး(မြန်မာတိုင်းမ်)-ဒေါ်နီလာဝင်း(ဒုဦးစီးမှူး-အရှေ့ပိုင်းခရိုင်၊ မီးသတ်ဦးစီးဌာန)၊ တပ်ကြပ်ကြီးကျော်ဇောမောင်(ခလရ-၂၆၂)-ဒေါ်နန္ဒာစုမွန်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ (ဒေါ်ဝင်းကြည်)၏ခင်ပွန်းသည် ၁၄-၃-၂၀၁၇ (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီ ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၁၇ (တနင်္လာနေ့) နံနက်တွင် သမိန်ဘရမ်းလမ်း၊ တာမွေ မီးသတ်စခန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးထိန်လင်း(ပန်းတနော်၊ ဇရပ်လှကြီး) အသက်(၆၀)

**BOSUN (CDC-17967)**

**ပုလဲနှင့်ငါး လုပ်ငန်း(ငြိမ်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ဆင်စွယ်လမ်း၊ အမှတ် (၂၄)၊ သုံးလွှာ (ဝဲ)နေ (ဦးဝမ်ယုံ-ဒေါ်ကျင်သန်း)တို့၏သား၊ (ဦးလှစိန်)-ဒေါ်တင်ပုတို့၏ သားသမက်၊ ဒေါ်ငွေငွေရီ၏ခင်ပွန်း၊ မောင်ဖြိုးဝေလင်း (3/E F.G)၊ မဆုပြည့်လင်း(Mo Asia Co., Ltd / DUMEXI)တို့၏ ဖခင်သည် ၁၄-၃-၂၀၁၇ (အင်္ဂါနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဦးကျော်နိုင်လင်း အသက် (၅၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ ၃၂(M)၊ ၃၂ ရိပ်သာနေ ဒေါက်တာဦးခင်ဖေလင်း-(ဒေါက်တာဒေါ်အမာစိန်)တို့၏သားငယ်၊ (ဗိုလ်ကြီးမောင်တင်-ဒေါ်ခင်အေးကြည်)၊ (ဒေါ်ခင်အေးစီ)၊ ဗိုလ်မှူးခင်မောင်သွင်(ငြိမ်း)-ဒေါ်ချိုချိုအေးတို့၏တူ၊ ဦးထွန်းဦး-ဒေါက်တာတင်နွယ်ဦး၊ ဦးတင်အောင်ဝင်း၊ ဒေါက်တာဌေးဝင်း-ဒေါက်တာတင်နွယ်အေး၊ ဒေါက်တာတင်အောင်လင်း-ဒေါ်သင်းသင်းဝါတို့၏ ညီ/မောင်၊ ဒေါက်တာသဲမြတ်သွင်၊ ဦးနန္ဒသွင်-ဒေါ်ကေဇင်သွယ်၊ ဦးနေမင်းဦး-ဒေါ်စုထွေးသွင်တို့၏အစ်ကိုသည် ၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ကိုထွေးမြတ်ဇော်(ခ)ကိုထွဋ် (၃၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးစောရှိန်)-ဒေါ်အုန်းသင်တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၈၅)၊ မြလမ်း၊ ရတနာအိမ်ရာ (တိုင်းရင်းသားကျေးရွာအနီး)နေ ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁ ဆေးဝါး)-ဒေါ်ဌေးရီတို့၏သားငယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ ဦးမြင့်ဆွေ-ဒေါ်ခင်ဝင်းတို့၏သားသမက်၊ မသန္တာဆွေ၏ ချစ်လှစွာသောခင်ပွန်း၊ မဆွိရတီထွဋ်၏ချစ်လှစွာသောဖခင်၊ ဒုတိယဗိုလ်မှူးကြီး ကျော်စွာထွန်း-ဒေါ်မေမျိုးဇော်(မြဝတီဘဏ်လီမိတက်)၊ ကိုရဲဝင့်ဇော်-မနန်းနွေးနွေးစိုးတို့၏ ညီ/မောင်၊ မချိုထွေးဇော်၏အစ်ကို၊ မောင်ကောင်းဇော်ဟိန်း၊ မောင်ခန့်ဇင်ဟိန်း၊ မဆုဝင့်သံစဉ်တို့၏ဦးလေး ကိုထွေးမြတ်ဇော်(ခ)ကိုထွဋ်သည် ၁၄-၃-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၁၀နာရီတွင် ပန်းလှိုင် စီလုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (ရတနာအိမ်ရာ နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီနှင့် လှိုင်မြို့နယ်၊ ၇/ရပ်ကွက်၊ မယ်ဇီကုန်းမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဖိလစ်ပိုင်နိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂိုဂိုဝါဒူတာတေး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည်

**နေပြည်တော်  မတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါဒူတာတေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၇ ရက် သတင်းစာတွင် ပါရှိမည်

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၇ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

**(ကြေးမုံ)**

# သိမ်းဆည်းခံလယ်ယာမြေများနှင့် အခြားမြေများကို မူလပိုင်ရှင်များလက်ဝယ်ပေးအပ်နိုင်ရန် ကရုဏာနှင့်ယှဉ်ပြီး ဆောင်ရွက်လျက်ရှိ

## ဘိုးဘွားအမွေအနှစ်အစစ်ဖြစ်သည့် လယ်ယာမြေများကို စားနပ်ရိက္ခာဖူလုံအောင် စိုက်ပျိုးလုပ်ကိုင်ကြရန် တိုက်တွန်း




**နေပြည်တော် မတ် ၁၅**

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ခန်းမ၌ ကျင်းပသည့် စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့အတွင်းမှ ပြန်လည်စွန့်လွှတ်သည့် မြေများအား မူလတောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူးက စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့အတွင်းမှ မူလတောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**




## ဂျပန်ယန်းသန်း ၂၀၀ ကျော်တန်ဖိုးရှိ ကစ္ဆပနဒီ(၁)ရေယာဉ် ဂျပန်နိုင်ငံမှ ရောက်ရှိ ရခိုင်ပြည်နယ်၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် အသုံးပြုမည်

**နေပြည်တော်  မတ်  ၁၅**

ဂျပန်နိုင်ငံမှ ထောက်ပံ့ပေးအပ်မည့် ယန်းသန်း ၅၀၀ တန်ဖိုးရှိသော ရေယာဉ်နှစ်စင်းအနက် ယန်း ၂၆၇ ဒသမ ၃၀၀ သန်းတန်ဖိုးရှိ ကစ္ဆပနဒီ(၁)ရေယာဉ်ကို ဂျပန်နိုင်ငံ ကိုဘေးမြို့မှ ရေယာဉ်တင်သင်္ဘော GRIEJ JE ဖြင့် တင်ဆောင်လာခဲ့ရာ ကျောက်ဖြူဆိပ်ကမ်းအနီးသို့ မတ် ၁၄ ရက် ညနေပိုင်းက ရောက်ရှိရပ်နားခဲ့ပြီး ယနေ့နံနက် ၁၁ နာရီခွဲတွင် ရေယာဉ်တင်သင်္ဘောပေါ်မှ ရေချကာ**(ဓါတ်ပုံ)** ငလပွေ့ဆိပ်ကမ်း(ကျောက်ဖြူ)၌ ကျောက်ချရပ်နားထားကြောင်း သိရသည်။

ကစ္ဆပနဒီ(၁)ရေယာဉ်ကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ ဝန်ထမ်းများအား ကျောက်ဖြူမြို့ ငလပွေ့ဆိပ်ကမ်း၌

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**






နိုင်ငံတော်အစိုးရ၏

ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

၁၆ - ၃ - ၂၀၁၇ (ကြာသပတေးနေ့)

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် စက်မှုဝန်ကြီးဌာန

မောင်ဆွေ

စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် ကြွယ်ဝချမ်းသာပြီး လူနေမှုအဆင့်အတန်း မြင့်မားကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဆက်ဆက်တို့ ကြိုးစားဆောင်ရွက်လျက်ရှိသည်။ အစိုးရသစ်သည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပိုမိုအောင်မြင်စေရန် ဆောင်ရွက်သည့်အနေဖြင့် စက်ရုံများတွင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုများပြုလုပ်ပြီး ထုတ်လုပ်အရည်အသွေး တိုးတက်ကောင်းမွန်စေရေး၊ ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ထုတ်ကုန်များ ပူးပေါင်းဆောင်ရွက်ရေး၊ အရောင်းမြှင့်တင်ရေး၊ နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ရေးနှင့် လယ်ယာသုံး စက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျ စစ်ဆေးဆောင်ရွက်ရေးလုပ်ငန်းများကို အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။


စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက "စက်မှုဝန်ကြီးဌာနရဲ့ အကြီးမားဆုံးစိန်ခေါ်မှုကတော့ အများပြည်သူတွေ စိတ်ဝင်စားနေကြတဲ့ ကျွန်တော်တို့ဝန်ကြီးဌာနက အကောင်အထည်ဖော်ရတဲ့ သံမဏိစက်ရုံစီမံကိန်းတွေထဲက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)ရယ်၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်)ရယ် စက်မှုစီမံကိန်း နှစ်ခု အကောင်အထည်ဖော်မှုကိုပဲ တင်ပြရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးတွေကို ကာကွယ်ရေးဝန်ကြီးဌာနကနေ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ ကျွန်တော်တို့ဝန်ကြီးဌာနကို လွှဲပြောင်းရယူခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ရတဲ့ စက်မှုစီမံကိန်းတွေ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ ရင်းနှီးမြှုပ်နှံမှုပမာဏအလွန်ကြီးမားတဲ့အတွက် မိမိတို့နိုင်ငံဟာလည်း နိုင်ငံတော်ဘတ်ဂျက်ကို ဦးစားပေးပြီး ကဏ္ဍအလိုက်ခွဲဝေအသုံးပြုနေရတဲ့အခါမှာ မူလသတ်မှတ်ချက်အတိုင်း အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အခက်အခဲအချို့ရှိခဲ့ပါတယ်။ နှစ်စဉ်ရရှိတဲ့ ဘတ်ဂျက်ထဲကနေ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေရတာဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဖို့ ပြည်ပနိုင်ငံတွေနဲ့ စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိရတဲ့အခါမှာ စာချုပ်ပါ ကတိကဝတ်များအတိုင်း ပီသစွာအကောင်အထည်ဖော်နိုင်ရေးအတွက်ကလည်း အခက်အခဲအချို့ရှိနေပြန်ပါတယ်"ဟု ဆိုသည်။

### ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်

နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဖော်ဆောင်နေမှုများမှာ နိုင်ငံပိုင်စက်ရုံများအား ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ နည်းပညာနှင့် အရင်းအနှီးများ ထပ်မံထည့်ဝင်စေပြီး ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၈ ရုံရှိသည့်အနက် စက်ရုံ ၅၉ ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် စက်ရုံ ၁၇ ရုံအား စိတ်ဝင်စားမှု အဆိုပြုလွှာများတင်ပြရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထင်ရှားသိသာသည့်လုပ်ငန်းများအနေဖြင့် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်)အား Myanmar Conch Cement Co.,Ltd. နှင့် BOT စနစ်ဖြင့် အကျိုးတူပူးပေါင်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ အရည်အသွေးမြင့်မားသည့် ဘိလပ်မြေများကို တစ်ရက်လျှင် တန်ချိန် ငါးထောင်ထုတ်လုပ်လျက်ရှိပြီး အဖိုးနှုန်းချိုသာစွာဖြင့် လုပ်ငန်းခွင်အရောက် ပို့ဆောင်ပေးလျက်ရှိသည်။

### ယွန်း၊ ကနုတ်၊ ပန်းပုများဖြင့် ပေါင်းစပ်

မှန်စက်ရုံ (ကျောက်ဆည်)ကိုလည်း Myanmar International Glass Co,Ltd. နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် မှန်အမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိသည်။ စက်ရုံမှထွက်ရှိလာသည့် အရည်အသွေးမြင့်မှန်ကို အသုံးပြုပြီး မြန်မာမှုလက်ရာ ယွန်း၊ ကနုတ်၊ ပန်းပုများဖြင့် ပေါင်းစပ်ကာ မှန်စားပွဲနှင့် ပရိဘောဂများကိုလည်း Handmade အနေဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လိုအပ်မည့် ဘတ်စ်ကားများကို ကိုရီးယားနိုင်ငံ နည်းပညာနှင့် ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက "စက်မှုဝန်ကြီးဌာနအနေနဲ့ အစိုးရသစ် ပထမတစ်နှစ်အတွင်းမှာ ဝန်ကြီးဌာနမှာရှိတဲ့ စက်ရုံတွေအနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ထုတ်ကုန်တွေ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနဲ့ ဆန်းသစ်တီထွင်မှုကို ပြုလုပ်ခဲ့ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုကဏ္ဍအတွက် ကျွမ်းကျင်

အထူးကဏ္ဍ (ခ) သို့ »»


စက်မှုဝန်ကြီးဌာန အမှတ် (၂) သံမဏိစက်ရုံ(ပင်းပက်)ကို ဝေဟင်မှတွေ့မြင်ရစဉ်။



စက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)ကို တွေ့ရစဉ်။

### အေးခဲခြောက်ပုံစံ

ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များတိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် အိမ်သုံးဆေးဝါးအမျိုးမျိုးကို တိုးမြှင့်ထုတ်လုပ်လျက်ရှိပြီး ပြည်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန အရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရေးအဆောက်အအုံကို ၂၀-၅-၂၀၁၆ ရက်နေ့တွင် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ လျှပ်စစ်မီးမရရှိသည့် ကျေးလက်ဒေသများတွင် သာမန်အခန်းအပူချိန်၌ ဆေးသက်တမ်း ငါးနှစ်အထိ ထားရှိနိုင်သော အေးခဲခြောက်ပုံစံဖြင့် မြွေဆိပ်ဖြေဆေးများကို ထုတ်လုပ်နိုင်ခဲ့သည်။

ထိုးဆေးအမျိုးအစား ၁၀ မျိုးကို တစ်နှစ်လျှင် သန်း ၂၀ ထုတ်လုပ်နိုင်မည့် Small Volume Production Plant နှင့် တစ်နှစ်လျှင် ငါးသန်း ထုတ်လုပ်နိုင်မည့် Cephalporin Injection Plant တို့ကို ၁၈-၂-၂၀၁၇ ရက်နေ့တွင် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပြည်သူလူထုအတွက် လိုအပ်သည့် ဆေးဝါးများကို ထပ်မံတိုးချဲ့ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အထည်အလိပ်ထုတ်ကုန်များ ဈေးကွက်ဝင် ထုတ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည့် အနံကြီးပိတ်များ ထုတ်လုပ်ပေးနိုင်သည့် ရက်ကန်းစက်များကို ပြုပြင်တီထွင်နိုင်ခဲ့သည်။ ယခင်က အနံ ၄၈ လက်မသာ ထုတ်လုပ်ပေးနိုင်သည့် ရက်ကန်းစက်များကို အနံချဲ့ရန်၊ ဒီဇိုင်းပုံစံထုတ်ခြင်း၊ လိုအပ်သည့် စက်အစိတ်အပိုင်းများအား မွမ်းမံခြင်း၊ အသစ်တီထွင်၍ အစားထိုးလဲလှယ်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အနံ ၁၇ လက်မတိုးပြီး ၆၅ လက်မအထိ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။

### တီထွင်ပြုပြင်ပြောင်းလဲ

ပထမအဆင့်အနေဖြင့် ရက်ကန်းစက်အလုံး ၅၀ ကို တီထွင်ပြုပြင်ပြောင်းလဲလျက်ရှိပြီး ဈေးကွက်ဝင် ရှပ်အင်္ကျီအနံကြီးပိတ်များ

**အထူးကဏ္ဍ (ဂ) သို့ »»**

**အထူးကဏ္ဍ (က) မှ »»**
လုပ်သားများမွေးထုတ်ပေးရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေထဲက ပြည်သူလူထုအတွက် အထိရောက်ဆုံးနဲ့ အောင်မြင်မှုအရှိဆုံးတစ်ခုကို ရွေးထုတ်တင်ပြရမယ်ဆိုရင် ကျန်းမာရေးကဏ္ဍအတွက် ပံ့ပိုးပေးနိုင်ခဲ့မှုကို ဦးစားပေးတင်ပြရမှာဖြစ်ပါတယ်”ဟု ပြောသည်။

### အရည်အသွေး ထိန်းသိမ်း

ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် စက်မှုဝန်ကြီးဌာန၏ ဆေးဝါးစက်ရုံများတွင် ကုန်ကြမ်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်အပူချိန်၊ စိုထိုင်းဆများအတိုင်း ထိန်းညှိသိုလှောင်ထိန်းသိမ်းခြင်း Good Storage Practice (GSP)၊ ကောင်းမွန်သည့် ထုတ်လုပ်မှုစနစ် Good Manufacturing Process (GMP) နှင့်အညီ ထုတ်လုပ်ခြင်း စသည့် အရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို တိတိကျကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထုတ်လုပ်ပြီး ကုန်ချောများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများသို့ တိုက်ရိုက်ဖြန့်ဖြူးပို့ဆောင်ပေးလျက်ရှိသည်။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း ဈေးကွက်ထဲတွင် ရောက်ရှိနေသည့် BPI အမှတ်တံဆိပ်ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း ရှာဖွေစစ်ဆေး၊ အရေးယူမှုများ ပြုလုပ်ခဲ့သည်။ BPI တံဆိပ်ဆေးဝါးအတု ၄၄ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၉၈ မျိုးနှင့် သံသယဖြစ်ဖွယ်ဆေးဝါး ၂၁ မျိုးကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းစစ်ဆေးအရေးယူခြင်း၊ ဆေးဝါးအတုများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

### ဆေးဝါးအမယ်သစ် ၁၂ မျိုး

သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ပြီး ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံများအနေဖြင့် အစိုးရသစ်တာဝန်ယူသည့် ပထမနှစ်အတွင်း ဆေးဝါးအမယ်သစ် ၁၂ မျိုးကို စမ်းသပ်ထုတ်လုပ်ခဲ့သည်။ သို့၏ သွေးအရည်ကြည်မှ ထုတ်လုပ်သည့် မြွေပွေးအဆိပ်ဖြေဆေးကို စမ်းသပ်စစ်ဆေးမှုများအောင်မြင်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) ခွင့်ပြုချက်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ FDA မှ ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားဆဲ ဆေးလေးမျိုးရှိပြီး Stability Test စမ်းသပ်ဆဲဆေး ခုနစ်မျိုးရှိသည်။ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှုသက်သာစေသော ဆေးဖြစ်သည့် Morphine Sulfate Syrup နှင့် Morphine Sulfate Tablet ကိုလည်း Stability Test စမ်းသပ်နေပြီး HIV နှင့် Hepatitis B ရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir (300 mg) ဆေးအသစ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

“အခုလို ဆေးဝါးများကို စံချိန်စံညွှန်းပြည့်မီစွာနဲ့ တိုးချဲ့ထုတ်လုပ်ရောင်းချပေးနိုင်ခဲ့တဲ့အတွက် တစ်ဖက်မှာ ပြည်သူလူထုရဲ့ ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့သလို ဝန်ကြီးဌာနအနေနဲ့လည်း ဝင်ငွေတိုးတက်ရရှိတဲ့အတွက် မြန်မာ့ဆေးဝါးလုပ်ငန်းက အရင်က အရှုံးအချို့နဲ့ ရင်ဆိုင်ရပေမယ့် အခုအချိန်မှာ အကျိုးအမြတ်ရရှိပြီး စီးပွားရေးအရ အောင်မြင်စွာ လည်ပတ်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောသည်။



စက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)တွင် သံမဏိထုတ်လုပ်နေသည်ကို တွေ့ရစဉ်။

အထူးကဏ္ဍ (ခ) မှ »»

ထုတ်လုပ်သွားရေးအတွက် ထုတ်လုပ်မှုလိုင်းများ ထပ်မံတိုးချဲ့ရေးကိုလည်း စီမံဆောင်ရွက်နေသည်။

ပြည်တွင်းတွင်လိုအပ်နေသည့် ဈေးကွက်ဝင် အဆင့်မြင့် ၁/၄၀ စီ ချည်ကို အိန္ဒိယ နည်းပညာဖြင့် ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး စမ်းသပ်ထုတ်လုပ်အောင်မြင်သည့်အတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

နိုင်ငံပိုင်ဆေးရုံများတွင် အသုံးပြုနိုင်ရန် ဆေးရုံသုံးခုတင်၊ ပရိဘောဂနှင့် ခွဲစိတ်ခန်းသုံး ပစ္စည်းများ Medical Grade နှင့်အညီ စတီးလ်ပစ္စည်းများဖြင့်ထုတ်လုပ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး Locker တွဲဆက်ထားသည့် ဆေးရုံသုံး ခုတင်နှင့် Medicine Cupboard တို့ကို စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ ဈေးကွက်ဝင် စတီးလ်ပိုက်များ၊ အိမ်သုံးစတီးလ်ပစ္စည်းများ၊ ပလတ်စတစ်ပုံးများနှင့် ပလတ်စတစ်ပစ္စည်းများ၊ ကုန်တင်ပို့ရာတွင် အသုံးပြုသည့် Plastic Pallet များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍအတွက် လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများကို တောင်သူများ၏ လိုအပ်ချက်နှင့်အညီ တီထွင်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။ ဖွဲ လယ်ထွန်စက်များ၏ Hydraulic System နှင့် Clutch ပိုင်းဆိုင်ရာများပြုပြင်ပြောင်းလဲခြင်း၊ ဧရာ(၁) လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များကို စွမ်းဆောင်မှုပိုမိုရရှိစေရန် တီထွင်မှုများပြုလုပ်ပြီး ဈေးကွက်တွင် ရောင်းချနိုင်ခဲ့သည်။

**၂၈၀ ဒသမ ၄၁၁ သန်း**

အရောင်းမြှင့်တင်ရေးလုပ်ငန်းများအတွက် လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများကို ကျေးရွာဒေသအသီးသီးသို့ နှစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် အရောက်ပို့ပြီး ရောင်းချခြင်း၊ အရောင်းပြခန်းများ၊ အရောင်းကိုယ်စားလှယ်များ ထားရှိရောင်းချခြင်း၊ After Sale Service ဆောင်ရွက်ပေးခြင်းတို့ဖြင့် အစိုးရသစ်လက်ထက်တွင် လယ်ယာသုံးပစ္စည်းတန်ဖိုး ငွေကျပ် ၂၈၀ ဒသမ ၄၁၁ သန်း ရောင်းချပေးနိုင်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံတွင် လာရောက် ကျင်းပသည့် နိုင်ငံတကာနည်းပညာပြပွဲနှင့် စက်မှုပြပွဲများတွင်လည်း စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်များကို ဝင်ရောက်ပြသရောင်းချခဲ့သည်။



အသည်းရောင်ရောဂါဆေးဝါးများ ထုပ်ပိုးနေသည်ကို တွေ့ရစဉ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ပညာသင်များနှင့် သူနာပြုများ ဝတ်ဆင်မည့် ဝတ်စုံအသစ်များကို ချုပ်လုပ်ပေးလျက်ရှိပြီး ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများအတွက် ကျောင်းစိမ်းလုံချည်များကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအနေဖြင့် စက်မှုဝန်ကြီးဌာနမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလတွင် ဥပဒေကို လည်းကောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နည်းဥပဒေကိုလည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကိုလည်း နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌတို့ဖြင့် ၂၀၁၆ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းထားပြီးဖြစ်သည်။

**ရင်းနှီးလည်ပတ်မှု အားကောင်း**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME )ကို ငွေကြေးအရင်းအနှီးရရှိစေရန် ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်၏ ချေးငွေဖြင့် လုပ်ငန်းရှင် ၄၅၆ ဦး၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ ဦးတို့အား ချေးငွေထောက်ပံ့ပေးနိုင်ခဲ့သည်။ ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလမှာ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော်အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှု အားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။

အပေါင်ပစ္စည်းမရှိသည့် လုပ်ငန်းများအတွက် ချေးငွေအာမခံလုပ်ငန်း Credit Guarantee Insurance-CGI စနစ်ဖြင့် ချေးငွေရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ CB Bank၊ မြန်မာ့အာမခံလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဌာနတို့ပူးပေါင်း၍ လုပ်ငန်းရှင် ၁၂ ဦးအား CGI စနစ်ဖြင့် ချေးငွေထုတ်ပေးနိုင်ခဲ့ပြီး ချေးငွေရရှိရေးအတွက် လုပ်ငန်းရှင် ၆၄၈ ဦးအား ထောက်ခံချက်ပေးပြီးဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် CB Bank တစ်ခုတည်းသာ CGI စနစ်ကို စတင်ကျင့်သုံးခဲ့သော်လည်း ကမ္ဘောဇဘဏ်နှင့် SMIDB ဘဏ်တို့က CGI စနစ်ကို ကျင့်သုံးလိုသဖြင့် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထိုင်းနိုင်ငံ KASIKORN Bank ကလည်း မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

**ဈေးကွက်ချဲ့ထွင်**

SME လုပ်ငန်းများကို နည်းပညာ၊ ဈေးကွက်ချဲ့ထွင်ရေး စသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကိုလည်း ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖွင့်လှစ်ပေးလျက်ရှိသည်။

"စက်မှုဝန်ကြီးဌာနအနေနဲ့ စက်မှုလုပ်ငန်းများနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ အားပေးမြှင့်တင်နေသလို အခြားတစ်ဖက်မှာလည်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနဲ့အတူ စက်မှုစွန့်ပစ်အညစ်အကြေးများကြောင့် ဖြစ်ပေါ်လာမယ့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဖို့အတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းပြီး ဓာတုဗေဒနဲ့ စက်မှုပစ္စည်းများ ထိန်းချုပ်ရေးလုပ်ငန်းများနဲ့ စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍမှာပါ တိုးချဲ့ဆောင်ရွက်သွားဖို့ရှိနေပါတယ်" ဟု ပြောသည်။

စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျလေ့ကျင့်ပျိုးထောင်ပေးမှုအနေဖြင့် ဝန်ကြီးဌာနကြီးကြပ်မှုအောက်၌ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းကို ဖွင့်လှစ်၍ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့်အပြင် ပြင်ပပညာရှင်များနှင့်ပူးပေါင်းပြီး ပြင်ပလုပ်ငန်းခွင်များတွင် လိုအပ်လျက်ရှိသည့် သင်တန်းများကိုလည်း လက်တွေ့ကျကျ သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standards Authority-NSSA)၏ Testing



မြွေဆိပ်ဖြေဆေးစက်ရုံကို တွေ့ရစဉ်။

အထူးကဏ္ဍ (ဃ) သို့ »»

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



စက်မှုဝန်ကြီးဌာန အမှတ် (၇) အထည်စက်ရုံ(မြစ်သား)၌ ဈေးကွက်ဝင် အဆင့်မြင့် ၁/၄၀ ချည် ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

**အထူးကဏ္ဍ (ဂ) မှ »»**

Center များအဖြစ် အသိအမှတ်ပြုလက်မှတ် ရရှိရေး ဆောင်ရွက်လျက်ရှိရာ အစိုးရသစ်ကာလအတွင်း Machine Tool Operator (Machinist)အတွက် အမှတ် (၁) စက်မှုသင်တန်းကျောင်း(ဆင်တဲ)အား လည်းကောင်း၊ Small Engine Mechanic အတွက် အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)အား လည်းကောင်း၊ Metal Arc Welding အတွက် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့အား လည်းကောင်း၊ Gas Welding အတွက် အမှတ် (၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့အားလည်းကောင်း NSSA ၏ အသိအမှတ်ပြု စစ်ဆေးရေးဌာန Testing Center များအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**နည်းပညာ လွှဲပြောင်း**

စက်မှုသင်တန်းကျောင်းများ အဆင့်မြှင့်တင်ရာတွင် စက်မှုသင်တန်းကျောင်း (ဆင်တဲ)ကို ဂျာမနီနိုင်ငံ GIZ နှင့် KfW အဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍ စံပြသင်တန်းကျောင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊ ဘာသာရပ်အသစ်များ တိုးချဲ့သင်ကြားရန် စက်ပစ္စည်းနှင့် နည်းပညာလွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စက်မှုနှင့် အသက်မွေးပညာရွေ့လျား သင်တန်း အစီအစဉ်များဖြင့် ကျေးလက်ဒေသများအရောက် သွားရောက်သင်ကြားပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ခဲ့သည်။ အလားတူ စက်မှုဇုန်များသို့လည်း သွားရောက်လေ့ကျင့် သင်ကြားပေးခဲ့ပြီး စက်မှုဇုန်လုပ်သားများ၏ ကျွမ်းကျင်မှု (Skill)ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

လယ်ယာသုံးစက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံ ဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှုလယ်ယာကဏ္ဍသို့ ပြောင်းလဲဖော်ဆောင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့အား နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့သည်။

**လုံခြုံစိတ်ချ**

ထိုအဖွဲ့အနေဖြင့် စက်ပစ္စည်းများအား စနစ်တကျ တပ်ဆင်အသုံးပြုထားခြင်း ရှိ/မရှိ သတ်မှတ်ထားသော ထုတ်လုပ်မှုနည်းစနစ်အတိုင်း သင့်လျော်သောစက်ပစ္စည်းများ အသုံးပြု၍ ထုတ်လုပ်ထားခြင်း ရှိ/မရှိနှင့် စံချိန်စံညွှန်းများအတိုင်း လုံခြုံစိတ်ချရ၍ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်မှု ရှိ/မရှိတို့ကို စနစ်တကျ စစ်ဆေးပြီးနောက် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိလျှင် စစ်ဆေးပြီး လယ်ယာသုံးယာဉ်နှင့် မော်တော်ယာဉ်များကို Certificate of Approval ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တာဝန်ယူပြီး တစ်နှစ်တာကာလအတွင်းတွင် ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင်ပစ္စည်းများထုတ်လုပ်နိုင်ရန် ဆန်းသစ်တီထွင်မှုများပြုလုပ်ခြင်း၊ ဈေးကွက်ရရှိရေးအတွက် Marketing အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကိုပြုလုပ်ခဲ့ပြီး ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ခဲ့ပြီး စက်မှုဆိုင်ရာ အသက်မွေးပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

**တီထွင်ဆန်းသစ်**

တီထွင်ဆန်းသစ်မှုလုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနလုပ်ငန်းများ အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းသည့် ဝန်ထမ်းများကို ရာထူးအဆင့်တိုးပေးခြင်း၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခြင်းတို့ဖြင့် ဝန်ထမ်းများ၏ တီထွင်ဖန်တီးလိုစိတ်၊ ကြိုးပမ်းဆောင်ရွက်လိုစိတ်များကို မြှင့်တင်ပေးခဲ့သည်။

ကာလရှည်ကြာ မပြေမလည်ဖြစ်နေသည့် ပလိတ်ချည်မျှင် အထည်စက်ရုံ၏ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ပဋိပက္ခကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# ပြည်သူ့ဝန်ကို အမှန်ထမ်းမည့် ပြည်သူ့ဝန်ထမ်းများဖြစ်စေရေး ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသော ပြည်ထောင်စုရာထူးဝန်အဖွဲ့

နန္ဒာဝင်း၊ကျော်သူထက်

"ပြည်သူ့ဝန်ထမ်းဆိုတာ ပြည်သူ့ဝန်ကို ထမ်းမယ့်သူ၊ ပြည်သူတွေရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးမယ့်သူမျိုး ဖြစ်ရမယ်"ဟု ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ယုံကြည်ထားသည်။

**စတင်ပျိုးထောင်**

ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများ ပြည်သူကို ဝန်ဆောင်မှုပေးရာတွင် အရည်အသွေးရှိရန်၊ ပြည်သူ၏လိုအပ်ချက်ကို အမြန်ဆုံးဝန်ဆောင်မှုပေးနိုင်ရန်၊ လိုအပ်ချက်ကို မဆိုင်းမတွ လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရန်၊ ဝန်ဆောင်မှုပေးရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ရည်မှန်းချက်ထားကာ လေ့ကျင့်သင်ကြားမှုပုံစံအသစ်များနှင့် စတင်ပျိုးထောင်နေပြီဖြစ်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အတွက် ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အထောက်အကူပြုခြင်း



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း

စသည့် လုပ်ငန်းရပ်များကို ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။

**နိုင်ငံတကာနှင့်အညီ**

အစိုးရသစ်သက်တမ်း ပထမတစ်နှစ်တာကာလအတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ လေ့ကျင့်သင်ကြားပေးနေမှုပုံစံကို နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ ပြောင်းလဲခြင်း၊ ခေတ်စနစ်နှင့် မလျော်ညီတော့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်နိုင်ခြင်း၊ နည်းဥပဒေများ ပြင်ဆင်ထုတ်ပြန်နိုင်ရန် ဆောင်ရွက်ခြင်း၊ အရာထမ်းများ ရွေးချယ်ပေးရာတွင် ပြည်သူ့တာဝန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ကို အခြေခံသည့် မေးခွန်းပုံစံများ ပြောင်းလဲမေးမြန်းရွေးချယ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက်ရေးဆွဲရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများသည် ထင်သာမြင်သာသည့် ပြုပြင်ပြောင်းလဲမှုများဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ဆိုသည်။

ထို့ပြင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများအတိုင်း အဖွဲ့အစည်း၏ ရည်မှန်းချက်များကို ပြည်သူနှင့်အတူလက်တွဲ၍ အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ရန် "နိုင်ငံတော်တည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်း လက်တွဲပြု"ဟူသော ဆောင်ပုဒ်အသစ်ကိုလည်း ချမှတ်ထားကြောင်း သိရသည်။

**ပညာဌာန ခုနစ်ခု**

အစိုးရသစ်သက်တမ်း ပထမဆုံး ရက်(၁၀၀)အတွင်းမှာပင် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လေ့ကျင့်သင်ကြားပေးနေသော ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ သင်ကြားမှုပုံစံကိုလည်း နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ ပြောင်းလဲရာတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ယခင်ဖွဲ့စည်းထားရှိသည့် ပညာရပ်ဌာန ခြောက်ခုအနက် စစ်ပညာဌာနကိုချန်လှပ်ပြီး စီမံခန့်ခွဲမှုပညာဌာန၊ စီးပွားရေး၊ နိုင်ငံရေးသိပ္ပံ၊ လူမှုရေးသိပ္ပံ၊ ဥပဒေစသည့် ပညာရပ်ဌာန ငါးခုအပြင် အင်္ဂလိပ်စာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနများကိုလည်း ထပ်တိုး၍ စုစုပေါင်း ပညာဌာန ခုနစ်ခုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

"ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ အခြေခံစစ်ပညာ မသင်တော့ပါဘူး။ စစ်ပညာပို့ချချိန်တွေကို စာပေပညာဘာသာရပ်ပို့ချချိန်တွေနဲ့ အစားထိုးလိုက်တာဖြစ်ပါတယ်"ဟု ဒေါက်တာဝင်းသိမ်းက ပြောကြားသည်။

**ပိုမိုခံယူကျင့်သုံး**

ပြည်သူ့ဝန်ထမ်းများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်ရေးအတွက်ကိုလည်း ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အဓိကစံတန်ဖိုးများဖြစ်သည့် ရိုးသားခြင်း(Honesty)၊ ဖြောင့်မတ်သမာဓိရှိခြင်း(Integrity)၊ ဓမ္မဓိဋ္ဌာန်ကျစွာ

**အထူးကဏ္ဍ (စ) သို့ »»**




မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ပတ္တမြားခန်းမကို တွေ့ရစဉ်။

အထူးကဏ္ဍ (င) မှ »»
ပြုမူခြင်း(Objectivity)၊ ဘက်မလိုက်ခြင်း (Impartiality)များကို ပိုမိုခံယူကျင့်သုံး တန်ဖိုးထားတတ်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း သိရသည်။

**ပုဂ္ဂလိကဝန်ထမ်းများကိုပါ လေ့ကျင့်သင်ကြား**

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သမိုင်းမှတ်တိုင်သစ်တစ်ခုအဖြစ် ပြီးခဲ့သည့် ဇန်နဝါရီ ၂ ရက်တွင် ဇဟိုဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)နှင့် (အထက်မြန်မာပြည်)တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) တစ်ပြိုင်တည်း အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများသာမက ပုဂ္ဂလိကဝန်ထမ်းများကိုပါ လက်ခံလေ့ကျင့်သင်ကြားပေးခဲ့သည်။

"ဒီလို နိုင်ငံ့ဝန်ထမ်းတွေနဲ့အတူ ပုဂ္ဂလိကဝန်ထမ်းတွေကိုပါ လက်ခံသင်ကြားပေးတဲ့အတွက် ဝန်ထမ်းတွေအချင်းချင်း အတွေ့အကြုံကောင်းတွေ ဖလှယ်နိုင်မယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှု ပိုမိုလာနိုင်မယ်။ ပုဂ္ဂလိကကဏ္ဍရဲ့ ဆန်းသစ်မှုတွေကိုရလာပြီး ပြည်သူတွေကိုဝန်ဆောင်မှုပေးရာမှာ ပိုမိုသစ်လွင်ကောင်းမွန်တဲ့ နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်တီထွင်နိုင်လာမယ်။ ပြည်သူပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍအကြားမှာ တာဝန်ဝတ္တရားတွေကို ပွင့်လင်းမြင်သာစွာ ပိုင်းခြားဆောင်ရွက်နိုင်လာမယ်ဆိုတဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်တယ်"ဟု ဒေါက်တာဝင်းသိမ်းက ဆိုသည်။

ပြည်သူ့ဝန်ထမ်း အကယ်ဒမီနှင့်အတူ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ် (၁) (Post-Graduate Diploma in Civil Service Management (PGDCSM) ကို စတင်ဖွင့်လှစ်ပို့ချနိုင်ခဲ့ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်သည်။

**မဟာဘွဲ့သင်တန်း**

ဆက်လက်၍လည်း ၂၀၁၈ ခုနှစ် ဇွန်လတွင် အဆင့်မြင့်ဒီပလိုမာသင်တန်း (Advanced Diploma)နှင့် မဟာဘွဲ့သင်တန်း (Master Degree) ဖွင့်လှစ်နိုင်ရန် ဆက်လက်စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်မှာ ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိတဲ့ အဆင့်မြင့်အရာရှိကြီးတွေအတွက် နိုင်ငံ့ဝန်ထမ်းခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ မဟာဘွဲ့ (Master of Leadership in Civil Service) သင်တန်းကို စတင်ဖွင့်လှစ်နိုင်ဖို့နဲ့ ၂၀၁၉ ခုနှစ်မှာ မဟာဘွဲ့ချီးမြှင့်ပေးအပ်နိုင်ဖို့ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အစိုးရသစ်သက်တမ်း ပထမတစ်နှစ်တာကာလအတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များတွင် နောက်ထပ်ပြုပြင်ပြောင်းလဲမှုတစ်ခုမှာ ခေတ်စနစ်နှင့်မလျော်ညီတော့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို လွှတ်တော်သို့တင်သွင်းပြီး ပြင်ဆင်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ပုဒ်မပေါင်း ၂၀ ကို ပြင်ဆင်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၉ ရက်တွင် နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေအဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့သည်။

**အသက်ကန့်သတ်ထားမှု ပယ်ဖျက်**

ထိုကဲ့သို့ ပြင်ဆင်နိုင်သည့်အတွက် ဝန်ထမ်း၏ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားမှုအပေါ် မူတည်၍ ရာထူးတိုးမြှင့်ခံစားပိုင်ခွင့်ရှိကြောင်း ပွင့်လင်းမြင်သာစွာ သိရှိလာစေခြင်း၊ ပင်စင်ခံစားရာတွင် နိုင်ငံတော်အတွက် လုပ်သက်နှစ် (၃၀)ကာလအထိ တာဝန်ကျေပွန်စွာဖြင့် ထမ်းရွက်ပေးခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများအား (၅၅)နှစ်ပြည့်ပြီးသူဖြစ်ရမည်ဟူသော အသက်ကန့်သတ်ထားမှုကို ပယ်ဖျက်ခဲ့သဖြင့် ၎င်းတို့မိသားစု

အထူးကဏ္ဍ (ဆ) သို့ »»

**အစိုးရသစ်သက်တမ်း ပထမတစ်နှစ်တာကာလအတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များတွင် နောက်ထပ်ပြုပြင်ပြောင်းလဲမှုတစ်ခုမှာ ခေတ်စနစ်နှင့်မလျော်ညီတော့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို လွှတ်တော်သို့တင်သွင်းပြီး ပြင်ဆင်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ ပုဒ်မပေါင်း ၂၀ ကို ပြင်ဆင်ခဲ့ပြီး ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၉ ရက်တွင် နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေအဖြစ် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့**






ဒုတိယသမ္မတဦးမြင့်ဆွေ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ဘည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**အထူးကဏ္ဍ (စ) မှ »»**

များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အခြား လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိလာစေခြင်း စသည့် အကျိုးရလဒ်များ ခံစားရရှိနိုင်တော့မည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး**

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်နေပြီး ပြီးစီးပါက ရာထူးတိုးမြှင့်ခန့်ထားရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုရှင်းလင်းစွာဆောင်ရွက်လာနိုင်ခြင်း၊ လုပ်သက်ခွင့်ကို နှစ်လအထိ ဆက်လက်စုဆောင်းခွင့်ပြုမည်ဖြစ်သဖြင့် ဝန်ထမ်းများအနေဖြင့် ပြက္ခဒိန်နှစ်စတွင် လုပ်သက်ခွင့် ခံစားရန် အခက်အခဲမရှိနိုင်တော့ချေ။

ထို့ပြင် ဇနီးသည်ဝန်ထမ်းမဟုတ်သော အမျိုးသားဝန်ထမ်းများအတွက်လည်း ကလေးပြုစုစောင့်ရှောက်ခွင့် ရက်သတ္တနှစ်ပတ်ကို အခြားအမျိုးသားဝန်ထမ်းများနည်းတူ ခံစားခွင့်ရှိလာနိုင်ခြင်း၊ ဒေသစရိတ်ခံစားခွင့်ရှိသော ဒေသများကို ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းပေါ် မူတည်၍ ပြင်ဆင်သတ်မှတ်နိုင်စေရန် စကားရပ်ပြင်ဆင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက အလွယ်တကူဆောင်ရွက်လာနိုင်ခြင်း၊ ဝန်ထမ်းများအားအကဲဖြတ်မှတ်တမ်းရေးခြင်း၊ တန်းစီဇယားများရေးဆွဲခြင်းပုံစံများထည့်သွင်းသတ်မှတ်ပေးခြင်းဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအားလုံး တစ်ပြေးညီလိုက်နာကျင့်သုံးဆောင်ရွက်လာနိုင်ခြင်း စသည့် အကျိုးရလဒ်များလည်း ခံစားရရှိနိုင်တော့မည်ဖြစ်သည်။

"ရာထူးတိုးမြှင့်ခန့်ထားဖို့ အကဲဖြတ်အမှတ်ပေးရာမှာလည်း တစ်ပြေးညီ လိုက်နာကျင့်သုံးဖို့ အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါတယ်။ ဝန်ထမ်းကျင့်ဝတ်စာစောင်အသစ်ပုံနှိပ်ပြီး နိုင်ငံ့ဝန်ထမ်းတွေထံကို အခမဲ့ဖြန့်ဝေနိုင်ဖို့နဲ့ ပြင်ဆင်ဖြည့်စွက်နိုင်ဖို့၊ အစားထိုးပြဋ္ဌာန်းဖို့လိုအပ်လာတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်ဖို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဒေါက်တာဝင်းသိမ်းက ပြောသည်။

**ရွေးချယ်မှုပုံစံပြောင်းလဲ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်တမ်းဝင်အရာရှိများနှင့် အဖွဲ့အစည်းအသီးသီးတွင် လိုအပ်သည့် အရာထမ်း၊ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေးတွင်လည်း ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သည်။

"နိုင်ငံ့ဝန်ထမ်းတွေ၊ အဖွဲ့အစည်း အသီးသီးမှာ လိုအပ်တဲ့အရာထမ်းတွေ ရွေးချယ်ရာမှာ အရင် မေးခွန်းပုံစံအစား(Civil Service) ပြည်သူ့တာဝန်ထမ်းဆောင်လိုတဲ့ စိတ်ဓာတ်ကို အခြေခံတဲ့မေးခွန်း Question Type, Pattern တွေနဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သုတရေးရာ ဘာသာရပ်မေးခွန်းတွေ ပြောင်းလဲမေးမြန်းပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံ့ဝန်ထမ်းများ၏ အရည်အချင်းကိုလိုက်၍ ချီးမြှင့်မြှောက်စားရေးနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ကျင့်ဝတ်သိက္ခာမြှင့်မားရေးတို့အတွက် လေ့ကျင့်ရာတွင် ယခင် Semi-Regimental Training Approach မှ Education and Competency Training Approach သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေဖြင့် **နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေးအတွက်** နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်ပြီး နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက်ရေးဆွဲနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**အကြံဉာဏ်များ ရယူ**

ဆောင်ရွက်ရမည့် လုပ်ငန်းများသည် ကျယ်ပြန့်သည့်အတွက် EU(GOPA)၊ Hanns Seidel Foundation၊ UNDP၊ United Nation International Training and Research (UNITAR)အဖွဲ့များနှင့် ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများကျင်းပကာ အကြံဉာဏ်များရယူခဲ့ကြောင်း သိရသည်။

**အထူးကဏ္ဍ (ဇ) သို့ »»**




နေပြည်တော်တွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြှောက်စားမှုနှင့် တန်းတူအခွင့်အရေးရရှိမှုများ တိုးတက်စေရန် စိတ်အားထက်သန်တက်ကြွမှုကို အားပေးခြင်းဆိုင်ရာ အသိပညာမျှဝေမှုဖိုရပ်တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

နိုင်ငံတော်အစိုးရ၏
ကြေးမုံ အထူးကဏ္ဍ
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်များ၏ တက္ကသိုလ်ပညာရပ်အဖွဲ့၊ တက္ကသိုလ်အကြံပေးအဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**အထူးကဏ္ဍ (ဆ) မှ »»**

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချလျက်ရှိသော ပုံမှန်သင်တန်းများနှင့် ဘာသာရပ်ပို့ချချက်များအပေါ် ပြန်လည်သုံးသပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ မြန်မာနိုင်ငံ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲရေး အကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဆိုင်ရာ အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေး သတ်မှတ်ချက် မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအတွက် ပြန်လည်သုံးသပ်သည့် ဒုတိယအကြိမ်မြောက် အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပခဲ့သည်။

ထို့ပြင် ပြည်သူ့ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးသတ်မှတ်ချက်မူဘောင်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးအတွက် ပြန်လည်သုံးသပ်သည့် တတိယအကြိမ်မြောက် အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းကဏ္ဍတွင် ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြောက်စားမှုနှင့် တန်းတူအခွင့်အရေးရရှိမှုများ တိုးတက်စေရန် စိတ်အားထက်သန်တက်ကြွမှုကို အားပေးခြင်းဆိုင်ရာ အသိပညာမျှဝေမှုဖိုရမ်၊ အာဆီယံနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသည့် ပြည်သူ့ဝန်ထမ်းများ၏ ကျင့်ဝတ်၊ တန်းတူညီမျှ အခွင့်အရေးနှင့် အရည်အချင်းအပေါ် မူတည်၍ တာဝန်ပေးအပ်ခြင်းဆိုင်ရာ အမြင်ချင်းဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ ခေါင်းဆောင်မှု စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းများ၌ ပို့ချလျက်ရှိသည့် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ သုံးသပ်တွေ့ရှိချက်များကို ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ တစ်နှစ်တာကာလအပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက်ထုတ်ပြန်နိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအား ပြန်လည်သုံးသပ်ရေး၊ ASEAN Cooperation on Civil Service Matters-ACCSM အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား ဖိတ်ကြား၍ Public Service Motivation အလုပ်ရုံဆွေးနွေးပွဲကျင်းပရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ သင်တန်း ဆရာဆရာမများအတွက် လေ့ကျင့်သင်ကြားရေးသင်တန်း (Training of Trainers) ဖွင့်လှစ်နိုင်ရေးတို့ ပါဝင်သည်။

ထို့ပြင် အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်အဆင့် အရာရှိကြီးများအတွက် ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ရက်တိုလေ့ကျင့်ရေးသင်တန်းကို ဖွင့်လှစ်ပို့ချနိုင်ရေး၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများ အကြိမ်ရေတိုးချဲ့ဖွင့်လှစ်ရေး၊ နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးတိုးတက်နိုင်စေရေးအတွက် KOICA ဘက်မှ အကူအညီပေးနိုင်ရေး၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်မှစ၍ နေပြည်တော်၌ အလယ်အလတ် အဆင့်အရာထမ်းများ၊ အဆင့်မြင့်အရာထမ်းများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် အမြဲတမ်းအတွင်းဝန်တို့အား ကာလတိုသင်တန်း (Short Term Training Course)များဖွင့်လှစ်ပြီး Public Policy၊ Public Management နှင့် Public Administration ဘာသာရပ်များကိုဆွေးနွေးပို့ချနိုင်ရေး၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအတွက် ခေါင်းဆောင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုသင်တန်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းများ ပို့ချလေ့ကျင့်ပေးရေးကိစ္စရပ်များကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်သူအားကိုးရသည့်**
**ဝန်ထမ်းကောင်းများ**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်များကို ကြည့်မည်ဆိုပါက နိုင်ငံ့ဝန်ထမ်းကောင်းများ မွေးထုတ်ပေးနိုင်ရန်၊ ပြည်သူများအားကိုးရသော စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းများဖြစ်ရန်၊ ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များကို ဥပဒေနှင့်အညီ ရရှိနိုင်ရန်၊ ပြည်သူကို ဝန်ဆောင်မှုပေးသည့်အခါ မှန်ကန်၊ တိကျ၊ မြန်ဆန်ရန်၊ နိုင်ငံ့ဝန်ထမ်းများ၏ ရိုးဖြောင့်မှု၊ တာဝန်ခံမှုနှင့် ကျင့်ဝတ်သိက္ခာများ မြင့်မားလာရန်နှင့် ပြည်သူဗဟိုပြု ချဉ်းကပ်လုပ်ဆောင်မှု အလေ့အထများဖြစ်ပေါ်လာစေရန်ဆိုသည့် ရည်မှန်းချက်ကောင်းများပါဝင်နေကြောင်း တွေ့ရသည်။

ထိုသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရည်မှန်းချက်ကောင်းများ၊ ပြည်သူဗဟိုပြု လေ့ကျင့်ပျိုးထောင်ပေးမှုများကြောင့် နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်ကို ထမ်းဆောင်ကြမည့် ဝန်ထမ်းများသည် ပြည်သူများ မျှော်လင့်တောင့်တနေသလို ဝန်ဆောင်မှုများပေးနိုင်ရန် လိုအပ်လှသည်။

**ယုံကြည်**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းကတော့ ၎င်းယုံကြည်ထားသည့်အတိုင်း "ပြည်သူကို ဝန်ဆောင်မှုပေးရမယ့် ပြည်သူ့ဝန်ထမ်းတွေမှာ ပြည်သူ့တာဝန်ထမ်းဆောင်လိုစိတ်မရှိရင် ပြည်သူတွေ စိတ်ညစ်ရမှာဖြစ်ပါတယ်"ဟု ပြောကြားရင်း ပြည်သူ့ဝန်ကို အမှန်ထမ်းမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာရန် ပျိုးထောင်နိုင်ရေးကို ပုံဖော်ရင်းဖြင့် . . .။ ။



အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၈) တွင် ပြည်ပပညာရှင်တစ်ဦးက ပို့ချဆွေးနွေးစဉ်။

မာတလိ Mar 24,31, Apr 7,13,18
ထားဝယ်၊ ထီးခီး၊ ကန်ချနာဘူရီ၊ အာယုဒ္ဓယမြို့ဟောင်း (သီးသန့်ခရီးစဉ်)
VIP
Ph - 09 777459075, 09 782868099

ODYSSEY
ဘာလီ–စင်္ကာပူ
$ 1399 (စားရိတ်ငြိမ်း)
16-23 April (၇ည/၈ရက်)
01-246337,246338,392870







## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀×၃၁ လမ်းကြား၊ ၇၂ လမ်း×၇၃ လမ်းကြားရှိ ၂၂-၃-၂၀၁၆ ရက်တွင် မီးလောင်ကျွမ်းခဲ့သော မင်္ဂလာဈေး RC(၄)ထပ်ဈေးအဆောက်အအုံဖျက်သိမ်းရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) တင်ဒါစတင်ရောင်းချမည့်ရက် - ၁၅-၃-၂၀၁၇ ရက်
(ခ) တင်ဒါပိတ်မည့်ရက် - ၅-၄-၂၀၁၇ ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ
(ဃ) တင်ဒါတစ်စုံရောင်းဈေးနှုန်း - ၁၀၀၀၀ိ/-

၂။ တင်ဒါလျှောက်လွှာတင်သွင်းလိုသူများသည် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း- ၀၂-၆၀၂၅၂၊ ၀၂-၃၆၁၇၁ (လိုင်းခွဲ-၁၆၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန**

## မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ယာဉ်စက်ယန္တရားများအား မြန်မာကျပ်ငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | Dump Truck(Skat & Lifan) | (၁၄)စီး |
| (ခ) | Backhoe (၃ တန်/၃. ၅ တန်) | (၁)စီး |
| (ဂ) | ရေပုပ်စုပ်ယာဉ် (ဒေါင်ဖန်း) | (၁)စီး |

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၄-၃-၂၀၁၇ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၄း၃၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ၁၇-၃-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**
**ပြည်တော်သာလမ်း၊ မကွေးမြို့။**
**ဖုန်း-၀၆၃-၂၆၂၅၃၊ ၀၆၃-၂၆၃၉၈**
**E-mail-magway.dda@gmail.com**

အောင်နိုင်သူ မဟာဓိန် ကုမ္ပဏီလီမိတက်
Winner Super Diamond Pile Co., Ltd.
W.S.D Group



W.S.D Pile
Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com
Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507




**အောက်ဈေးဖြင့် လုံးချင်းတိုက်ရောင်းမည်။**
သုဝဏ္ဏ၊ VIP 2 ၊ ဗိုလ်ချုပ်ရွာ၊ နှင်းဆီဝါလမ်း၊(ကမာကြည်တံတားနှင့်တောင်ထိပ်ပန်းလမ်းအနီး)၊(80'x60')ထောင့်ကွက်နှစ်ထပ် RCတိုက်၊အိပ်ခန်း၅ ခန်း၊ ကျွန်းပါကေး၊ကြွေပြားခင်း/ကပ်၊ ပြင်ဆင်ပြီး၊ ဂရန် အမည်ပေါက်
(80'x60')တစ်ခြံလုံး သိန်း(7400)၊
(40'x60')တစ်ခြမ်းအိမ်ပါ သိန်း(4900)၊
(40'x60')တစ်ခြမ်းအိမ်မပါ၊ထောင့်ကွက် သိန်း(3900)။
(ပွဲစားမလို/ ကြော်ငြာကမ်းလှမ်းရန်မလို)
**Ph:09-5140630, 09-785140630**

**" လုံးချင်း/မြေကွက် အမြန်ရောင်းမည် "** (ပွဲစားမလို)

| | | | |
|---|---|---|---|
| ၁။ဗဟန်း၊ရွှေဂုံတိုင်လမ်းအနီး | (55x110) | မြေ | 1Sqft-2.5L |
| ၂။မရမ်းကုန်း၊ပြည်လမ်းနီး | (78x78) | 2RC | 18000L |
| ၃။ဗဟန်း၊အင်းယားမြိုင် | (94x55) | မြေ | 15500L |
| ၄။ကမာရွတ်၊ပြည်လမ်းသွယ် | (50x50) | 3RC | 11500L |
| ၅။အောင်သိဒ္ဓိရိပ်သာ | (80x80) | မြေ | 10000L |
| ၆။သဃက၊သီရိရတနာရိပ်သာ | (30x80) | 1RC | 4900L |
| ၇။မ/ဒဂုံ၊ပြည်ထောင်စုလမ်းမ | (40x60) | မြေ | 2000L |

01 510600, 09 5173690, 09 5185534, 09 5040160

